www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၂၁၉၁၀၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၄၀၁၁၁၀၈

ပုံနှိပ်ခြင်း - ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ။
ပထမအကြိမ်။


အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀ ကျပ်

အဖုံးဒီဇိုင်း - ဘိုဘိုထွန်း

ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်။

ထုတ်ဝေသူ - ဒေါ်မိုးသီတာ (မိုးမိုးစာပေ)
(မြ-၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။




www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်၏ စာဖတ်ပရိသတ်အားလုံး ရေလိုအေးပြီး ပန်းလို မွှေးကြပါစေ။

ဤဇာတ်လမ်းတွင် "နှယ်တံခွန်" သည် အိပ်မက်ဆန်ဆန် အငွေ့အသက်ရနေသော ပုံဖြင့် ဆန်းဆန်းပြားပြား ရေးဖွဲ့ထားခြင်းသည် စာရေးသူ၏ စိတ်ကူးသက်သက် ဖြစ်ပါသည်။

စာဖတ်ပရိသတ်အား ပုံစံသစ်တစ်မျိုး ရသသစ်တစ်မျိုးပေးစွမ်းတင် ဆက်ခြင်းသာ ဖြစ်ပါသည်။

စာဖတ်ပရိသတ်၏မေတ္တာခိုမှ

ပန်းမိုး



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

တစ်ခုသော နေ့တစ်နေ့။

ထိုနေ့က မှတ်မှတ်ရရ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ (၈) ရက် တနင်္ဂနွေနေ့။

မနက်စောစော အိပ်ရာကနိုးလာတော့ နံဘေးမှာ မောင်မရှိ။ မောင် ဘယ်အချိန်က ထသွားသည်မသိ။

နွယ်တံခွန်က အသာအယာထထိုင်ကာ အပျင်းဆန့်လိုက်ပြီး ပြတင်းပေါက်ကိုဖြတ်ကာ ဝရန်တာဆီ လှမ်းကြည့်မိ၏။ ဝရန်တာမှာ မောင်က ခါတိုင်းလိုပဲ မတ်တပ်ရပ်ကာနေ၏။ မနက်စောစော အိပ်ရာကနိုးလာလျှင် ဝရန်တာမှာထွက်ရပ်ကာ နံနက်ခင်းလေလတ်လတ်ဆတ်ဆတ်ကို တစ်ဝအကြာကြီး ရှူတတ်သည်။ အဲဒါ မောင့်အကျင့်ပါ။ နွယ်တံခွန်က သိထားပြီးသား။



www.burmeseclassic.com

www.burmeseclassic.com



မောင်ရှိရာ ခြေသံဖွဖွနင်းလျှောက်လာပြီး နောက်ကနေ မောင့်ခါးကို ဖက်ထားရင်း မောင့်ကျောပြင်မှာ ပါးအပ်ကာ ငြိမ်နေမိ၏။ မောင်က နှယ်တံခွန်၏ လက်ဖမိုးလေးကို ဖွဖွဆုပ်ထားရင်း…

"နိုးပြီလား"ဟု မေးလာ၏။

"အင်း…နိုးပြီမောင်"

"မောင်တို့ အပြင်ထွက် မုန့်စားကြတာပေါ့"

မောင်က နှယ်တံခွန့်ကို တိုင်ပင်သည်။

"ကောင်းသားပဲမောင်"

"ဒီနေ့ နှယ်တံခွန်လေးကို မောင့်သူငယ်ချင်းတစ်ယောက်နဲ့ မိတ်ဆက်ပေးမယ်"

"အင်း"

"သူက နိုင်ငံခြားမှာအလုပ်သွားလုပ်နေတာ၊ အခုမှပြန်ရောက်လာတာ၊ သူနဲ့မောင်က အရမ်းခင်တယ်"

"အင်း"

"သူ့နာမည်က သိမ်းပိုက်တဲ့"





မောင့်စကားကြောင့် နှယ်တံခွန် ဆတ်ခနဲ ဖြစ်ရသည်။

သည်နာမည်ကို တရင်းတနှီး သိနေသလိုလိုနှင့် တစ်ခါမှလည်း မသိခဲ့ပါလား။

အသိမိတ်ဆွေထဲမှာ သည်နာမည်မျိုး မရှိတာ သေချာလျက် စိတ်ထဲမှာတော့ သည်နာမည်ကို သိကာနေပါသည်။

ဒါ ဘယ်လိုဖြစ်ရတာလဲ။

မောင်က နှယ်တံခွန်၏ ကိုယ်လေးကို ဖက်ထွေးကာ ပါးပြင်လေးကို နမ်းရှိုက်ပြီး ရေချိုးခန်းဝင်သွား၏။

ဖုန်းသံမြည်လာတော့ နှယ်တံခွန်က မွေ့ရာပေါ် ပြန်ထိုင်ချပြီး မေမေနှင့် ဖုန်းပြောသည်။

"မေမေ…ဂွတ်ဒ်မောနင်း"

"အင်း…သမီးလေး ဒီနေ့လာမလား"

စနေ၊ တနင်္ဂနွေဆို မေမေတို့အိမ် သွားနေကြမို့ မေမေက မေးပါသည်။ မေမေနှင့် ဖေဖေက နှယ်တံခွန်ကို အရမ်းချစ်သည်။ မောင်လေးကြယ်တံခွန်ကိုလည်း ချစ်တာပါပဲ။ ညီမငယ်လေး



www.burmeseclassic.com

www.burmeseclassic.com



'မေတံခွန်'နှင့် 'ခင်တံခွန်'ကိုလည်း ချစ်တာပါပဲ။

နွယ်တံခွန်က မောင်နှမငါးယောက်ရှိသည်။ ကိုကိုကြီး နေတံခွန်က တာဝန်ကျရာနယ်ကို သွားနေရသည်။ နွယ်တံခွန်ဆီ တစ်ပတ်တစ်ခါလောက်တော့ ဖုန်းဆက်စမြဲ။

"ဒီနေ့ လာဖြစ်မလားမသိသေးဘူး မေမေ"

"သမီးတို့ ကြည်ဖြူတို့အိမ် သွားမလို့လား"

ကြည်ဖြူဆိုတာက မေမေ့သူငယ်ချင်း မောင့်မေမေပါ။

"ဟင့်အင်း...မသွားပါဘူး"

မောင့်မိဘတွေကလည်း နွယ်တံခွန်ကို ချစ်ကြပါသည်။ အခုထက်ထိတော့ မိသားစုနှစ်စုကြားမှာ ဘာပြဿနာမှ မရှိ။ ပကတိ ပြေလည်အေးချမ်းစွာ။

"လာရင်လည်း ညနေပိုင်းရောက်မယ် မေမေ"

"အင်း"

မေမေနှင့် ဖုန်းပြောပြီးမှ နွယ်တံခွန်က အဝတ်ဗီရိုရှေ့ကို လျှောက်သွားကာ မောင့်အတွက် အဝတ်အစားထုတ်ပေးထား၏။





မောင်က နွယ်တံခွန် ထုတ်ပေးထားတာ ကြေးမများဘဲ ဝတ်တတ်သူပါ။

ဟင်းဆိုလည်း နွယ်တံခွန် ချက်ထားတာနှင့် စားလိုက်တာပါပဲ။ မောင်က တခြားသူတွေလိုမဟုတ်။ နွယ်တံခွန်ကို ဘယ်တော့မှ ဂျစ်မတိုက်။ စိတ်ညစ်အောင်မလုပ်တတ်ပါ။

လက်မထပ်ခင်ကတည်းက "တစ်ယောက်ကို တစ်ယောက် ပျော်ရွှင်အောင်ဂရုစိုက်ကြေး"ဟု တိုင်ပင်ထားကြခဲ့တာ မဟုတ်လား။ အပြန်အလှန် ကတိပေးထားခဲ့ကြတာ မဟုတ်လား။ အသေးအဖွဲကို ပြဿနာမလုပ်တတ်တာ ချစ်စရာကောင်းသော မောင့်အကျင့်ပါ။

"အဝတ်အစားရွေးလို့ မပြီးသေးဘူးလား၊ ရေချိုးတော့လေ၊ မောင်မိုက်ဆာပြီကွ"

ရေချိုးခန်းထဲက ထွက်လာပြီး မောင်ကဆို၏။

"အင်းပါ...ပြီးပါပြီ"

နွယ်တံခွန်က ဂျင်းဘောင်းဘီကွာတားလေးနှင့် တီရှပ်



www.burmeseclassic.com

www.burmeseclassic.com



မိုးပြာရောင်ကလေးပဲ ဝတ်ဖို့ထုတ်ထားလိုက်၏။

ရေချိုးခန်းထဲဝင်လာတော့ မောင်က သွားပွတ်တံပေါ်မှာ သွားတိုက်ဆေး အဆင်သင့်တင်ထားပေးသည်။ ကြွေရေကန်ထဲမှာ ရေဖြည့်ပြီး ဆပ်ပြာရည်ပါ မွှေးနေအောင် ဖျော်ထည့်ပေးပြီးသား။

နွယ်တံခွန် ရေချိုးဖို့ အဆင်သင့်လုပ်ပေးထားတာ။

ကျေနပ်စွာပြုံးပြီး နွယ်တံခွန် ရေချိုးတော့သည်။

ဘုန်းပြည့်လိုလူနှင့် ဆုံတွေ့ရတာ အရမ်းကံကောင်းသည်။ ကိုယ်ရွေးချယ်ထားသော ယောကျ်ားကို နွယ်တံခွန် ကျေနပ်မိသည်။

ကိုယ့်အပေါ် ကြင်နာစိတ်ရှည်ပြီး နားလည်မှုအပြည့်ရှိသည်။



"နောက်တော့လည်း ဒါပဲဝတ်တာ"

အင်္ကျီကို အကြာကြီးရွေးနေပေမယ့် စိတ်ရှုပ်လာလျှင် ဖျတ်ခနဲ ဆွဲထုတ်ဝတ်တတ်တာက ဂျင်းပဲန်နှင့် တီရှပ်။ ပေါ့ပါး လွတ်လပ်သော စတိုင်လ်မို့ အရမ်းကြိုက်သည်။

"နွယ်တံခွန် မလှဘူးလား"

"လှပါတယ်၊ ဒါပေမယ့် မြင်ရတာ ရိုးနေသလိုပဲ၊ တစ်ခါ တလေ ရင်ဖုံးလက်ပြတ်ကလေး ဘာလေး ဆန်းအောင် ဝတ်ပါ လားကွာ"ဟု မောင်က တိုက်တွန်းသည်။

"အင်း…ကောင်းသားပဲ၊ ဒီနေ့ အင်္ကျီသွားအပ်မယ်"

"ဟာ…နောက်နေ့မှအပ်ပါကွာ"

သူ့သူငယ်ချင်းနှင့် ချိန်းထားတော့ မောင်က ကပျာကယာ



www.burmeseclassic.com

www.burmeseclassic.com

တားမြစ်၏။ နွယ်တံခွန်က သိသားပဲ။

"Coming Sunday သွားကြတာပေါ့"

မောင်က အပ်ချုပ်ဆိုင်လိုက်ပို့ဖို့ နောက်တစ်ပတ် တနင်္ဂနွေနေ့ကို ရွေးချယ်၏။ သည်နေ့တော့ သူငယ်ချင်းတွေ ပြန်ဆုံမှာမို့ မောင်က အပျော်လွန်နေသည်။

နွယ်တံခွန် ကိုယ်ချင်းစာပါသည်။

ကိုယ်လည်းပဲ တစ်ခါတလေ ကျောင်းကသူငယ်ချင်းတွေ ပြန်ဆုံလျှင် အရမ်းပျော်မိတာပဲ မဟုတ်လား။

အရင်အချိန်တွေကို ပြန်ရောက်သွားသလိုပါ။

ငယ်မူပြန်ပြီး ငယ်သွေးကြွကာ စကားသံတွေ ညံစီလျက် ရင့်ကျက်သောဘဝကို ခဏမေ့သွားသည်။

မောင်နှင့် အိမ်ထောင်ကျပြီးကတည်းက သူငယ်ချင်းတွေ သိပ်မဆုံဖြစ်တော့ပါ။



ဆိုင်ထဲ လှမ်းဝင်လိုက်သောအခါ မောင့်သူငယ်ချင်းဆိုသူက လက်မြှောက်ပြနှုတ်ဆက်၏။

သူက အရင်ကြို့ရောက်နေပါသည်။ စားစရာတွေမှာပြီး စားလို့ပင်ပြီးလုလု။

နွယ်တံခွန်က သေချာမကြည့်မိဘဲ မျက်လွှာချလျှောက်လာတော့ စားပွဲပေါ်က ပန်းကန်လွတ်တွေ အရင်ဦးဆုံးမြင်မိတာပါ။ မောင်က သူ့သူငယ်ချင်းကို အားပါးတရ နှုတ်ဆက်၏။ သူတို့နှစ်ယောက် အသံက လှိုက်လှိုက်လှဲလှဲရှိလှ၏။

"ဒါ ငါ့မိန်းမ နွယ်တံခွန်တဲ့"

"ဟုတ်လား…တွေ့ရတာဝမ်းသာပါတယ်ကွာ"

"နွယ်တံခွန် ဒါက မောင့်သူငယ်ချင်း သိမ်းပိုက်တဲ့၊



www.burmeseclassic.com

www.burmeseclassic.com

အရမ်းသဘောကောင်းတာ၊ ခင်စရာလည်းကောင်းတယ်"

"ဟုတ်ကဲ့"

နှယ်တံခွန်က သိမ်းပိုက်ကို ကြည့်မိသည်။

မျက်လုံးချင်းဆုံမိခိုက်မှာ အေးစိမ့်သော လေပြင်းတစ်ခု ရင်ထဲတိုက်ခိုက်သွားသလို လှိုက်ဟာသွားသည်။

သူ့ကို နှယ်တံခွန် သိသလိုလိုပါ။

သို့ပေမယ့် သူနှင့် နှယ်တံခွန် မသိ။

စိတ်ထဲမှာ အရမ်းရင်းနှီးသည်။

ဘယ်မှာမြင်ဖူးပါလိမ့်။

ကမန်းကတန်း စဉ်းစားပေမယ့် အဖြေမထွက်။

"ထိုင်ပါ၊ ဘာစားမလဲ၊ မနှယ်တံခွန် ကြိုက်တာမှာပါ၊ ကျွန်တော်ကတော့ စောင့်ရင်း စားနှင့်ပြီးပြီ၊ မနှယ်တံခွန်က တကယ် လှတာပဲ၊ ပြီးပြည့်စုံတဲ့အလှ၊ ဒါကြောင့် ဘုန်းပြည့် ပစ်ကျသွားတာ ကိုး"

သေသေချာချာစိုက်ကြည့်ပြီး ချီးကျူးစကားဆို၏။





နှယ်တံခွန်က သူ့အကြည့်နှင့် သူ့အပြောကို မကြိုက်။

ဘုန်းပြည့်ကတော့ သူ့သူငယ်ချင်းကို လုံးဝယုံကြည်သည်။ စိတ်ချသည်။ ကြည့်ရတာ မောင်နှင့် တော်တော်ခင်ပုံပါပဲ။ နှယ်တံခွန်ကသာ မျက်စိစူးနေတာ၊ ကြည့်မရတာ။

မောင်နှင့် စကားလက်စမပြတ်ပေမယ့် နှယ်တံခွန့်ဖို့ ကော်ဖီ မှာပေးသည်။ ရေသန့်မှာပေးသည်။ တစ်ရှူးယူပေးသည်။ မောင်က တော့ သူ့သူငယ်ချင်းကို ညှိဝတ်ကျေတာယ်ပဲ ထင်မှာ၊ နှယ်တံခွန်က အဲဒီလိုမထင်။

သူဟာ အင်မတန်လျှင်မြန်သော စိတ်နှစ်ခုကို ပိုင်ဆိုင်သူ ပါ။

မောင်နှင့် စကားပြောရင်းကပင် နှယ်တံခွန် ဘာလိုအပ် သလဲဆိုတာ စောင့်ကြည့်ထားနိုင်သည်။

မောင့်လိုမဟုတ်။

သူက မိန်းမတွေအကြောင်းလည်း အတော်သိပုံပါ။ မိန်းမ တွေက ကိုယ့်အပေါ် ဂရုစိုက်တာကြိုက်သည်။ အချော့ကြိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ယုယခံချင်သည်။ အလိုလိုက်ခံချင်သည်။ ထိုသဘောတွေကို သူက ညက်ညောစွာနားလည်သည်။ မောင့်ထက်ပင် ပိုသိနေသည်။

သူ့ကို နွယ်တံခွန် မနှစ်သက်တာလည်း သူသိမှာပါ။

ရင်ထဲက အလိုလိုဖြစ်လာသောစိတ်ကို နွယ်တံခွန် မတားဆီးနိုင်ပါ။ မထိန်းချုပ်နိုင်ပါ။

"မင်းတို့ မင်္ဂလာပွဲအခွေရှိလား"

"ရှိတာပေါ့"

"ငါ့ကိုခဏငှားလေ"

"အေးပါ"

"ဘော်ဒါတွေ တော်တော်များများလာလား"

"လာပါတယ်၊ မင်းကြည့်ရင်တွေ့မှာပေါ့"

"ငါမရှိတာ နာတာပဲ"

"မင်းအလှည့်မှ ငါတို့ ပျော်ပျော်ကြီးနွှဲပေးမယ်၊ စိတ်မပူနဲ့"

"ငါက မနွယ်တံခွန်လို မိန်းကလေးမျိုး လိုချင်တာ၊





မင်းကိုလည်းချစ်တယ်၊ သစ္စာလည်းရှိတယ်၊ အေးအေးချမ်းချမ်းလည်းနေတယ်"

သူ့စကားကြောင့် နွယ်တံခွန်က ဖျန်းခနဲ မျက်နှာကလေးနီရွေးသွားသော်လည်း မောင်က ဂုဏ်ယူသောအပြုံးနှင့် သူ့သူငယ်ချင်းကို "လိုချင်ရင် ရှာပေါ့"ဟု ဆိုပါသည်။

"မနွယ်တံခွန်က တခြားမိန်းကလေးတွေနဲ့ သိပ်မတူဘူး၊ ရင့်ကျက်ပုံရတယ်"

"နွယ်တံခွန်ရေ ဒီကောင် ဒီလောက်ပင့်နေပုံထောက်ရင် ဘာအကူအညီတောင်းမလို့လည်းမသိဘူး"

"မဟုတ်ပါဘူး"

သိမ်းပိုက်က နွယ်တံခွန်ကို တကယ်ပဲ လေးစားမက်မောစွာ ကြည့်သည်။ စိတ်ထဲမှာ တွေးလိုက်တာက 'နုဒီပြာလဲ့ကြည့်' ရော သည်လိုအိမ်ရှင်မကောင်း ဖြစ်နိုင်သလားဆိုတာ။

"ကျွန်တော်နဲ့ ဘုန်းပြည့် ဒီနေ့ သူငယ်ချင်းတွေနဲ့ ချိန်းထားတယ်၊ မနွယ်တံခွန် မကန့်ကွက်ပါဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



မယုံမရဲနှင့် ခွင့်တောင်းလာ၏။

“ရပါတယ်”

မလှဲ့သာဘဲ ဖြေရတော့သည်။

“မောင် နွယ်တံခွန်ကို အရင်ပြန်ပို့”

“မေမေတို့ဆီသွားမလား”

“မသွားချင်ဘူး၊ အိမ်ပဲပြန်မယ်”

“အိုကေ…ပြန်ပို့မှာပေါ့”

ကားပေါ်တက်ခါနီး မောင့်သူငယ်ချင်းက ကားတံခါးဖြေ ဖွင့်ပေးသည်။ သို့သော် နွယ်တံခွန် ကျေးဇူးမတင်ချင်ပါ။ ရင်ထဲမှာ တစ်မျိုးကြီးဖြစ်ကာနေ၏။



မိုးက သည်းသည်းမည်းမည်းရွာနေသည်။

သူက အိမ်ကိုမြန်မြန်ရောက်ချင်ပြီ။

နွေးနွေးထွေးထွေးဖြင့် တီဗွီကြည့်ကာ တစ်ပက်နှစ်ပက် သောက်ပြီး အိပ်ရာဝင်မည်။

ချောမောခန့်ညားသော ရုပ်ရည်ကို သူက ပိုင်ဆိုင်ထား သည်။

အရပ်မြင့်မြင့်။

ကျစ်လစ်သောကိုယ်ခန္ဓာ။

မျက်ဝန်းများက စူးစူးတောက်တောက်။

သူ့အကြည့်က လူတစ်ယောက်ကို ဖောက်ထွင်း၍မြင်သည့် အတိုင်း။



www.burmeseclassic.com

www.burmeseclassic.com

ညဥ့်အိပ်ညဥ့်နေ ငှက်ညည်းသံများ သူ့အိမ်ကျင်အမြဲရှိသည်။

လူပျိုလူလွတ်လည်းဖြစ်၊ ပိုက်ဆံကလည်းချမ်းသာတော့ အိမ်ဖော်၊ အနိုင်းအစေအပြည့်အစုံနှင့် သူက လိုတရတစ်မျိုးပါ။

သူ့ကို အေးစက်စက်ဆက်ဆံသော မိန်းကလေးမျိုး သည် တစ်ခါပဲ တွေ့ဖူးသေးသည်။ သူ့ရင်ထဲမှာ ဘဝင်မကျနိုင်။

အောင့်သက်ခံပြင်းနေသည်။

မတူမတန်သလို ခပ်ဖယ်ဖယ်လုပ်တာကို သူလုံးဝ မကြိုက်။

တကယ်ဆို သူလည်း ဘာမှမမှား။ ဘုန်းပြည့်ကိုခင်တော့ ဘုန်းပြည့်မိန်းမကိုလည်း သူက နွေးထွေးခင်မင်မိတာပါ။



သူ အိမ်ပြန်ရောက်ပြီး ရေမိုးချိုးပြီးချိန်မှာ 'နဒီပြာလဲ့ကြည်' ဆီက ဖုန်းဝင်လာ၏။

"ကိုကို"

သည်အသံကို သူ ချက်ချင်းသိသည်။

အင်မတန် ရင်းနှီးနွေးထွေးသောခေါ်သံ။

"နဒီလား"

"အင်း...ကိုကို့ကို ကိုကိုလို့ခေါ်တာ နဒီပဲပေါ့၊ ဘယ်သူရှိ သေးလို့လဲ၊ ကိုကိုနော် ဗုက်ဖဲတွေရှိသေးလား ပြော"

နဒီက ချက်ချင်းစိတ်ကောက်သည်။

"ဘာဗုက်ဖဲမှ မရှိပါဘူးဗျာ"

"ဒါဆို နဒီလားလို့ ဘာကြောင့်မေးတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နဒီမှန်းသိနေလို့ မေးတာပေါ့"

"အလကား လူညာကြီး"

'နဒီပြာလဲ့ကြည်'က နှစ်ဖက်လူကြီးမိဘများ သဘောတူထားသော သူ့ချစ်သူကလေးပါ။

"စိတ်မကောက်နဲ့ကွာ…ရှားရှားပါးပါး ရည်းစားကလေးက ဒါပဲရှိတာ၊ အစားထိုးစရာ နောက်ထပ်လည်းအပိုမရှိဘူး"

"ကိုကို…ဘာရည်းစားလဲ"

"ဟောဗျာ…နဒီက ကိုကို့ရည်းစားပေါ့"

"မဟုတ်ပါဘူး၊ ချစ်သူပါ"

"ဟာ…အတူတူပဲလေ"

"လုံးဝမတူဘူး၊ ရည်းစားဆိုတာကြီးက ပေါ့ပျက်ပျက်နဲ့၊ ချစ်သူဆိုတာက လေးနက်တယ်"

"ထားပါတော့"

"ဒီနေ့ ကိုကို ဘယ်တွေလျှောက်သွားနေတာလဲ"

နဒီက စစ်ဆေးလာတော့သည်။





"ဒီနေ့လား…အင်း"

"ကိုကိုနော် ဘာတွေလျှောက်ညာမလို့လဲ"

"မညာပါဘူးဗျာ"

"ဒါဆို အမှန်အတိုင်းပြော"

"ကိုကို သူငယ်ချင်းတွေနဲ့ အတူတူရှိနေတာပါကွာ၊ မတွေ့တာကြာပြီမဟုတ်လား"

"တကယ်လား"

"တကယ်ပေါ့"

"ဒါဆိုရင် ညစာစားပွဲမှာ ကိုကို့သူငယ်ချင်းတွေနဲ့ တွေ့ရင် မေးကြည့်မှာနော်၊ ဟုတ်ရဲ့လားလို့"

"မေးကြည့်ပါဗျာ"

"ပြီးရော"

နဒီက ကျေနပ်သွား၏။

"နဒီ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ခေါ်သံက လေးနက်သည်။

"ဘာလဲကိုကို ပြောလေ"

"ဒီနေ့ ကိုကို့သူငယ်ချင်း ဘုန်းပြည့်နဲ့တွေ့ခဲ့တယ်"

"အင်း"

"သူ့မိန်းမက ကိုကို့ကို အထင်တသေး ခါးခါးသီးသီးပဲ၊ တစ်စက်မှကြည့်လို့မရပုံမျိုး"

"ဟင်...ဘာလို့လဲ"

"ကိုကိုလည်း နားမလည်ဘူး"

"သူနဲ့ကိုကို အစကသိလို့လား"

"မသိပါဘူး"

နဒီကိုဖြေပြီးမှ သိမ်းပိုက်က တစ်ချက်စဉ်းစားသည်။

နွယ်တံခွန်ဆိုသော အမျိုးသမီးကို စိတ်ထဲမှာ သိနေသလိုလို။ ဘယ်မှာတွေ့ဖူးခဲ့သလဲ။ ဘယ်မှာသိကျွမ်းခဲ့ဘူးသလဲ စဉ်းစားတော့လည်း အဖြေက မထွက်။ ဘာမှသေချာမမှတ်မိပါ။ သည်းသည်းကွဲကွဲ တိတိကျကျပေါ်မလာ။





"ကိုကို"

"ပြော"

"သူက ကိုကို့ကို မသိဘဲ ဘယ်လိုလုပ် အထင်သေးမှာလဲ၊ သူ သိနေလို့ပေါ့၊ ကိုကို သူ့ကိုဘာလုပ်ထားလို့လဲ"

"ကြံကြံဖန်ဖန်ကွာ ဒီနေ့ ဘုန်းပြည့်က သူ့မိန်းမဆိုပြီး မိတ်ဆက်ပေးမှ တွေ့တာပါကွာ၊ အရင်တုန်းက မြင်လည်းမမြင်ဖူးဘူး၊ သိလည်းမသိဘူး"

"ဟင်...အထူးအဆန်းပဲ၊ ဒါဆို သူက မြင်မြင်ချင်း ရန်သူကြီးလို သဘောထားတာပေါ့၊ နဒီမကျေနပ်ဘူး၊ သွားမေးကြည့်မယ်၊ ကိုကို့ကိုသိလားလို့"

"မမေးပါနဲ့ကွာ၊ ထားလိုက်ပါတော့"

"ဒင်နာမှာတွေ့ရင် မသိမသာ နဒီမေးကြည့်မှာပဲ"

နဒီပြာလဲ့ကြည်က သူနှင့်ပတ်သက်လာရင် အမြဲပဲ အကဲပါလွန်းသူပါ။ သည်လိုကိစ္စကို သည်းခံမှာမဟုတ်။

သူဘယ်လိုပဲ စဉ်းစားစဉ်းစား နွယ်တံခွန်ကို လုံးဝမသိခဲ့



www.burmeseclassic.com

www.burmeseclassic.com

တာ သေချာသည်။

သို့သော်လည်း စိတ်ထဲမှာ ရှင်းနိုးနေ၏။

ဟူး။

သူ့ကို ရှေ့သို့တက်နေသော မျက်လုံးစိမ်းများနှင့် ကြည့်တာ သည်တစ်ခါပဲ ကြုံဖူးတော့ အထူးအဆန်းဖြစ်ကာနေ၏။



သိမ်းပိုက်နှင့်ဘုန်းပြည့်က အင်မတန်ခင်မင်သော မိတ်ဆွေတွေပါ။

ဘုန်းပြည့်က နွယ်တံခွန်နှင့် လက်ထပ်ပြီးတာ မကြာသေးပါ။

နွယ်တံခွန်က မိန်းမချောလေးတစ်ဦး။

ဖြူဖြူဖွေးဖွေး နုနုညှံ့ညှံ့ကလေး။

ရုပ်ချောသလောက် ဣန္ဒြေရကာ သူ့ခင်ပွန်းကိုလည်း အလွန်ချစ်ခင်မြတ်နိုးသည်။

အမှန်တော့ နွယ်တံခွန်သည် ဘုန်းပြည့်နှင့် လိုက်လာဖို့ မကောင်း။

ဘုန်းပြည့်၏ သူငယ်ချင်း သိမ်းပိုက်သည် ကောင်မလေး


www.burmeseclassic.com

www.burmeseclassic.com



တွေ ထည်လဲတွဲကာ သိက္ခာမရှိ၊ အရမ်းရှုပ်ပွေသည်။

ထမင်းစားစားပွဲတွင် နှယ်တံခွန်မှာ သိမ်းပိုက်နံဘေးတွင် ကပ်လျက်ကျသည်။

သိမ်းပိုက်က ကိုယ်ကြီးနီးကပ်စွာနှင့် စကားတွေအဆက်မပြတ်ပြောနေသည်ကို ဘုန်းပြည့်က မျက်နှာပျက်လာသည်။ လိုအပ်တာထက်ပိုနေသည်။

နှယ်တံခွန်လည်း ဘာမှစားချင်စိတ်မရှိတော့ပါ။

ဤမျှ ရဲတင်းပြောင်ကျတာမျိုး မတွေ့ဘူးတော့ နှယ်တံခွန်အံ့အားသင့်ကာ ချက်ချင်းကြီး ဘာလုပ်ရမှန်းပင်မသိ။

မျက်နှာကလေးရဲတွတ်ကာ အနေကျုံ့မိသည်။

သိမ်းပိုက်သည် ထမင်းမစားမီ သောက်ထားသဖြင့် တော်တော်ကလေးရီဝေကာ ထွေနေပြီမို့ အားမနာ။

သူငယ်ချင်းမျက်နှာပင် မထောက်နိုင်။

လင်ရှိမယားဟု စည်းပင်မစောင့်ထိန်းနိုင်။

သတိတရား ပျောက်နေသည်။





မောင်က မျက်နှာပျက်ပျက်နှင့် ကြည့်ကာ နှယ်တံခွန်ကို ခေါ်လာမိတာ နောင်တအကြီးအကျယ်ရနေပုံမျိုး။

သူ့ဘာသာသူ ဘယ်လောက်ချမ်းသာချမ်းသာ သည်လိုတော့ မကျောသင့်ပါ။

သိမ်းပိုက်ကို သူမကြိုက်။ သည်ကောင့်အကျင့်ကို သိထားသည်။ သို့သော် ကိုယ်က ဧည့်သည်မို့ အလိုက်အထိုက်နေရသည်။

ထမင်းစားသောက်ပြီး ဧည့်ခန်းထဲတွင် နှယ်တံခွန်နှင့် သိမ်းပိုက် နှစ်ယောက်တည်း ဆုံမိကြသည်။ သူမက တမင်ပဲ ခြံထဲကိုဆင်းလာခဲ့၏။

ခြံထဲလမ်းလျှောက်ကာ ပန်းပင်များကို ငေးကြည့်နေဆဲ သိမ်းပိုက်က အနီးသို့ ပြုန်းခနဲရောက်လာသည်။

စိတ်ထဲတွင်မနှစ်သက်တာ၊ ရုတ်တရက်ထိတ်လန့်သွားတာကို ဟန်ဆောင်ရင်း အိမ်ရှင်ဖြစ်သူကို နှုတ်ဆက်မိသည်။

သိမ်းပိုက်ပုံစံက ဂျာကင်အင်္ကျီနှင့် ဂျင်းဘောင်းဘီရှည်နှင့် စတိုင်ကျလှသည်။



www.burmeseclassic.com

www.burmeseclassic.com



"နွယ်တံခွန်က အရမ်းလှတယ်"

မရိုးသားသည့်အကြည့်၊ ရိုတ်တိစကား မကြားချင်ယောင်ဆောင်ကာ ပြုံးရင်း သူ့အနားက လှည့်ထွက်ဖို့ပြင်သည်။ အနွံ့ရာယ်ကို ကြိုမြင်သော သားကောင်လို။

သူက မောင့်သူငယ်ချင်း။ ပြီးတော့ နွယ်တံခွန်တို့က ညှိသည်။

မောင်နှင့် သူ့သူငယ်ချင်းကို ကိုယ့်ကြောင့် ပြဿနာမဖြစ်စေချင်ပါ။

သို့သော် သူက လက်ရဲဇက်ရဲဖြင့် သူမ၏ကိုယ်လုံးကလေးကို ရုတ်တရက်ဖမ်းဆွဲကာ ခပ်တင်းတင်းဖက်ထားလိုက်သည်။

"ဘာလုပ်တာလဲ၊ ဖယ်စမ်းပါ၊ အခုလွှတ်"

ရှက်ရှက်ဖြင့် အတင်းရုန်း၏။ မျက်နှာတစ်ခုလုံး နီရဲတွတ်နေ၏။ သို့သော် သူက အသိစိတ်ပျောက်နေသည်။

"ကိုယ့်ကိုမစိမ်းကားပါနဲ့၊ ကိုယ့်ကို ဥပေက္ခာမပြုပါနဲ့၊





ကိုယ် နွယ်တံခွန်ကို ချစ်တယ်၊ အရမ်းချစ်တယ်"

"ရှင် အရှက်မရှိ ဘာတွေပြောနေတာလဲ၊ လွှတ်ပါ၊ မောင်ရေ ...လာကြပါဦးရှင်၊ မောင်...နွယ်တံခွန်ကို ကယ်ပါဦး"

သူမကြောက်လန့်ပြီး အော်လိုက်မိသည်။

ရင်ထဲမှာ လိပ်ပြာလွင့်မတတ် ခံစားနေရ၏။

သည်လိုရမ်းကားသောလူမျိုး တစ်ခါမှမတွေ့ဖူးခဲ့ပါ။

ခြံထဲသို့ဆင်းလာသော ဘုန်းပြည့်က အော်သံကြားရသဖြင့် အပြေးအလွှားရောက်လာသည်။ ဓနိုးကိုမြင်တော့ မျက်လုံးတွေပြာသွားသည်။

သိမ်းပိုက်လည်း နွယ်တံခွန်ကို ဖြုန်းခနဲ လွှတ်ပေးလိုက်သည်။

"ခင်ဗျား...ခင်ဗျား စော်ကားလှချည်လား၊ လူယုတ်မာပဲ၊ ခင်ဗျား အရမ်းအောက်တန်းကျတယ်"

ဘုန်းပြည့် စိတ်မထိန်းနိုင်ပါ၊ သိမ်းပိုက်ကို ဆွဲထိုးသည်။

သိမ်းပိုက်ကလည်း မခံဘဲ ပြန်ထိုးသည်။ သူတို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်စလုံး ထွေးသတ်ပုတ်ကြသည်။ သိမ်းပိုက်က မောင့်မျက်နှာကို ဆင့်ကာဆင့်ကာ ထိုးသည်မို့ နှယ်တံခွန် ငယ်သံပါအောင် အော်မိသည်။ မောင်က သူမကြောင့်သာ ဒေါသဖြစ်ပြီး ပေါက်ကွဲတာ။

တကယ်တမ်းကျတော့ သိမ်းပိုက်ကိုမနိုင်။

"တော်ပါတော့၊ မောင်...မောင့်ကိုမလုပ်ပါနဲ့"

သူမ ဒူးထောက်ချလျက် ငိုနေမိသည်။ တောင်းပန်မိသည်။

နှုတ်မှလည်း 'မောင်'ဟု အဆက်မပြတ်ခေါ်နေမိသည်။

"မောင်...မောင် ရန်မဖြစ်ပါနဲ့၊ နှယ့်ကိုထားမသွားပါနဲ့"



"မောင်...မောင့်မျက်နှာမှာ သွေးတွေနဲ့၊ မောင် ဒုက္ခပါပဲ၊ မောင်"

နှယ်တံခွန် အကျယ်ကြီးအော်ကာ ငေါက်ခနဲထထိုင်မိ၏။ ရင်ထဲမှာ တဆတ်ဆတ်တုန်ခါနေ၏။

ရင်ဘတ်ကို လက်နှင့်ဖိကာ သက်ပြင်းရှိုက်၏။

ဘုရား...ဘုရား နှယ်တံခွန် အိပ်မက်မက်နေပါလား။

အိပ်မက်က ထိတ်လန့်တုန်လှုပ်စရာကြီး။

ဘာလို့ သည်လိုမက်ရတာလဲ။

မနက်က မိတ်ဆက်ပေးသော မောင့်သူငယ်ချင်းကို စိတ်ထဲမှာ နည်းနည်းမှအလိုမကျ။

"မမလေး"

ရိုးမိုး ◈ တပေ

www.burmeseclassic.com

www.burmeseclassic.com

မိစုက ချက်ချင်းပဲ အခန်းထဲဝင်လာပြီး မေး၏။

"အိပ်မက် မက်တာလားဟင်"

"အင်း"

"မမလေးအော်တာ အကျယ်ကြီးပဲ"

"ဟုတ်လား"

မိစုကို ရေအေးအေးတစ်ခွက် ခပ်ပေးစေ၏။

ရေသောက်လိုက်တော့မှပဲ ပူလောင်နေတာတွေ နည်းနည်း ညှံ့သက်နေသာသွားသည်။

"နင့်အစ်ကိုရော ပြန်မလာသေးဘူးလား"

"ဟင့်အင်း"

မောင်က နွယ်တံခွန်ကို အိမ်မှာချထားခဲ့ပြီး သူ့သူငယ်ချင်း သိမ်းပိုက်နှင့် ပြန်လိုက်သွားတာပါ။

စိတ်မချနိုင်စွာ မောင့်ဆီ ဖုန်းခေါ်သည်။

မောင့်အသံက ကြည်လင်ရွှင်ပျစွာ ဘာပြဿနာမှဖြစ်ပုံ မရချေ။ တော်ပါသေးရဲ့။





"မောင် ပြန်လာတော့လေ"

"လာမယ်၊ ခဏလေး၊ ဒီမှာသူငယ်ချင်းတွေစုံနေလို့၊ ဒီတစ်ရက်တည်းပါကွာ၊ နားလည်ပေးပါ"

နွယ်တံခွန်က နားလည်မပေးနိုင်တာမဟုတ်။ အိပ်မက်ဆိုး မက်ပြီး မောင့်ကို ပူပန်မိတာပါ။

"နော်…မောင်၊ ခဏနေရင် ပြန်လာမယ်၊ Sunday က နွယ်တံခွန်ပိုင်တာ မောင်သိပါတယ်၊ စိတ်ချ၊ အမြန်ပြန်လာမယ်"ဟု ရယ်သံတစ်ဝက်နှင့်ဆို၏။

စနေ၊ တနင်္ဂနွေနေ့ အလုပ်ပိတ်ရက်နှစ်ရက်သည် မောင်နှင့် နွယ်တံခွန်တို့၏ သီးသန့်ပိုင်ဆိုင်သော နေ့ကလေးတွေပါ။ အစက တည်းက နားလည်မှုယူထားတာ။

"နွယ်တံခွန် ထမင်းစားပြီးပြီလား"

"အင်း"

"အောင်မလေး ဘုန်းပြည့်ရာ၊ မင်းတို့က ပူပူနွေးနွေး မနေ့တစ်နေ့ကမှ လက်ထပ်ထားတဲ့ ဇနီးမောင်နှံ ကျနေတာပဲ၊ သည်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ''

သိမ်းပိုက်၏ ဝင်ရောက်စွက်ဖက်ဝေဖန်သံကို နွယ်တံခွန် ကြားရတော့ မျက်စောင်းရွယ်မိသည်။

သူနဲ့ဘာဆိုင်လို့လဲ၊ အလွတ်ကြီး။

ဖုန်းကို အသာချထားပြီး သူဖိတ်သော ဒင်နာ(ညစာစားပွဲ) ကို မသွားဖို့ ဆုံးဖြတ်မိ၏။

ကင်းကင်းရှင်းရှင်းနေတာ အကောင်းဆုံးပါပဲ။

အိပ်မက်တွေက နိမိတ်မကောင်း။

တကယ်ပါပဲ။

မြင်မြင်ချင်း တွေ့တွေ့ချင်း ရင်ထဲမှာ အေးစက်စက်နှင့် ကြောက်သလို လန့်သလိုနှင့် တစ်စက်ကလေးမှ မနှစ်သက်နိုင်သော မောင့်သူငယ်ချင်းကို မောင်က အင်မတန် ခင်မင်ပုံရလေသည်။

နွယ်တံခွန်က ထူးဆန်းသော ခံစားမှုကြီးနှင့် ရှုံ့မှုန်းမိ၏။ သူနှင့် မသိကျွမ်း မပတ်သက်ချင် မဆက်ဆံချင်။





မောင်က ကြိုက်ပုံမလား။ နွယ်တံခွန် မောင့်ကို တားချင်သည်။ မောင့်သူငယ်ချင်းနှင့် အခေါ်အပြောမလုပ်ဖို့။

အစွဲအလမ်းကြီးတာ မဟုတ်ပေမယ့် နွယ်တံခွန်က အိပ်မက်ဆို ယုံသည်။

ဟင်း ...ခက်လိုက်တာ။

သူ ဘာလို့ နိုင်ငံခြားကနေ ပြန်ရောက်လာတာလဲ။

ဘာလို့များ မောင့်ဘဝထဲကို ဝင်ရောက်လာတာလဲ။

နွယ်တံခွန်ကတော့ သူ့ကို မိတ်ဆွေလို လုံးဝသဘော မထားနိုင်။ မောင့်ကို ဘယ်လိုပြောရမလဲ။



www.burmeseclassic.com

www.burmeseclassic.com

မောင်က နှယ်တံခွန် ပြန်ပြောပြသော အိပ်မက်ကို နားထောင်ပြီး ငြိမ်သက်စဉ်းစားနေ၏။ ပြီးမှ···

"ဆော်ဒါတွေထဲမှာ ဒီကောင် သဘောအကောင်းဆုံး၊ ကြမ်းတမ်းရိုင်းစိုင်းတဲ့ အပြုအမူ တစ်ခါမှမတွေ့ဖူးဘူး၊ ဆန့်ကျင်ဘက်အိပ်မက်ပါပဲ"

မောင်က လက်ခံရခက်နေသည်။

နှယ်တံခွန်ကိုလည်း အပြစ်တင်စကားဆိုရ၏။

အိပ်မက်ဟာ အိပ်မက်ပါပဲဟု ပေါ့ပေါ့ကလေးလည်း မဆိုချင်ပါ။ မောင်က နှယ်တံခွန်ကို သိုဝ်ချစ်ပြီးသိပ်တန်ဖိုးထားသူမို့ သူမစကားဆို လစ်လျူမရှုနိုင်။

"အိုကေလေ"



www.burmeseclassic.com

www.burmeseclassic.com



မောင်က တစ်ခုခုကို ဆုံးဖြတ်လိုက်ပုံပေါ်သည်။

"မောင်ပဲသွားလိုက်မယ်၊ အပြန်ကျမှ နှယ်တံခွန်ကို မေမေတို့အိမ်က ဝင်ခေါ်မယ်"

"အင်း"

နှယ်တံခွန် မလိုက်ချင်လျှင် ဇွတ်မခေါ်ချင်။

သည်လိုမျိုးလည်း တစ်ခါမှ ပြောဖူးတာမဟုတ်။

ဘုန်းပြည့်က ဝရန်တာထွက်ရပ်ရင်း စဉ်းစားမိ၏။ သိမ်းပိုက်ကလည်း သူ့ကို ထူးဆန်းသောစကားမျိုး ပြောခဲ့ပါသည်။ သူနားလည်ရခက်သည်။

"ဘုန်းပြည့်…မင်းမိန်းမကို ငါ ရင်းရင်းနှီးနှီး သိနေသလိုပဲ၊ ဒါပေမယ့် ငါတကယ်သိတာလည်း မဟုတ်ဘူး၊ တစ်ခါမှ မတွေ့ဖူးဘူး"

သူက သိမ်းပိုက်စကားကို ရယ်နေခဲ့သည်။

အိမ်ပြန်ရောက်တော့မှ သူမရယ်နိုင်တော့ပါ။

"မောင်…နှယ်တံခွန် သူ့ကိုသိသလိုပဲ၊ စိတ်ထဲမှာသိနေ





တယ်၊ တကယ်တမ်း ပြန်စဉ်းစားတော့ တစ်ခါမှ မမြင်ဘူးခဲ့တာ သေချာတယ်"

ဘုန်းပြည့် အံ့သြပြီး မျက်နှာတည်သွားသည်။

ဘာလို့ သည်လိုမျိုး တူညီသောစကားကို မတိုင်ပင်ဘဲ ပြောကြတာလဲ။

"ပြီးတော့ သူ့ကို ရင်ထဲမှာ မနှစ်သက်သလိုပဲ ရွံမုန်းနာကျင်နေသလိုပဲ၊ အဲဒါကြောင့် ဒီလိုအိပ်မက်မက်တာလားမသိဘူး"တဲ့။ ဘုန်းပြည့်က ဘာမှဝင်မပြော။

သူ အမှန်တကယ် နားမလည်ပါ။ သို့သော် နှယ်တံခွန်ကို လုံးဝစိတ်အနှောင့်အယှက် မဖြစ်စေချင်။ အတွေးတွေနှင့် ခေါင်းမရှုပ်စေချင်။

"နောက်တစ်ပတ် ဆန်းဒေးဒင်နာကို မောင်ပဲသွားလိုက်မယ်"ဟုဆိုကာ နှယ်တံခွန်၏ ပခုံးလေးကိုဖက်ပြီး အိပ်ရာဝင်သည်။ နှယ်တံခွန်က သူ့ရင်ခွင်ထဲ တိုးဝင်ကာ "မောင် အဲဒီသူငယ်ချင်းက နှယ်တံခွန်တို့ဘဝလေးကို မနှောင့်ယှက်လောက်ပါဘူးနော်"



www.burmeseclassic.com

ဟု မေးလာ၏။

"သူက အရမ်းတည်ကြည်ပြီး တစ်ခါမှ နာမည်ပျက်မရှိဖူးဘူး၊ သူ့ကို နှယ်တံခွန် ယုံလို့ရပါတယ်"

"ဒါပေမယ့် သူ့ကိုမြင်တော့ နှယ်တံခွန်ရင်ထဲမှာ လေးပင်မှုန်းကြုပ်လာတယ်"

"အင်း…အဲဒါတွေ မေ့ထားလိုက်ပါ"

မောင့်ကို နှယ်တံခွန်က ဖက်တွယ်ထားပြီး…

"နှယ်တံခွန် အိပ်တော့မယ်မောင်"ဟု ဆိုမိ၏။

"အိပ်လေ‥‥ဘာမှမစဉ်းစားနဲ့တော့"

"အင်း"

"အိပ်မက်ဆိုတာ အိပ်မက်ပါပဲ၊ တကယ်မှမဟုတ်တာ၊ နိုးလာရင် မရှိတော့ဘူး"

"ဟုတ်တယ်နော်"

မောင့်စကားကို သူမ လက်ခံမိပါသည်။

နှယ်တံခွန်ကလည်း နေလည်ခင်းက မက်ခဲ့သော အိပ်မက်





ဆိုးတစ်ခုကို မေ့ထားလိုက်ပါပြီ။

အိပ်မက်ဆိုတာ တကယ်မှမဟုတ်ဘဲ။

www.burmeseclassic.com

# တနင်္ဂနွေအိပ်မက် (အပိုင်း ၁)

မိုးမိုး ◈ စာပေ

www.burmeseclassic.com

www.burmeseclassic.com

တနင်္ဂနွေနေ့ည

ညဦးပိုင်း…

(ညဉ့်ဦးယံ)



www.burmeseclassic.com

www.burmeseclassic.com

နွယ်တံခွန်က သူငယ်ချင်းသဒ္ဒါ၏စကားကို တိုးဖွဖွရယ်သည်။

ထိုရယ်သံကလေးက ပြတင်းပေါက်ကနေ ခြံထဲအထိ ...ှင့်ပျံ့သွား၏။

နွယ်တံခွန်၏မေမေက ခြံထဲတွင် လမ်းလျှောက်ရင်း သမီး ...ယ်သံကလေးကြောင့် ပြုံးမိသည်။ တစ်ဦးတည်းသောသမီး ...လေး။

ချစ်လို့ကိုမဝ။ သမီးလေးက လိမ္မာပြီး မိဘကိုလည်းရိုသေ ...ည်။

"နင်ကလည်းဟယ်"

နွယ်တံခွန်က သဒ္ဒါစကားကို မယုံချင်သလိုနှင့် စူးစူးစမ်း



www.burmeseclassic.com

www.burmeseclassic.com



စမ်းကြည့်၏။

"သြော်…တကယ်ပါဆို၊ လမ်းဘေးမှာရောင်းတဲ့ ဖရဲသီး လုံးကြီး ကောက်ဝယ်ပြီး ငါ့လက်ထဲဖွတ်ပေးတာ"

"အဟိ…သူ့ပိုးကြေးပန်းကြေးက ရယ်ရတယ်နော်"

"ဟုတ်တယ်၊ ငါ စက်ဘီးနင်းပြေးတော့ သူက ဖိနပ်ကြီး ခါးကြားထိုးပြီး ပြေးလိုက်လာတာဟ"

သဒ္ဒါနှင့် နွယ်တံခွန် ပြန်ပြောပြီး ရယ်မိကြသည်။

"သဒ္ဒါရယ်…နင်ကလည်း သနားပါတယ်"

"မသနားပါဘူး"

သဒ္ဒါက မကြိုက်ရှင်းရှင်း ကြိုက်ရှင်းရှင်း ဟန်မဆောင် တတ်သူပါ။

နွယ်တံခွန်က သဒ္ဒါရှေ့ရောက်လာပြီး…

"သဒ္ဒါရေ…ကြည့်ပါဦး၊ အရောင်လေးကလှရဲ့လား"

"အင်း…အရမ်းလှတယ်"

အသွေးကျကျ မင်းဂွတ်ရောင် သိုးမွေးလုံးကလေးကို





ပြကာ မေးမိသည်။

မေမေနှင့် ဖေဖေကို ဆွယ်တာဆင်တူကလေးထိုးပြီး လက်ဆောင်ပေးဖို့ပါ။

သဒ္ဒါက ခေါင်းညိတ်သည်။ သဘောကျနေ၏။

"ပန်းရောင်ဖျော့ကလေး နည်းနည်းစပ်မယ်"

"အင်း…ပိုလှသွားမှာပေါ့"

သဒ္ဒါက နွယ်တံခွန်၏ မျက်ဝန်းစူးစူးတောက်တောက်များ ကို အလွန်သဘောကျစွာကြည့်ပြီး ဆို၏။

နွယ်တံခွန်၏ မျက်လုံးများက သိပ်လှသည်။ နှုတ်ခမ်း ကလည်း အရမ်းလှသည်။

"တကယ်ပဲဟယ်…နင့်မျက်လုံးတွေက လက်နေလိုက် တာ၊ နှုတ်ခမ်းကလေးကလည်း ဖူးနေတာပဲ၊ ဘာမှမလိုတဲ့အလှ"

နွယ်တံခွန်က ပြုံးသည်။ ထိုစကားကို လူတိုင်းဆီမှ ကြား ရသည်။

"နင် တကယ်ကံကောင်းတယ်၊ မျက်လုံးကြီးတွေက



www.burmeseclassic.com

www.burmeseclassic.com

လည်းလှ၊ အသားကလည်း ဝင်းနှစ်ပြီး တကယ်ပြည့်စုံတယ်"

သူမက တိုးတိုးရယ်သည်။

"အမလေးဟယ်...မမြှောက်ပါနဲ့"

"ရော...နင့်မှာ ဘာပြောစရာရှိလို့လဲ၊ ဒီလောက်ချစ်စရာကောင်းတာ"

"သဒ္ဒါက နွယ်တံခွန်လောက် မလှပါဘူးဟယ်"

သဒ္ဒါက နွယ်တံခွန်၏အခန်းကို ဝေ့ဝဲကြည့်သည်။

သန့်ရှင်းကျယ်ဝန်းပြီး ခမ်းနားလှသော အခန်း၊ ပန်းအိုးလှလှကြီးများလည်း ထိုးစိုက်ထားသည်။ တလိုက်ကာ ဖားဖားဝေဝေများနှင့် နေချင်စရာလေး။

သဒ္ဒါက နွယ်တံခွန်၏အခန်းကို အလွန်သဘောကျနေသည်။

အထားအသို အပြင်ကလည်း ခေတ်မီသားနားသည်။ အခန်းထဲဝင်လိုက်တာနှင့် မောပန်းသမျှ ပြေပျောက်သွားနိုင်သည်။

"ဟိတ်...ဟိုပုဂ္ဂိုလ်ကြီးကိုရော နင့်မိဘတွေ ဖိတ်ထား





သေးလား"

"ဘယ်သူလဲ"

"ကိုသိမ်းပိုက်လေ"

မေးပြီးမှ သဒ္ဒါက နွယ်တံခွန်ကို မျက်လုံးစွေလျက် မသိမသာကြည့်လိုက်သည်။

"ဟီ...ဟီ ရယ်ချင်စရာ"

နွယ်တံခွန်က ကိုယ်လုံးလေး တောင့်သွားကာ မျက်နှာကလည်း အလိုမကျရိပ် လွှမ်းသွား၏။ သည်စကားကို ကြိုက်ချင်ပုံမရ။

"ဖိတ်မယ်မထင်ပါဘူး"

အသံက စောစောတုန်းကလို မချိုသာ၊ နှုတ်ခမ်းလည်းစူသွားသည်။

"ဟဲ့...ဘာဖြစ်လဲ၊ အစတုန်းကတော့ မဆိုးပါဘူးဆို၊ နင်ပဲသဘောကျတယ်ဆို"

"အဲဒါ သူ့အကြောင်းမသိသေးလို့ပါနော်"


www.burmeseclassic.com

www.burmeseclassic.com



နှယ်တံခွန်က ဖြေရှင်းသည်။

ဘုမသိဘမသိ အဟုတ်ထင်ပြီး ရင်ခုန်မြန်မိတာ။

သူ့အကျင့်စရိုက်ကိုသိလာတော့ တဖြည်းဖြည်း ရွံမုန်း အထင်သေးသွားခဲ့တာပါ။

“ဘာပဲဖြစ်ဖြစ် သူ့ကိုမဖိတ်ချင်ဘူး”

“ဘာဖြစ်လို့လဲ”

“သူ့ကို ငါကြောက်တယ်၊ သူက ရိုးသားပုံမရဘူး၊ သိပ် အတင့်ရဲလွန်းတယ်၊ ပြီးတော့ လိုချင်တာဆိုရအောင် ယူမယ့်ပုံစံကြီး”

“ဒါပေမယ့် အရမ်းဖြောင့်တယ်”

“အင်း…ငါလည်း အစက သူချောလို့ ဆွဲဆောင်မှုကောင်းလို့ စိတ်ဝင်စားမိတာပါပဲ”

“ပြီးတော့ အပြောလည်းကောင်းတယ်နော် နှယ်တံခွန်”

“အင်း…ဟုတ်တယ်”

“နောက်တော့ နင် သူ့ကို ဘာလို့ ရှောင်ချင်ချင်ဖြစ်ရတာ လဲ”

“သူက တစ်မျိုးကြီးပဲ၊ ကားမောင်းကြမ်းတယ်၊ မိန်းမ ရှုပ်တယ်၊ ပွေတယ်၊ ဘာမဆို သူ့စိတ်ကြိုက်ခြယ်လှယ်ချင်တယ်”

“အမယ်လေး…ကြောက်စရာကြီးပါလား”

သဒ္ဒါက ပခုံးတွန့်သည်။ မျက်လုံးကလေး ပြူးသွား သည်။

“နင့်အခန်းလေးကလည်း နင့်လိုပဲလှတယ်”

“ဖြစ်ရပြန်ပြီ”

“တကယ်ပာ…နင်က စိတ်ကြိုက်ပြင်ဆင်ထားတာဆို တော့ နန်းတော်ကလေးထဲ ရောက်သွားသလိုလို၊ နတ်သမီးအခန်း ထဲ ရောက်သွားသလိုလို”

“ညွှန်းလိုက်တာဟယ်”

“အင်း…နင်က ဘဝအကျိုးပေးကောင်းတယ်နော်၊ ပြီးပြည့်စုံတယ်၊ ဘာမှမလိုဘူး”

“ဒီလောက်လည်းမဟုတ်ပါဘူးနော်”





www.burmeseclassic.com

www.burmeseclassic.com



"မွေးနေ့ပွဲကို ဒီနှစ်လည်း ခမ်းခမ်းနားနား ကြီးကြီးကျယ်ကျယ် လုပ်ဦးမှာမဟုတ်လား၊ နှင့်မေမေပြောသွားပဲ"

"အင်း…ဟုတ်တယ်၊ လုပ်ဖြစ်မယ်"

"မွေးနေ့ပွဲမှာရော နင် သီချင်းဆိုဦးမှာလား"

"ဒါပေါ့…ငါ သီချင်းရေးထားပြီးပြီ၊ ငါ့အမေနဲ့ အမေကို ငါဘယ်လောက်ချစ်ရတယ်ဆိုတာတွေ၊ ငါ သိမ်းပိုက်ဆိုတဲ့လူ အကြောင်း လုံးဝခေါင်းထဲမှာမရှိဘူး"

နွယ်တံခွန်က ကြည်နူးစွာပြောသည်။

"သူ့ကိုကြည့်ရတာ အရမ်းချောပေမယ့် ကြောက်စရာကောင်းတယ်လို့ ငါထင်တယ်၊ သူ့ပုံစံက ရက်စက်ကြမ်းကြုတ်တယ်၊ စိတ်လိုက်မာန်ပါပုံစံကြီး"

"သိပ်စွဲမက်စရာကောင်းတဲ့ရုပ်ကို ပိုင်ဆိုင်တာတော့ အမှန်ပဲ"

နွယ်တံခွန် ဘာမှပြန်မပြော။ ငြိမ်သက်စဉ်းစားနေမိသည်။ သူ့ကို မေမေက ထမင်းစားဖိတ်သဖြင့် သူမနှင့် ပထမဆုံး တွေ့ခဲ့သည်။

ထမင်းစားပွဲတွင် သူ့အသံက အညံဆုံး။ စကားတွေဖောနေအောင် ပြောသည်။

မေမေနှင့်မေမေက သဘောကျမဆုံး။

ပြီးတော့ နွယ်တံခွန်နှင့် နှစ်ယောက်တည်း စကားပြောရန် သူကြိုးစားသည်။

သူမက ရှက်ရှက်နှင့် ရှောင်ပစ်သည်။

ပြီး…သူက နွယ်တံခွန်ကို အရေးတယူရှိလှသဖြင့် ကျေနပ်မိသလိုလို။

သူ့မျက်နှာကိုကြည့်ကာ သူ့စကားလုံးတွေအောက်မှာ နှစ်မျောနေခဲ့မိ၏။

သူက နွယ့်ကို ပိုင်စိုးပိုင်နင်း မြင်မြင်ချင်းပင် ဆံပင်တွေ သပ်တင်ပေး၏။

"နွယ်တံခွန် မျက်လုံးတွေက မြွေတစ်ကောင်လိုပဲကျွား ညို့တတ်တယ်၊ ရစ်ပတ်ဖွဲ့ချည်တတ်တယ်"





www.burmeseclassic.com

www.burmeseclassic.com

သည်လိုစကားမျိုးတွေကို သူက ရဲရဲတင်းတင်းပြောလာသည်။

ပြီးတော့ သူ့အကြောင်းတွေ ပြောပြသည်။

အကြွားပိုတာလား၊ တကယ်ပဲလားတော့ မသိပါ။ သူ့ကို ကောင်မလေးတွေ ဝိုင်းဝိုင်းလည်နေတာ။ သူ့ဘက်က ရှောင်နေရတာ။

သူက ရွေးချယ်ဖို့ကို စောင့်နေကြတာ၊ အစုံပါပဲ။

ဟုတ်ချင်လည်းဟုတ်မှာပါ။

သူက ရုပ်ချောသလောက် ပိုက်ဆံချမ်းသာသည်။

"ကိုယ့်ကိုချစ်တာ ဟုတ်ချင်မှဟုတ်မယ်၊ ချောလို့ကြိုက်တာ၊ ပြီးတော့ ပိုက်ဆံ၊ မိန်းမတွေက ဂုဏ်မက်တယ်မဟုတ်လား"

သူက နိုင်နိုင်မာမာ ပြောသည်။ မိန်းမတွေကို အထင်ကြီးလေးစားပုံမရ။

သူပြန်သွားသည့်အခါ မေမေ့ကို နှယ်တံခွန် ပြောမိသည်။

"သူ့ကို သမီးဘာလို့မနှစ်သက်တာလဲ မေမေ၊ သူက





မိန်းမတွေကို အထင်သေးနေပုံပဲနော်၊ သူက ချောပေမယ့်သမီး မကြိုက်ဘူး"

ရုတ်တရက် မဖြေ။ မေမေက သက်ပြင်းချသည်။

သူ့ကို မေမေလည်း အကဲခတ်နေခဲ့တာပဲ မဟုတ်လား၊ စိတ်ထဲမှာ သမီးအတွက် ရည်ရွယ်မှန်းထားတော့ လေ့လာမှာပဲလေ။

သမီးလေးအတွက် သည်သူငယ်က မသင့်တော်။

ကြည့်ရတာ ကြမ်းတမ်းရိုင်းစိုင်းလွန်းသည်။

ပိုက်ဆံဘယ်လောက်ရှိရှိ၊ ရုပ်ဘယ်လောက်ချောချော၊ စိတ်ရည်ကြင်နာတတ်သူကိုသာ ရွေးချယ်ချင်သည်။ သမီးကို စိတ်ချချင်သည်။

"မေမေလည်း သိပ်သဘောမကျပါဘူးသမီးရယ်၊ သူ့ကို နောက်ထပ်တွေ့စရာမလိုပါဘူး၊ ကြိုးရှည်ရှည်နဲ့ လှန်ထားသလို အထင်မခံနိုင်ဘူး"

သို့သော် ဖေဖေက သူ့ကိုသဘောကျသည်။ သူက ထက်မြက်ပါးနပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သိမ်းပိုက်က ထမင်းစား ပြန်ဖိတ်သော်လည်း မေမေက မသွား။ မေမေ့ကိုလည်းတားသည်။ ပေးမသွားချင်ပါ။

"သူ့သတင်းက မွှေးနေတာပဲ၊ ပတ်ဝန်းကျင်က အရမ်း ပြောကြသားပဲ၊ သမီးနဲ့မဖြစ်ပါဘူး၊ ပြတ်ပြတ်သားသားပဲကောင်း တယ်"

မေမေက သတိပေးတော့ ဖေဖေကရယ်သည်။

သိမ်းပိုက်က စီးပွားရေးလည်း နားလည်သည်။ နှယ်တံခွန် က အေးလွန်းတော့ သူနှင့်မှဖြစ်မည်ဟု ဆိုပါသည်။

"စိတ်မပူပါနဲ့ကွာ၊ ခေတ်လူငယ်ယောကျ်ားလေးပဲ၊ ဒီလောက်တော့ရှိမှာပေါ့၊ ပတ်ဝန်းကျင်က ပုံကြီးချဲ့တာပါကွာ"ဟု ဆို၏။

"သူက သမီးလေးကို မျက်စိကျနေတာရှင့်၊ အခွင့်အရေး ရအောင် အမျိုးမျိုးကြိုးစားနေတာ၊ စိတ်မချဘူး"

"ငါသိပါတယ်ကွာ၊ သမီးလေးကို ဘယ်ယောကျ်ား မကြိုက်ဘဲနေပါ့မလဲ၊ သူကြိုက်ချင်သလောက် ကြိုက်စမ်းပါစေ၊





သမီးက ခေါင်းမညိတ်ရင် ဘာမှမဖြစ်ဘူး"

"ဒါတော့ဒါပေါ့၊ စကားကျွံရင် နှုတ်ရခက်တယ်၊ နီးစပ် သွားမှာလည်းစိုးတယ်"

"သူ့ဘက်က ဆင်ခြင်မှာပါ၊ လိုချင်ရင်တောင် ပွင့်ပွင့် လင်းလင်း တောင်းလာမှာပေါ့ကွာ"

"ရိုးရိုးသားသားသူနဲ့ ကြင်နာတတ်တဲ့သူပဲ သမီးနဲ့လက် ထပ်ပေးမယ်"

မေမေ့စကားကို ဖေဖေက ခေါင်းညိတ်သောအခါ မေမေ ကျေနပ်သွားသည်။

သိမ်းပိုက်နှင့် ပတ်သက်၍ ဘာမှစိတ်အနှောင့်အယှက် ဖြစ်မိတော့ပါ။

နှယ်တံခွန်က ထိုကိစ္စကိုဝင်မပါ။ မသိသလိုနေလိုက်၏။ မေမေကလည်း သဘောမတူ၊ ကိုယ်ကလည်း မကြိုက်၊ ဘာမှထပ်ပြောစရာမရှိ။



www.burmeseclassic.com

www.burmeseclassic.com

"သမီးရေ…မေမေ့ဆီခဏလာပါဦး"

မေမေ့ခေါ်သံကြောင့် နှစ်ယောက်စလုံး ထိုင်နေရာမှ ထလိုက်သည်။

"သဒ္ဒါပြန်တော့မယ် နှယ်တံခွန်"

သဒ္ဒါကို ကားကလာကြိုနေပါပြီ၊ ရောက်နေတာလည်း ကြာပြီမဟုတ်လား။

"အင်း…ညမှဖုန်းဆက်မယ်"

တစ်ယောက်လက်တစ်ယောက်ဆွဲကာ ထွက်လာခဲ့ပြီး သဒ္ဒါကို ကားဘေးနားအရောက် လိုက်ပို့လိုက်သည်။ လက်ပြနှုတ်ဆက်သည်။

ပြီးမှ မေမေ့အခန်းထဲသို့ ဝင်လိုက်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲမေမေ"ဟု မေးကာ ခုတင်စွန်းမှာ ဝင်ထိုင်သည်။

မေမေက မျက်နှာနည်းနည်းပျက်နေ၏။

ဘာလို့လဲဟု နှယ်တံခွန် စဉ်းစားကြည့်သည်။

နှယ်တံခွန်ကြောင့်များလား။

သူမမေမေ မကြိုက်တာ ဘာမှမလုပ်မိပါ။

မေမေက နှယ်တံခွန်၏ ပခုံးကလေးကို လှမ်းဖက်ကာ

"စောစောကပဲ မေမေ့သူငယ်ချင်းနဲ့ ဖုန်းပြောတာ၊ မောင်သိမ်းပိုက်အကြောင်းတွေ ပြောလိုက်တာ စုံနေတာပဲ"ဟု တိုးတိုးပြောသည်။

သြော်...ဒါကြောင့်ကိုး။

နှယ်တံခွန် နားလည်သွားသည်။

မေမေ ဘာတွေစိုးရိမ်နေသလဲမသိပါ။ မေမေက ပြောပြသည်။

"မောင်သိမ်းပိုက်ရဲ့အဒေါ်က သမီးကို သူ သိပ်စွဲလမ်း





နေပုံပဲတဲ့၊ လိုက်တောင်းခိုင်းနေပြီ၊ မေမေတို့ခွင့်ပြုမယ်ဆိုရင် လက်ထပ်ချင်တယ်တဲ့"

"ရှင်"

မြန်မြန်ဆန်ဆန်ကြီးပါလား။

"ဘယ်လိုလဲသမီး၊ သမီးဆန္ဒကရော"

"မေမေ့သဘောပါ၊ မေမေ သူ့ကို သဘောမကျဘူးမဟုတ်လား"

"အင်း...မေမေ သဘောမတူပါဘူး"

"ဟော...သမီးဖေဖေပြန်လာပြီ"

ကားသံကြောင့် မေမေက ဆိုသည်။

ဖေဖေ့ကို သားအမိနှစ်ယောက် ဆင်းကြိုသည်။

"သမီးလေး...အားလုံးစီစဉ်ပြီးပြီလား"

"ဟုတ်"

"ဖေဖေ့ကိုပြောစရာရှိလို့"

"ဘာများလဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"မေမေပြောလိုက်လေ"

မေမေက ဖွဖွပြုံးသည်။

"သမီးမွေးနေ့ပွဲမှာ မောင်သိမ်းပိုက်ကို ဖိတ်ပြီးပြီလား"

"မဖိတ်ရသေးပါဘူး၊ တခြားလူတွေတော့ ဖိတ်ပြီးပါပြီ၊ ဒါပေမယ့် သမီးက ဝန်လေးနေတယ်"

မိသားစုသုံးယောက် ညှိခန်းမှာထိုင်မိကြသည်။

"အမေကြီးသဘောပါ"

ဖေဖေက မေမေ့ကို အကုန်လုံးလွှဲထားသည်။

ဖိတ်လည်းမပြော၊ မဖိတ်ပါနှင့်လည်းမပြော။

"ဟိုတလောက မောင်သိမ်းပိုက်နဲ့ သမီးမွေးနေ့အကြောင်းနဲ့ သူ့ကိုလာခဲ့ဖို့ မဖိတ်တာ သေချာရဲ့လား၊ အဲဒီနေ့က ဖိတ်လိုက်တယ်မဟုတ်လား"

သည်တော့မှ ဖေဖေက သတိရသွားသလို…

"အခုမှသတိရတယ်၊ မောင် ပြောခဲ့မိတယ်၊ သူက မွေးနေ့ကိတ်လုပ်ပေးချင်တယ်တဲ့၊ ပြောဖို့မေ့နေတာ"





မေမေက စဉ်းစားနေ၏။ နွယ်တံခွန် နှုတ်ခမ်းကလေး တိုက်ကာ မကျေမနပ်နှင့်…

"မုန်းစရာကြီး…သူပေးတာမလိုချင်ပါဘူး"

"သူပေးရင် ယူလိုက်လေ၊ သွားမငြင်းနဲ့၊ အားနာစရာကြီး၊ သမီးကို မကျေမနပ်ဖြစ်နေပါ့မယ်"

နွယ်တံခွန်က အလိုမကျပေမယ့် မေမေစီမံတာကို နာခံမိသည်။ စောဒကမတက်ပါ။ မေမေက သူ့အမိပွာယ်နှင့်သူ။

မြွေသေ၊ တုတ်မကျိုး အလိမ္မာသုံးခိုင်းသည်။

"ကဲပါ…ဖိတ်ပြီးသားဖြစ်နေရင်လည်း ရှိပါစေတော့၊ မွေးနေ့ပွဲကို သူလာပါစေ၊ ဒါပေမယ့် သူ့ကို လက်မခံဘူးဆိုတာ သေသေချာချာနားလည်အောင်ပြောမယ်"

မေမေ့စကားကို နွယ်တံခွန်က ချက်ချင်းထောက်ခံသည်။

"အခုမှတော့ သူလာမှာကို တားလို့မရတော့ဘူး"

"ရပါတယ်၊ သမီးသိပါတယ်၊ စိတ်မပူပါနဲ့နော် မေမေ၊ သူလာရင်လည်း ခပ်တည်တည်နေလိုက်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို ကြောက်စရာမလိုပါဘူး"

မေမေက အားပေးသည်။

"အင်းပါ မေမေရယ်၊ နွယ်တံခွန် လုံးဝမကြောက်ပါဘူး"

မေမေက သိမ်းပိုက်၏အကြောင်းတွေ ကြားထားပြီး နွယ်တံခွန်အတွက် ရတက်မအေးဖြစ်နေတာပါ။ သိမ်းပိုက်မျက်လုံးတွေက သားကောင်ကို ဝဲပျံကာကြည့်သော စွန်ငှက်၏မျက်လုံးတွေလို သမီးအပေါ် စူးရှလွန်းနေသည်မဟုတ်လား။



ကြိုတင်ရင်ခုန်ပြင်ဆင်ခဲ့ရသော မွေးနေ့ကို ရောက်လာပြီမို့ မနက်စောစော ဘုရားရှိခိုးကာ ဖေဖေနှင့်မေမေကို ကန်တော့သည်။

ပြီးတော့ မွေးနေ့မှာ အချိန်မီပြီးအောင် ထိုးခဲ့သော ဖေဖေနှင့် မေမေအတွက် ဆွယ်တာဆင်တူနှစ်ထည်။

သူမလက်ဆောင်ကိုကြည့်ပြီး ဖေဖေနှင့်မေမေက ဝမ်းသာအားရဖြစ်ရသည်။

ပြီးတော့မှ နွယ်တံခွန်က ဖေဖေနှင့်မေမေအတွက် ကိုယ်တိုင်ရေးစပ်ထားသော သီချင်းကလေးကို စန္ဒယားတီးပြီး ဆိုပြသည်။ ညဘက်မွေးနေ့ပွဲမှာလည်း ဆိုဖြစ်မှာပါ။

စကားဝါသွေးအပေါ် ပန်းနုရောင်ဖောက်ထားသော ဂါဝန်



www.burmeseclassic.com

www.burmeseclassic.com

ရှည်ဖားဖားကို ပြန်ဝတ်ကြည့်သည်။ မေမေက သိပ်လှတာပဲဟု ဆိုသည်။

သူမရင်ထဲ သာယာချမ်းမြေ့လွန်းလှသည်။

တစ်ခြံလုံး တစ်အိမ်လုံး လှပခမ်းနားစွာ ပြင်ဆင်ထားသည်။ မေမေက နှယ်တံခွန်ကို တစ်ဦးတည်းသောသမီးမို့ အချစ်ပိုသည်။

နှစ်စဉ်မွေးနေ့ပွဲတိုင်း ခုလိုမျိုး လုပ်ပေးနေကြပါ။

ခြံဝင်းထဲရှိ သစ်ပင်ပန်းပင်များတွင် လျှပ်စစ်မီးရောင်စုံများ ချိတ်ဆွဲထွန်းညှိထားသည်။ ရှင်းလင်းထားသည်။

စနစ်တကျ စိုက်ပျိုးထားသည့် ပန်းခြင်းများတွင် ပန်းမျိုးစုံက ဝေဝေဆာဆာ ဖူးပွင့်နေကြသည်။ အဖိုးတန်သစ်ခွပန်းများနှင့် သဇင်ပန်းများက မက်မောလိုချင်စရာ။

စားပွဲရှည်ကြီးများတွင် ဘူဖေးစားပွဲများကို ကျကျနန ပြင်ဆင်ထားသည်။

ကြိုက်နှစ်သက်ရာကို ထည့်စားလို့ရသည်။





ဧည့်ခန်းမကြီးထဲတွင် ကော်ဇောအနီရောင်ကို အပြည့်ခင်းကာ နှင်းဆီပန်းများ၊ ဂန္ဓမာပန်းများဖြင့် ပန်းမျိုးစုံ ပန်းအိုးထိုးထားသည်။

Wall Lamp များ၊ မီးဆိုင်းများကို လင်းထိန်နေအောင် ထွန်းထားသည်။

"Happy Birthday နှယ်တံခွန်" စာတန်းကြီးကို မီးကွေး များနှင့် လှလှပပ ကြိုတင်မှာယူကာ ထွန်းညှိထား၏။

သိမ်းပိုက် ပို့လိုက်သော ကိတ်မုန့်ပေါ်တွင် ဖယောင်းတိုင်က သက်စေ့ထွန်းထားသည်။

လက်ဖဝါးကလေးနှစ်ဖက်ကို ပွတ်တိုက်ကာ သူမ ကြည်နူးနေမိသည်။

မေမေက နှယ်တံခွန်ကို စိန်သရဖူလေး ဆံပင်ပေါ်ဆောင်းပေးသည်။

"မွေးနေ့တိုင်းပျော်ရွှင်ပါစေကွယ်"

ဧည့်သည်များ တဖွဲဖွဲရောက်လာကြသည်။ သိမ်းပိုက်က



www.burmeseclassic.com

www.burmeseclassic.com

အစောကြီးရောက်သည်။

သူမ လှေကားမှဆင်းလာကတည်းက သူ့ကိုတွေ့ကာ သူက လှေကားခြေရင်းကို လျှောက်လာပြီး နှုတ်ဆက်၏။

သူ့မျက်ဝန်းများက သဘောကျမက်မောသည့် အရိပ်အရောင်များ လျှံထွက်နေသလိုပါ။ အသက်ပါလှိုက်လှဲလွန်းလှသည်။

လှေကားပေါ်မှ ညင်သာစွာဆင်းလာသော နှယ်တံခွန်ကို စိုက်ကြည့်နေစဉ်ခဏ ရင်ထဲမွန်းကြပ်လာသည်။

ပထမတစ်ခါ တွေ့တုန်းကလိုပါပဲ။

သူ့ရင်ခုန်သံက ပြောင်းလဲမသွား။ ရူးရူးမူးမူး...။

သည်မိန်းကလေးကို သူ့အာရုံတွင် ထူးခြားစွာသတိပြုမိသည်။

စိတ်လှုပ်ရှားလွန်းစွာဖြင့် နှယ်တံခွန်ကို သူကြည့်နေမိသည်။

ဂါဝန်ရှည်ဖားဖားကလေးကို လက်နှစ်ဖက်ဖြင့်မကာ





ကြွကြွရွရွ လျှောက်လာသော သူမပုံစံကလေးက ပုံပြင်ထဲက နတ်သမီးလေးတစ်ပါးလို ပြည့်စုံတင်တယ်လွန်းလှသည်။ သူ သည်ကောင်မလေးကို ပိုင်ဆိုင်ချင်သည်။

လက်ဖြာနေသော မျက်ဝန်းကြီးများကြောင့် သူ အသက်ရှူမှားမတတ်ပါပဲ။

သူနှင့်မျက်လုံးချင်းဆုံတော့ ချက်ချင်းပဲ မျက်နှာကလေးပျက်ကာ မျက်လုံးလွှဲသွား၏။

"ကြီးကျယ်လှချည်လား၊ သူ့ကိုသဘောမကျဘူးလား"

စိတ်ထဲတွင် ကျိတ်၍တွေးမိသည်။

တကယ်ပါပဲ...ဟုတ်လည်းဟုတ်သည်။

သူမမျက်လုံးများက အေးစက်စက်၊ ရယ်ပြုံးပြဖို့ပင် ဝန်လေးနေသလိုပါ။

သူ့ကိုညှတ်ချင်သူ မိန်းကလေးများက ဒုနှင့်ဒေးပါ။

သည်ကောင်မလေးနှင့်တွေ့မှ...

"သူ့ကို ငါရအောင်ယူမယ်"



www.burmeseclassic.com

www.burmeseclassic.com

သူဆုံးဖြတ်ထားမိသည်။ စိတ်ထဲတေးထားမိသည်။

"မွေးနေ့မှာပျော်ရွှင်ပါစေဗျာ"

ပြုံးရယ်ကာပြောလိုက်သော သူ့ကို ခေါင်းကလေး မသိမသာညိတ်ပြမိသည်။

တုံ့ပြန်စကားမဆို မွေးနေ့ရှင်က စိမ်းကားလွန်းလှသည်။

သူ့ကိုလည်း နှယ်တံခွန် မကြိုက်၊ သဘောမကျ။

သူ့ဘာသာသူ ဘာကြီးပဲဖြစ်ဖြစ် မကြိုက်တာက မကြိုက်တာပါပဲ။ မပြောင်းလဲပါ။

သူဘေးနားရှိနေတာကို အရိပ်မည်းကြီးရှိနေသလို ခံစားရသည်။

သို့ကြောင့် သူ့ကိုထားရစ်ကာ ခြံထဲသို့ဆင်းခဲ့သည်။

မေမေ့ဘေးနားရောက်မှ သူမပြုံးနိုင်သည်။

မေမေက သူမကိုပြုံးပြပြီး လက်ဖျားလေးဆွဲခေါ်ကာ ဧည့်သည်များနှင့် နှုတ်ဆက်စေသည်။ မေမေက သမီးချောအတွက် ဂုဏ်ယူကျေနပ်နေသည်။





သူမ စိတ်အနှောင့်အယှက်ဖြစ်နေတာကို မေမေမသိ။

ဧည့်သည်တွေကို နှုတ်ဆက်နေတုန်းမှာပဲ သိမ်းပိုက်က နှယ်တံခွန်ဘေးကို ရောက်လာပြန်သည်။ အလိုက်မသိ နှောင့်ယှက်လွန်း၏။

"သူငယ်ချင်းတစ်ယောက်နဲ့ တွေ့ပေးမလို့"

"ဟင့်အင်း"ဟု သူမငြင်းမိသည်။

သို့သော် သူကလက်မလျှော့ဘဲ "ခဏလေးပါ"ဟု ဖွတ်ခေါ်တာမို့ မတတ်သာတော့ဘဲ သူနှင့်အတူ လိုက်ခဲ့ရသည်။

"နှယ်တံခွန်ကို ကျွန်တော် ကြည့်လို့မဝဘူး၊ အရုပ်ကလေးသာဆို ခိုးဖွက်ယူပြီးအိမ်မှာ သွားသိမ်းထားချင်တယ်"

သူ့စကားတွေကို သူမဘာမှပြန်မပြောဘဲ ငြိမ်လျက်နားထောင်နေမိသည်။

တကယ်ဆို သူ့စကားတွေကို နှယ်တံခွန်မကြိုက်၊ စည်းကမ်းမရှိ။ ဘာကိုမှမကြိုက်တာ။

မနှစ်သက်ခြင်းက ရင်ထဲ တစ်စတစ်စ များပြားလာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူဟာ ကြင်နာစိတ်ရှည်ပြီး သဘောကောင်းသော ယောကျ်ားတစ်ယောက်မဟုတ်။ သည်းခံခွင့်လွှတ်ခြင်းဆိုသော စကားလုံးကို လုံးဝနားလည်ပုံမရ။

နွယ်တံခွန်က ယောကျ်ားဆို တည်ကြည်အေးဆေးပြီး ခွင့်လွှတ်သည်းခံစိတ်ရှိသူကိုမှ အထင်ကြီးလေးစား လက်ထပ်ချင်တာပါ။

သူက သူ့ကို နည်းနည်းထိလျှင် များများတုံ့ပြန်ပစ်မည်ဆိုသော စိတ်ဓာတ်။

ဘယ်သူနှင့်ဖြစ်ဖြစ် အသာစီးရမှ ကျေနပ်နိုင်မည့်သဘောထားမျိုး။

တစ်စက်ကလေးမှ သူ့ကို အထင်ကြီးလို့မရ။

“ဘယ်မှာလဲ ရှင့်သူငယ်ချင်း”

နွယ်တံခွန်သည် သည်းမခံနိုင်တော့ဘဲ မာဆတ်ဆတ်မေးမိ၏။

အလကားသက်သက် ညာခေါ်တာ။ သက်သက်





အကြောင်းရှာတာ။

သူ့အကြောင်းသိတော့ ပို၍ဒေါပွမိသည်။

စားပွဲလွတ်တစ်လုံးဆီသို့ ခေါ်သွားကာ နွယ်တံခွန်ကို ထိုင်စေသည်။

“အေးအေးဆေးဆေး စကားပြောရအောင်၊ ဒီလိုမှမခေါ်ရင် စကားပြောခွင့်ရမှာမဟုတ်ဘူး”

နွယ်တံခွန် အင်တင်တင်ဖြင့် ထိုင်လိုက်ရသည်။

သူက သူမနှင့် အနီးကပ်ဆုံးဖြစ်အောင် ခုံကိုရွှေ့ကာထိုင်သည်။

သူမ အနေကျံ့မိ၏။ မျက်နှာလွှဲကာနေမိသည်။

မွေးနေ့ပွဲမို့ ပြဿနာတစ်ခုခုလည်း မဖြစ်ချင်ပါ။ အတတ်နိုင်ဆုံး ပြေလည်အောင် ဆက်ဆံနေမိတာပါ။ မေမေတို့ မရိပ်မိစေချင်။

သိမ်းပိုက်က နာကျင်စွာပြုံးသည်။ ရင်ထဲထိရှသွား၏။ နွယ်တံခွန်နှင့်တွေ့မှ သူကျရှုံးသွားပြီလား။



www.burmeseclassic.com

www.burmeseclassic.com



နှယ်တံခွန်က သူ့ကို လုံးဝဂရုမစိုက်။ သူက မနည်းကြီး သည်းခံအောင့်အီးပြီး စိတ်ကိုချွဲဆန့်ထားရ၏။ ရင်ထဲမှာ ဒေါသက မှန်းကြွနေပါပြီ။

တကယ်ဆို သူမကို တစ်အားဖျစ်ညှစ်ပြီး သူမမျက်နှာလေးကို တရစပ်နမ်းပစ်ချင်တာ။

သူ့ကို ဥပေက္ခာပြုလို့မရဘူးဆိုတာ သိစေချင်တာ။

ပိုင်စိုးပိုင်နင်း အတွေးများနှင့် သူ နှယ်တံခွန်ကို ကြည့်နေမိ၏။

နှယ်တံခွန်က မျက်လွှာချလျက် ထိုင်နေသည်။

"ဘာစားမလဲ၊ ကျွန်တော်သွားယူပေးမယ်"

"ဟင့်အင်း…မစားချင်ဘူး၊ ကျေးဇူးတင်ပါတယ်"

သူက သူမမျက်ဝန်းလှလှများထဲသို့ စိုက်ကြည့်ကာ မျက်လုံးချင်းဆုံအောင် ကြိုးစားသည်။

သူမက မသိမသာရှောင်နေသည်။ အကြည့်ချင်း အဆုံမခံ။





သည်လို ဂရုမစိုက်သည့်မျက်နှာလေးကိုမှ သူက အသည်းယားပြီး ရှုးရှုးမူးမူး လိုချင်သွားမိတာပါ။ တမ်းတမ်းမက်မက် ဖြစ်သွားခဲ့တာပါ။

သိမ်းပိုက်က တစ်ချက်ပြုံးပြီး လက်ဆောင်ယူလာသော နာရီဗူးကလေးကို ထုတ်သည်။

"ဒါ…ကျွန်တော့်ရဲ့ Birthday present"

"ကျေးဇူးတင်ပါတယ်"

"ကျွန်တော်က စိန်လက်စွပ်ကလေးကို ကိုယ်တိုင်စွပ်ပေးချင်တာ"

ဘာတွေလာပြောနေမှန်းမသိ။ နှုတ်ခမ်းကလေး မဲ့မိသည်။

သူ့စကားတွေက အဓိပ္ပါယ်တစ်မျိုး သက်ရောက်နေသည်။

"ကိုယ်ပေးတဲ့ Birthday Cake ကြိုက်ရဲ့လား"

ရုတ်တရက် တဲ့တိုးကြီးမေးလာတော့ ပင့်သက်ရှိုက်ကာ ခေါင်းညိတ်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ရှိုင်းပျုစွာနှင့် မကြိုက်ဘူးမပြောချင်။

"ခဏနော်...ညှော်သည်တွေ သွားနှုတ်ဆက်ဦးမယ်"

"မသွားပါနဲ့ဦး၊ ထိုင်ပါ၊ ပြီးမှနှုတ်ဆက်လည်းရသားပဲ"

"ကျွန်တော် တောင်းပန်ပါတယ်၊ စကားပြောချင်သေး လို့ပါ"

သူက မရမကတားသည်။ သွားခွင့်မပြု။

"တခြားညှော်သည်တွေကို နှုတ်ဆက်ရဦးမယ်လေ၊ ဒီလို ကြီးနေလို့ မကောင်းဘူး"

နွယ်တံခွန်၏ သူငယ်ချင်း သဒ္ဒါက အနားရောက်လာ သည်။

"ဟဲ့...မိဝေတို့မေးနေကြပြီ၊ လာဦး"

"အေး...အေး...လာပြီ"

သဒ္ဒါနှင့်အတူ ခပ်သွက်သွက်ထွက်လာခဲ့သည်။ အခွင့် အရေးရသွားသည်။ သူ့ကိုတစ်ချက်ပင် ငဲ့စောင်း၍မကြည့်။ ထပ်ပြီး တားနေမှာစိုးသည်။





သိမ်းပိုက်က နွယ်တံခွန်ကိုကြည့်ပြီး လှို့ဝှက်နက်ရှိုင်းစွာ ပြုံးလိုက်သည်။

ပြီးမှ ကားရပ်ထားရာဆီသို့ ထွက်ခဲ့ပြီး ဘယ်သူ့ကိုမှ နှုတ်မဆက်ဘဲ ပြန်ခဲ့၏။

သူ့စိတ်ထဲမှာ အောင့်သီးအောင့်သက်နှင့် မကျေနပ်ချင်။ သူက အရေးတယူရှိလွန်းပါလျက် နွယ်တံခွန်က သူ့အပေါ် ခါးသီး အေးစက်နေသည်။

ဆန့်ကျင်ဘက်ရလဒ်ပါလား။

ကိုယ်က သူ့အတွက်ဆိုရင် အသက်တောင်ပေးဖို့ အဆင် သင့်ဖြစ်ပါလျက် သူ့ဘက်က ကိုယ့်မေတ္တာကို စော်ကားသည်။ အသိမှတ်မပြု။

သည့်အတွက် ထိုက်တန်သည့်လျော်ကြေးတစ်ခုတော့ ပြန်ရမှဖြစ်မည်။

ရကိုရရမည်။ နွယ်တံခွန်ကို မရအရ ယူပြမည်။

မေမေက အခုလိုနှုတ်မဆက်ဘဲ ပြန်သွားတာကို လုံးဝ



www.burmeseclassic.com

www.burmeseclassic.com



ကြေကြိုက်။ ဂါရဝတရားမရှိဘူးဟု ဆိုပါသည်။ သူပြန်သွားတော စိတ်ထဲလွတ်လပ်ကျေနပ်သွားသည်။

"သမီးက ဟက်ဟက်ပက်ပက်မရှိလို့ သူပြန်သွားတာ လေ၊ တော်တော်ရိုင်းတဲ့ကောင်လေး၊ လူမှုရေးလည်း နားမလည် ဘူး"

"ကိစ္စတစ်ခုခုရှိလို့ နေမှာပေါ့"

ဖေဖေက နားလည်ပေးနိုင်သည်။

"ဟုတ်မယ်မထင်ပါဘူး၊ တမင်စိတ်ဆိုးသွားတာ၊ စိတ် တာသိအောင် လုပ်သွားတာ၊ သမီးလေးကလည်း ဂရုမစိုက်ပါဘူ

ဖေဖေက ဘာမှထပ်မပြော။

ထိုကိစ္စမှာ သိပ်ပြီးစွက်ဖက်ချင်ပုံမရ။ သိမ်းပိုက်ကို ကို က ပါးပါးနပ်နပ် ထက်ထက်မြက်မြက်ရှိလို့ သဘောကျပေ သမီးနှင့် မိန်းမက သဘောမကျဘူးဆိုတော့လည်း စွတ်တိုးမ တွန်းချင်။

ဒါက သမီးနှယ်တံခွန်၏ တစ်သက်တာကိစ္စ။ သ





နှစ်သက်ကြည်ဖြူမှပဲ လက်ထပ်ပေးချင်ပါသည်။ သမီးလေး စိတ်ဆင်းရဲမှာ မလိုလား။



www.burmeseclassic.com

www.burmeseclassic.com

ဖေဖေနှင့်မေမေက သူ့ကို သိပ်ပြီး လိုလားကြည်ဖြူဟန် ပြောသောအခါ သိမ်းပိုက်က ဒေါ်ကေသီကို စည်းရုံးပြန်သည်။

ဒေါ်ကေသီက နွယ်တံခွန်မမွေးခင်ကတည်းက မေမေနှင့် အတူတူနေသော သစ္စာရှိလူယုံတစ်ဦးပါ။ သို့သော် သိမ်းပိုက်က အကောလေးနှင့် သူ့ဘက်ပါအောင် စွဲဆောင်သိမ်းသွင်းနိုင်သည်။ ဒေါ်ကေသီ မက်မောသောပိုက်ဆံကို သူက ရက်ရက်ရောရော ပေးသည်။ ဒေါ်ကေသီက လောဘတက်ပြီး သူ့လူလုံးလုံးဖြစ်လာ၏။

ဒေါ်ကေသီက မေမေမသိအောင် သိမ်းပိုက်နှင့် ရအောင် ဆောင်သွယ်လာ၏။

"သမီး အိမ်ထောင်မပြုချင်သေးပါဘူး ဒေါ်ကေသီရယ်၊



www.burmeseclassic.com

www.burmeseclassic.com

လုံးဝစိတ်မကူးသေးပါဘူး၊ အခုလိုနေရတာပဲ ပျော်ပါတယ်”

သည်စကားကို ဒေါ်ကေသီ မကြိုက်။ စိတ်မရှည်။

မောင်သိမ်းပိုက်နှင့် မြန်မြန်နီးစပ်စေချင်သည်။

နွယ်တံခွန်၏မိဘများမသိအောင် သိမ်းပိုက်နှင့် တိတ်တဆိတ် ဆက်သွယ်နေခဲ့တာမဟုတ်လား။ တော်ကြာ သိသွားလျှင် အခက်။

သူလုပ်နေပုံကို နွယ်တံခွန်၏ မိဘနှစ်ပါးသာသိလျှင် အကြီးအကျယ် စိတ်ဆိုးကြမည်အမှန်။ အိမ်ကပင် နှင်ထုတ်ခံရမလားမသိ။

သို့သော် ဒေါ်ကေသီ ဒါတွေမတွေးအားတော့ပါ။ သိမ်းပိုက်ပေးသော ပိုက်ဆံတွေအပေါ် လောဘတက်နေမိပါပြီ။ ပြန်တိုင်ကာမှတိုင်ရော။

သိမ်းပိုက်က သူ့ကိုယ်တိုင် ဘာမှမကြိုးစားတော့ဘဲ ဒေါ်ကေသီကို လွှဲထားသည်။

နွယ်တံခွန် ဖေဖေနှင့်တွေ့သော်လည်း သမီးနှင့်စပ်လျဉ်း၍ သိမ်းပိုက်ဘာမှမပြော။

ရုပ်ချောညစ္စာပေါကို မာနကြီးတစ်ခွဲသားနှင့် မတူမတန် လုပ်နေတာကို ဒေါ်ကေသီ အားမလိုအားမရဖြစ်ရသည်။

ကြမ်းချင်ကြမ်း၊ ရိုင်းချင်ရိုင်း သည်လောက်ချောမောခန့်ညားသည့် ကောင်လေး၏ မျက်နှာသာပေးရခြင်းကို ခံရတာ ဘာအိုက်တင်များနေစရာလဲ။ ဂုဏ်ယူကျေနပ်သင့်သည်။

သိမ်းပိုက်က ဒေါ်ကေသီကတစ်ဆင့် မွေးပွဲရုပ်တွေ၊ ပန်းစည်းတွေ၊ ချောကလက်တွေ ပို့သည်။ နည်းမျိုးစုံနှင့် ကြိုးစားကြည့်တာ။

ဒါတွေကို နွယ်တံခွန်က သူများပေးပစ်၏။ မခံချင်စရာကောင်းလှသည်။

“ဟယ်တော်…နမြောစရာ နွယ်တံခွန်ရယ်”

“ဒေါ်ကေသီရယ်…သူ့ဆီက ဘာပစ္စည်းမှ လက်မခံချင်ပါဘူး၊ ယူမလာပါနဲ့၊ တောင်းပန်ပါတယ်”

“ဘာလို့ ဒီလောက်တောင်ဖြစ်နေရတာလဲ၊ သူမှာ







www.burmeseclassic.com

www.burmeseclassic.com



နှယ်တံခွန် မကြိုက်တာဘာရှိလဲ”

“ဟင့်အင်း…နှယ်တံခွန် သူ့ကို လုံးဝလက်မခံချင်တာပါ”

ပန်းစည်းတွေ အမှတ်တရပစ္စည်းတွေ ရောက်လာသော်လည်း နှယ်တံခွန် လက်မခံ၊ ကြည့်ပင်မကြည့်။ သိမ်းပိုက်က အိမ်သို့တစ်ခေါက်နှစ်ခေါက် လာသေးသည်။ တွက်မတွေ့မှန်းသိသဖြင့် နောက်ထပ်မလာတော့ပါ။

“အားနာစရာကြီးကွယ်၊ တစ်ခါလောက် တွက်တွေ့လိုက်ပါကွယ်”

ဒေါ်ကေသီက ပြောကြည့်ရာ သူ့မမျက်နှာကလေး မဲ့ကာ ခေါင်းယမ်းသဖြင့် လက်လျှော့လိုက်ရသည်။ ထပ်မတိုက်တွန်းရဲ။

“သဘောပဲလေ၊ လက်လွှတ်ခံတာ နည်းတဲ့အခွင့်အရေးကြီးမဟုတ်ဘူး၊ အခွင့်အရေးဆိုတာ နှစ်ခါမရဘူး”

အပြစ်တင်သလိုပြောမိသည်။ ဘယ်လိုဆက်လုပ်ပေးရမှန်းပင်မသိ။





သည်ကလေးမက ခေါင်းမာလွန်းသည်။

သိမ်းပိုက်က လူကြီးတွေကို မျက်နှာပူအားနာပြီး ရှက်လည်းရှက်ကာ အိမ်ကိုမလာတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com

"သူ့အကြောင်းပြောစမ်းပါ၊ ဘယ်လိုလဲ၊ တခြားကိစ္စတွေ ထားဦး"

စိတ်ပျက်လှသည့်လေသံဖြင့် သိမ်းပိုက်က ဒေါ်ကေသီကို ခပ်တင်းတင်းမေးလိုက်သည်။ ခုထက်ထိ ဘာမှထူးခြားတိုးတက် မလာ။

"ဟုတ်ပါရဲ့သားရယ်၊ ဒေါ်ကေသီက တွေ့ဖို့မျှော်းမျှ လို့ကိုမရဘူး"

ဒေါ်ကေသီ သက်ပြင်းမောချလိုက်သည်။

သိမ်းပိုက်၏မျက်နှာက အေးစက်သွား၏။

"ကျွန်တော် ပို့တဲ့လက်ဆောင်တွေရော"

"အဲဒါပေါ့၊ လုံးဝကိုဂရုမစိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကေသီက အကြိုညဏ်ကို အစွမ်းကုန်ထုတ်နေသည်။ လွယ်လွယ်ကလေးနှင့် သိမ်းပိုက်ဆီကရလာမည့် ပိုက်ဆံတွေကို မျှော်လင့်ဇောနှင့် မောနေရပါပြီ။

နွယ်တံခွန်ကို သူ့ရအောင် ကူညီစည်းရုံးပေးလျှင် မြိုးမြိုးမြက်မြက်ပေးမည်ဟု သိမ်းပိုက်က ကတိခံထားသည်။

သို့ကြောင့်လည်း နွယ်တံခွန်၏ မိဘနှစ်ပါးမသိအောင် တိတ်တဆိတ် စည်းရုံးဖျောင်းဖျနေရတာပါ။ နားသွင်းအောင်သွယ် နေရတာပါ။

"ကဲ...ဘယ်လိုလဲ၊ ဘာဆက်လုပ်ရမလဲ"

သိမ်းပိုက်က စိတ်မရှည်သံနှင့် ဆို၏။

"ခက်တာပဲ၊ ကောင်မလေးက အရမ်းပြတ်သားတယ်"

"ရတယ်လေ၊ အဲဒီလိုမှကြိုက်တာ"

သူက အေးစက်စွာပြန်ပြောသည်။

"အင်းလေ...စိတ်ရှည်ရှည်ထားပြီး ကြိုးစားကြတာပေါ့၊ ဒေါ်ကေသီက အနီးကပ်ရှိနေတာပဲ၊ ပြောပေါ့၊ ကျွန်တော့်အကြောင်း





တွေ တိုက်ပါများရင် နူးလာမှာပဲ"

"အင်း...အင်း ပြောပါ့မယ်၊ မောင်သိမ်းပိုက် စိတ်ပျက်လက်လျှော့သွားပြီလားလို့ ဒေါ်ကေသီက စိုးရိမ်မိတာပါ"

"ကျွန်တော် ဘယ်တော့မှ လက်မလျှော့ဘူး၊ ကျွန်တော်က ခက်မှကြိုက်တာ၊ ဒီမိန်းမကို ကျွန်တော်ရအောင်ယူမယ်"

သိမ်းပိုက်၏ ချောခန့်သော မျက်နှာမှာ ဒေါသကြောင့် အေးစက်စက်ဖြစ်ကာနေ၏။

ဒေါ်ကေသီက သက်ပြင်းချသည်။

ပိုက်ဆံတွေရဖို့က နီးမလိုလိုနှင့် ဝေးသွားမှာလားဟု စိတ်ပူနေမိတာ။

သိမ်းပိုက်က ဒေါ်ကေသီကို ပိုက်ဆံနှင့် စည်းရုံးမြူဆွယ်ထားခဲ့ပြီ။

မေမေနှင့်မေမေက ဘကြီးဆုံးတော့ နယ်ကိုခဏသွားရမည်ဆိုတော့ နွယ်တံခွန် လိုက်သွားဖို့ပါပဲ။ တက်နေသောသင်တန်းကို မဖျက်ချင်တာရယ်၊ သဒ္ဓါလည်း အတူတူလာနေလေ



www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုတာရယ်ကြောင့် လိုက်မသွားဖြစ်ပါ။ သို့သော် ထိုကိစ္စကို နှယ်တံခွန် အရမ်းနောင်တရမိသည်။ ဘာလို့များ မိဘနှစ်ပါးနှင့် လိုက်မသွားဘဲ ကျန်နေရစ်ခဲ့မိသလဲ။

ဖေဖေနှင့်မေမေက နှယ်တံခွန်ကို မရရအောင် ခေါ်သွား သင့်တာ။

နံနက်စောစော နှယ်တံခွန်ကို ပွေ့ဖက်နှုတ်ဆက်ပြီး မိဘ များ ကားထွက်သွားသည့်အခါ သူမ၏ရင်ထဲတွင် ထူးထူးဆန်းဆန်း ကြီး တုန်လှုပ်သွားမိသည်။

ရုတ်တရက် ဘာလို့ သည်လိုဖြစ်မှန်းမသိ။

ကားနောက်သို့ ပြေးလိုက်ကာ အော်ဟစ်ပြီး တားချင်စိတ် ပေါ်မိသည်။

ချက်ချင်းပဲ မျက်ရည်တွေ စေ့တက်လာမိ၏။

"ဟယ်...နှယ်တံခွန် ကလေးလေးကျနေတာပဲ၊ ဘယ်လိုဖြစ်တာလဲ၊ ဘာလို့ ဒီလောက်အဖြစ်သည်းနေရတာလဲ၊ ခဏလေးသွားတာကိုများ"





သဒ္ဒါ ချော့မော့ပြောဆိုပြီး အိမ်ထဲသို့ခေါ်ခဲ့သည်။

ရင်ထဲကတုန်လှုပ်မှုကို အနည်ထိုင်အောင် ကြိုးစားမိ၏။

ဖေဖေ မေမေတို့ ပြန်လာကြမှာပါ။

ချက်ချင်းပဲ ယုံကြည်စိတ်မွေးသည်။

မေမေတို့မရှိခိုက် ဒေါ်ကေသီကလည်း သိမ်းပိုက်ကို လက်ခံဖို့ အချိန်ရှိသရွေ့ တိုက်တွန်းသည်။

ဘယ်လိုပြောပြော မရ။

ကြာတော့ ဒေါ်ကေသီကို မျက်ရှုလာမိသည်။ နည်းနည်း ပါးပါး အလိုက်သိဖို့ကောင်းပါသည်။

မေမေတို့ပြန်လာတော့မှာမို့ နှယ်တံခွန် မျက်နှာကလေး ကြည်လင်ဝင်းပနေမိ၏။ ဖေဖေ မေမေတို့အကြိုက် ဟင်းများကို လည်း ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ထားစေသည်။

သူမကိုယ်တိုင်လည်း ရေမိုးချိုးကာ လိမ္မော်ရောင်ဝတ်စုံ လေးကို ဝတ်ဆင်လိုက်သည်။

လှလှပပပြင်ဆင်ပြီးမှ ဖေဖေနှင့်မေမေကို စောင့်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com

ရင်ထဲမှာ တိတ်တဆိတ်ကလေး ဆုံးဖြတ်ထားမိတာက နောက်ဆို ဖေဖေ မေမေတို့ ဘယ်သွားသွား နှယ်တံခွန် မနေရစ်ခဲ့တော့ပါ။ အတူတူလိုက်သွားမည်။

အိမ်မှာက ဒေါ်ကေသီနှင့် နှယ်တံခွန်ပဲ ကျန်ရစ်တာ၊ သဒ္ဒါလာနေပေးလို့သာ တော်သေးသည်။

ဒေါ်ကေသီကို နှယ်တံခွန် မယုံကြည်တော့ပါ။

ဖေဖေနှင့်မေမေသာလျှင် နှယ်တံခွန်ကို ယုံကြည်မှု၊ လုံခြုံမှု ပေးနိုင်သည်။

ဒါကို နှယ်တံခွန် သိသွားပါပြီ။

နှယ်တံခွန်၏ဘဝမှာ ထိုမိဘနှစ်ပါးပဲရှိတာ၊ မောင်နှမ အရင်းအချာလည်း မရှိ။ သဒ္ဒါကလည်း သူငယ်ချင်းဆိုပေမယ့် နှယ်တံခွန်ကို ကာကွယ်မှုအပြည့် ပေးနိုင်မှာမဟုတ်ပါ။

"သဒ္ဒါရေဆာရင် စားလိုက်နော်၊ မေမေတို့ နောက်ကျမယ်ထင်တယ်၊ စောင့်မနေနဲ့၊ နှယ်တံခွန်ပဲ စောင့်မယ်"

"မစားချင်သေးပါဘူး၊ နောက်မှအတူတူစားမယ်"





ဒေါ်ကေသီက နှယ်တံခွန်နှင့် သဒ္ဒါအတွက် ထမင်းပွဲဖွင့်ပေးထားပြီး ထမင်းစားနှင့်တော့သည်။ နှယ်တံခွန်က ခြံထဲဆင်းမျှော်သည်။

အချိန်တွေသာ ကုန်သွားသည်။

ဖေဖေတို့လည်း ရောက်မလာကြသေးပါ။ နှယ်တံခွန် စိတ်ပူစပြုလာသည်။

သဒ္ဒါရှိရာ တိုက်ကလေးထဲ ပြန်ဝင်လာခဲ့၏။ တစ်ယောက်တည်း တွေးနေတော့ သွေးပျက်တုန်လှုပ်လာမိ၏။

"မေမေတို့လည်း ရောက်မလာသေးဘူး၊ ဘာများဖြစ်ကြသလဲမသိဘူး သဒ္ဒါရယ်"

"ဘာမှမဖြစ်နိုင်ပါဘူး၊ ရောက်လာမှာပေါ့"

ပြောသာပြောရသည် သဒ္ဒါလည်း စိတ်ပူစပြုပြီ။

"ဘာဖြစ်လို့ ဒီလောက်နောက်ကျရတာလဲ၊ ဘာဖြစ်နေတာလဲ၊ နှယ်တံခွန် ရင်တွေတုန်လိုက်တာ သဒ္ဒါ"

နှယ်တံခွန်က သဒ္ဒါလက်ကိုဆွဲကာ နှုတ်မှတတွတ်တွတ်



www.burmeseclassic.com

www.burmeseclassic.com



ရွတ်နေမိသည်။

“ဒီနေ့မလာဖြစ်တာလား၊ ဖုန်းလည်းဆက်တယ်လာမယ်ဆိုပြီး သေသေချာချာပြောတာပဲ၊ တစ်ခုခုများဖြစ်ကြသလား၊ ဖွ…လွဲစေဖယ်စေ”

နွယ်တံခွန်က လမ်းလျှောက်လိုက်၊ ထိုင်လိုက်နှင့် မတည်ငြိမ်နိုင်။

နောက်တော့ ဖုန်းမြည်သံကြားရသည်။

“မေမေတို့ဆက်တာလားမသိဘူး”

နှုတ်မှရေရွတ်ရင်း ဖုန်းသွားကိုင်ဖြစ်သည်။

ရင်ထဲမှာလည်း တဒုန်းဒုန်းနှင့်။

“ဦးတံခွန်တို့အိမ်ကပါလား”ဟု တစ်ဖက်ကမေးလာတော့ နွယ်တံခွန် ရင်ထဲမှာ လှိုက်ဟာအေးစက်သွား၏။ တစ်ခုခုကို သိလိုက်သလိုပင်။

“ဖေဖေနှင့်မေမေ”

သူမ နက်ရှိုင်းစွာ စိတ်ထဲကခေါ်မိ၏။





“ဦးတံခွန်နဲ့ ဒေါ်သက်ထက်နွယ် ကားအက်ဆီးဒင့်ဖြစ်ပြီး ဆေးရုံရောက်တော့ ဆုံးသွားတယ်၊ အခုပြောတာ ဘာတော်လဲမသိဘူး”

“ရှင်”

ဘာတွေပြောလိုက်တာလဲ၊ နွယ်တံခွန် မသိချင်မကြားချင်။

မဟုတ်ပါဘူး၊ မှားနေပြီ။ မဖြစ်နိုင်ပါဘူး။

ဖေဖေနဲ့မေမေ ဘာမှမဖြစ်ပါစေနဲ့။

တုန်လှုပ်ချောက်ချားစွာ ငြင်းမိသည်။ လက်မခံနိုင်။

သွေးရူးသွေးတန်းဖြင့် ငြင်းမိသည်။

နှုတ်က ငြင်းနေပေမယ့် မျက်ရည်တွေက ပါးပြင်ပေါ်ပွန်းစွာ စီးကျလာသည်။

“မဟုတ်ဘူး…လုံးဝမဟုတ်ဘူး၊ ဖေဖေနဲ့မေမေ ဘာမှမဖြစ်ပါဘူး၊ နွယ်တံခွန် မယုံဘူး၊ ဖေဖေရေ မေမေရေ သမီးကို မထားခဲ့ပါနဲ့၊ သွားမယ်ဆိုလည်း အတူတူသွားမှာပေါ့၊ သမီး



www.burmeseclassic.com

www.burmeseclassic.com



မနေခဲ့ပါဘူး၊ သမီးကိုပါခေါ်ပါ၊ ဖေဖေနဲ့မေမေ မသေရဘူး၊ သမီးကို တစ်ယောက်တည်း ထားမသွားနဲ့၊ သမီး သေခွင့်မပြုနိုင်ဘူး။ နွယ်တံခွန်ဆီ ပြန်လာပါ။ ဖေဖေ မေမေ မရှိရင် နွယ်တံခွန် ဘယ်လိုအသက်ရှင်ရမလဲ၊ သမီးကို ဘယ်သူစောင့်ရှောက်မှာလဲ"

နွယ်တံခွန် ချောက်ချားတုန်လှုပ်စွာ အော်မိသည်။

"ဖေဖေရေ...မေမေရေ"



"မဟုတ်ဘူး...မဟုတ်ဘူး၊ ဖေဖေ မေမေ နွယ်တံခွန် မယုံဘူး၊ အခုပြန်လာပါ၊ နွယ်တံခွန် ဘယ်သူ့ကို အားကိုးပြီးနေရမှာလဲ၊ ဟင့်အင်း...ဟင့်အင်း ထားမသွားပါနဲ့၊ စိတ်ချလက်ချ မထားခဲ့ပါနဲ့၊ ဟင့်...ဟင့်...ဟင့်"

"နွယ်တံခွန်"

ဘုန်းပြည့်က တစ်ကိုယ်လုံး ချွေးတွေစို့ကာ အေးစက်နေပြီး အဆက်မပြတ် ညည်းညူနေသော နွယ်တံခွန်ကို ဖြည်းဖြည်းသာသာ နှိုးသည်။

အိပ်မက်ဆိုးမက်ပြီး ယောင်အော်နေပါလား။

နွယ်တံခွန် ဖျတ်ခနဲ နိုးလာ၏။

ချက်ချင်းပဲ ကျူးထကာ မောင့်ကို အားကိုးတကြီး ဖက်



www.burmeseclassic.com

www.burmeseclassic.com



ထားသည်။ ရင်ထဲမှာ မောလိုက်တာ မိုင်ပေါင်းများစွာ ပြေးလာရသူတစ်ယောက်လို။

အမယ်လေး… ဘာတွေလျှောက်မက်နေတာလဲ။

အိပ်မက်က နိုပ်စက်လွန်းလှသည်။

ခုထက်ထိ ကြောက်စိတ်မပြေ။ ခေါင်းချွေးတွေ ရွှဲနစ်ကာနေ၏။

"အိပ်မက်မက်နေတာလား၊ မောင် စိတ်ပူသွားတာပဲ။ အိပ်မက်ယောင်ပြီး အော်တာ ဆူးဆူးဝါးဝါးပဲ၊ ဘာမှမဖြစ်ပါဘူး နွယ်တံခွန်ရယ်၊ ဘာတွေလျှောက်စဉ်းစားပြီး အိပ်တာလဲ။ နွယ်တံခွန်ဘေးမှာ မောင်ရှိတာပဲ၊ မောင်က နွယ်တံခွန့်ရှေ့မှာ မားမား မတ်မတ်ရပ်မယ့်သူပါကွာ၊ ဘာမှမစိုးရိမ်နဲ့"

မောင် အားပေးနှစ်သိမ့်ပြီး ပွေ့ပိုက်ချော့သိပ်ပါသည်။

ကြောက်လွန်းလို့ ထပ်မက်မှာပင် စိုးထိတ်နေမိပါပြီ။

အိပ်ပျော်သွားလျှင် ထိုအိပ်မက်က ဆက်မက်ဦးမှာလား။ ဘာတွေဆက်ဖြစ်ဦးမှာလဲ။





သိလည်းသိချင်သည်။

သိလည်းမသိချင်။

သိမ်းပိုက်က နွယ်တံခွန်ကို ရယူပိုင်ဆိုင်သွားမှာလား။ နွယ်တံခွန်က တစ်ယောက်တည်းဖြစ်သွားခဲ့ပြီး အိပ်မက်ထဲမှာ နွယ်တံခွန် တော်တော်ဒုက္ခရောက်သည်။

"ဟင်း"

သက်ပြင်းတစ်ချက်ရှိုက်ကာ…

"မောင်…မအိပ်ချင်သေးဘူး၊ ကော်ဖီသောက်ရအောင်နော်"ဟု ဆိုမိ၏။

"အင်း…ကောင်းသားပဲ"

ပြန်အိပ်ပျော်သွားမှာ တစ်ဝက်တစ်ပျက် အိပ်မက်ကို ထပ်မက်မှာ ရှိထိတ်စွာနှင့် အချိန်ဆွဲမိတာ။

မောင်နှင့် နွယ်တံခွန် ကော်ဖီအတူတူသောက်ဖြစ်ကြသည်။ တရေးနိုးမို့ ကော်ဖီကို ခပ်ပျော့ပျော့ပဲ ဖျော်သောက်သည်။

ကော်ဖီပြင်းလျှင် တော်တော်နှင့် ပြန်အိပ်မပျော်မှာစိုးလို့



www.burmeseclassic.com

www.burmeseclassic.com



ပါ။ မောင်က ချက်ချင်းမေး၏။

"စောစောက ဘာတွေမက်တာလဲ"

"ဓာတ်လမ်းတစ်ခုလိုပဲ စီကာစဉ်ကာမက်တယ် မောင်၊ ရှင်းရှင်းလင်းလင်းပဲ"

"ဩော်...ဟုတ်လား"

"မောင့်သူငယ်ချင်း သိမ်းပိုက်လည်းပါတယ်"

"ဟင်"

"သူက နှယ်တံခွန်ကို မရမက ကြိုးစားနေတာ၊ မေမေနဲ့ မေမေက ရုတ်တရက်ဆုံးသွားတယ်"

"အဲဒီတော့"

"အဲဒီအချိန်မှာပဲ လန့်နိုးသွားတာ"

ဘုန်းပြည့်က နှယ်တံခွန်၏ လှပသောဆံပင်စင်းစင်း ကလေးများကို လက်နှင့်ဖွဖွသပ်ပေးသည်။

"အစွဲအလမ်းမကြီးပါနဲ့ မောင့်မိန်းမရယ်"

"မဟုတ်ဘူး၊ သူ့ဘာသာသာမက်တာ"





မောင်က နှယ်တံခွန်၏လက်ကို တင်းတင်းဆုပ်ကာ

"ဒါဆိုရင် ဒီလိုလုပ်"

မောင်က အကြံဉာဏ်ပေးသည်။

"လုံးဝမကြောက်နဲ့၊ ဒါ အိပ်မက်လို့ အသိစိတ်မှာ စွဲနေအောင် မှတ်ထား၊ မက်ချင်ရာ မက်ပါစေ၊ မောင်ဘေးမှာရှိတာပဲလို့ ယုံကြည်ထား"

"အင်း"

နှယ်တံခွန်က အားတင်းပြီး ခေါင်းညိတ်သည်။

မောင့်လက်ကို တင်းတင်းပြန်ဆုပ်ထားမိသည်။

ကြောက်ရိပ်ဝိုင်းသော မျက်လုံးများကို မောင်က နမ်းလည် သည်။

"နှယ်တံခွန့် အိပ်မက်ထဲမှာ မောင်ရှိနေမယ်၊ မောင်လိုက်ခဲ့ မယ်၊ အိပ်မက်ထဲအထိ လိုက်ကြည့်မယ်၊ ဘာတွေဘယ်လို မက်သလဲဆိုတာ နှယ်တံခွန် မကြောက်ပါနဲ့"

မောင်က ရယ်စရာပြောတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နွယ်တံခွန်စိတ်တွေ ပေါ့ပါးရွှင်ပျလာ၏။

အိပ်မက်မက်မှာလည်း မတုန့်လှုပ်တော့ပါ။

မောင့်ရင်ဘတ်မှာ ပါးလေးအပ်ကာ အကြာကြီး ငြိမ်နေမိ၏။ မောင်က သမီးရည်းစားဘဝက အကြောင်းတွေ ပြန်ပြောပြသည်။ နွယ်တံခွန်နှင့် ပတ်သက်ပြီး အလုံးစုံမှတ်မိနေသည်။ ရယ်စရာတွေရော စိတ်ကောက်တာတွေရော အကုန်လုံးပါပဲ။

"မောင်က မောင့်မိန်းမနဲ့ ပတ်သက်လာရင် အကုန်မှတ်မိပါတယ်ကွာ၊ မမေ့ပါဘူး၊ မောင့်အတွက် သားသားမီးမီးလေးတွေ မြန်မြန်မွေးပေးတော့ကွာ"

နွယ်တံခွန် ရှက်ပြုံးကလေးနှင့် ခေါင်းညိတ်သည်။

နှစ်ယောက်တည်းရှိသော ဘဝထဲကို အနှောင့်အယှက် ဝင်လာမှာလည်း စိုးရိမ်မိပါပြီ။ နိုင်မာသော မိသားစုဘဝလေး ရချင်ပြီ။



တနင်္ဂနွေအိပ်မက် (အပိုင်း ၂)



www.burmeseclassic.com

www.burmeseclassic.com

တနင်္ဂနွေနေ့ည

ညလယ်ပိုင်း

(သန်းခေါင်ယံ)



www.burmeseclassic.com

www.burmeseclassic.com

"တခြားရွေးစရာလမ်း မရှိဘူး၊ ဒေါ်ကေသီနဲ့ နွယ်တံခွန် နှစ်ယောက်တည်း ဘယ်ဖြစ်ပါ့မလဲ၊ မောင်သိမ်းပိုက် စောင့်ရှောက်ပေးချင်တာ လက်ခံလိုက်ပါ၊ ဒါမှ ဒေါ်ကေသီလည်း စိတ်အေးရမှာ"

မိဘတွေဆုံးပြီး နှစ်ပတ်ခန့်ကြာတော့ ဒေါ်ကေသီက ပေါ်ပေါ်တင်တင် တိုက်တွန်းလာ၏။ နွယ်တံခွန် ရင်ထဲမှာ အရမ်းခံစားနေရသည်။ ရင်ထဲမှာ လဲပြိုနေပါပြီ။ လူကလည်း စက်ရုပ်တစ်ခုလို အသက်မပါ အားငယ်သောစိတ်၊ ဝမ်းနည်းသောစိတ်က သူမကို ဖိစီးထားသည်။

ဒေါ်ကေသီကလည်း သည်စကားများကိုသာ ထပ်ကာ ထပ်ကာ တလဲလဲပြောဆိုနေသည်။ အပ်ကြောင်းထပ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

နားပူလှသည်။

သူမဘာမျှပြန်မပြော။ ပြောချင်စိတ်ကို မရှိတာ။

သောကဝန်က မနိုင်မနင်းနှင့် ဘာကိုမှမတွေးချင်။

"တစ်သက်လုံးငိုနေလို့ ဖြစ်မလား၊ ရှေ့ဆက်ရမယ့် ဘဝက ရှိသေးတယ်လေ၊ လိုက်သေလို့ ရတယ်လည်းမဟုတ်ဘူး"

ဒေါ်ကေသီ၏စကားက မာထန်လွန်း၏။

နွယ်တံခွန် ဒေါ်ကေသီကို စူးခနဲကြည့်ရင်း ဝုန်းခနဲထက ဒေါသတကြီးနှင့်

"ဒီမှာ ကျွန်မအေးအေးနေစမ်းပါရစေ၊ ဘာလို့ ဒီလော နှောင့်ယှက်နေတာလဲ၊ အလိုက်သိဖို့ကောင်းတယ်"

တုန်ခိုက်ဆို့နင့်စွာ ပြောမိသည်။ မျက်ရည်တွေလည်း ဝေ့လာ၏။

"ကျေးဇူးမသိတတ်ဘူး၊ ငါက ညည်းကို စောင့်ရှောက် ပေးနေတာ၊ ငါတကယ်စိတ်ကုန်တယ်၊ ဘယ်လိုတိုက်တွန်းနား ပါမှ ပြောစကားနားထောင်မှာလဲ"





သည်တော့ နွယ်တံခွန်ကို သိမ်းပိုက်၏ဘဝထဲသို့ ရောက်ရှိ ဒေါ်ကေသီ ဘယ်လိုကြိုးစားရမှာလဲ။ ဘယ်နည်းနှင့်မဆို ကြိုးစားရမှာပဲ။ လက်မလျှော့ချင်။

"ဒီည မောင်သိမ်းပိုက်လာရင် ကောင်းကောင်းမွန်မွန် ဆက်ဆံပါ၊ ဒေါ်ကေသီက လုံးဝသဘောတူတယ်၊ ငါတို့နှစ်ယောက် မှာ သူပဲအားကိုးရှိတယ်၊ အလုပ်ကိစ္စတွေလည်း သူပဲလုပ်ပေးနေရ တာ"

"အိုး…မဆိုင်ပါဘူး၊ သူ့ကို ဘယ်သူလုပ်ခိုင်းလို့လဲ၊ သူ့အကူညီလည်း မယူဘူး"

"လက်လွတ်စပယ်မပြောစမ်းပါနဲ့၊ တော်ကြာ စေတနာ တွေ စော်ကားခံရလို့ စိတ်ဆိုးနေပါဦးမယ်"

"လဲသေလိုက်ပါလား"ဟု စိတ်ထဲကပြောမိသည်။

"ဒီကိစ္စကို နွယ်တံခွန်မိဘတွေရှိရင် သဘောတူမှာ မဟုတ်ဘူး၊ နွယ်တံခွန်လည်း သူ့ကိုသဘောမကျဘူး၊ လက်ထပ်ဖို့ ဆိုတာ အဝေးကြီး"



www.burmeseclassic.com

www.burmeseclassic.com

"သဘောမကျလည်း လက်ထပ်ရမှာပဲ"

အထက်စီးဖြင့် ပြောကာ နွယ်တံခွန်ကို မကျေမနပ်ကြည့်သည်။

မုန်းစရာကောင်းလိုက်တာ။

ဒေါ်ကေသီ ပြောင်းလဲသွားလိုက်တာ မယုံနိုင်စရာပင်။

သူ့ကိုယ်သူ ဘာထင်နေသည်မသိ။

သဒ္ဒါကိုလည်း ဒေါ်ကေသီက ရန်လုပ်လွှတ်သည်။ သဒ္ဒါက ဒေါ်ကေသီကို ကြောက်ပြီး အလာကျဲသွားသည်။

ဘာသဘောလဲ၊ နွယ်တံခွန် မကျေနပ်ချင်။

သို့သော် အိမ်ကြီးထဲမှာ ဒေါ်ကေသီနှင့် နွယ်တံခွန် နှစ်ယောက်တည်း။

သူ့ကိုလွန်ဆန်၍မရ။

ပြီးတော့ စိတ်ဒဏ်ရာက ပြင်းစွာရရှိထားသည်။ ငိုရလွန်း၍ ခေါင်းတွေကိုက်ကာ အုံ့ခဲနေခဲ့သည်။

ဒေါ်ကေသီကို နွယ်တံခွန် စိတ်မချ၊ မလုံခြုံသလို ခံစားရ





သည်။

အရင်းနှီးဆုံးမိတ်ဆွေသူငယ်ချင်း သဒ္ဒါနှင့်လည်း အဆက်အသွယ်ပြတ်ကာ ဖုန်းပင်ပြောခွင့်မရ။ လိုက်ပိတ်ပင် စွက်ဖက်သည်။

ဒေါ်ကေသီက အနီးဆုံးနေပြီး အကြီးဆုံးရန်သူဖြစ်ခဲ့သည်။

လူယုံသတ်၍ သေရမည့်အဖြစ်။

တစ်သက်လုံးရှိခဲ့ဖူးသော မေမေ မေမေတို့ ကျေးဇူးကိုမှ မထောက်။ မေမေမနေဂျာ ဦးမော်ထွန်းကလည်း နွယ်တံခွန်ကို သိမ်းပိုက်နှင့် လက်ထပ်ဖို့ တိုက်တွန်းသည်။

"မေမေ မေမေတို့ဆုံးပြီးတာ မကြာသေးတာမို့ မင်္ဂလာကိစ္စကို မစဉ်းစားချင်သေးပါဘူး ဦးမော်ရယ်"

ချက်ချင်းပဲ သူမငြင်းလိုက်သည်။ အားမနာနိုင်ပါ။

"ပြီးတော့ ချစ်သူလည်းမရှိသေးပါဘူး"

"မောင်သိမ်းပိုက်က လက်ထပ်ခွင့်တောင်းထားတယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



မဆိုးပါဘူး၊ သူက ယုံကြည်အားကိုးထိုက်တယ်၊ ပုပ်ငန်းတွေလည်း သူပဲကူညီနေတာဆို''

ဦးမော်ထွန်းစကားများကို နှယ်တံခွန် သွေးခဲမတတ် ဖြစ်သွားရသည်။

''သူကို ဘယ်တော့မှလက်မထပ်ဘူး''

နှယ်တံခွန်က အသံတိုးတိုးတိမ်တိမ်ကလေးဖြင့် ငြင်းမိသည်။

''သူကိုယူမယ့်အစားတော့ သေတာကမှ ကောင်းဦးမယ်''

လူဆိုတာ စိတ်ချမ်းသာမှု အဓိကပါ။

သိမ်းပိုက်ကို မနှစ်သက်ဘဲ လက်မထပ်ချင်ပါ။ ဘယ်သူတွေ ဘယ်လောက်တိုက်တွန်းတိုက်တွန်း နှယ်တံခွန် ယတိပြတ်ငြင်းရမှာပါပဲ။



တစ်နေ့ထက်တစ်နေ့ သူမစိတ်တွေ ညှိုးနွမ်းလာသည်။ ခြောက်သွေ့အထီးကျန်သလို ခံစားရသည်။ ပြီးတော့ မေမေတို့ကိုလည်း လွမ်းလှသည်။

လစ်ဟာကြေကွဲမှုကို ဖြေမရ။

အိပ်မက်ဆိုးတစ်ခု မက်နေသလို ခံစားရသည်။

နှယ်တံခွန် နေလို့လည်းမကောင်း။ အမြဲ နုံးခွေပြီး အိပ်ရာပေါ်နေချိန်များသည်။ တစ်ခါတစ်ရံတော့ အဝေးကြီးကို ထွက်ပြေးသွားချင်သည်။

သို့သော် ဘယ်ကိုပြေးရမှန်းမသိ။

ကိုယ်တစ်ယောက်တည်း လောကအလယ် ဘယ်လိုရပ်တည်ရပါ့မလဲ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကိုယ်က မိန်းကလေး။ တစ်ယောက်တည်းဆို မသင့်တော်။

အန္တရာယ်ရှိနိုင်သည်။

ဒေါ်ကေသီကိုတော့ စိတ်ဆိုးမိသည်။ မေမေတို့ကျေးဇူးကို မထောက်။

ဒေါ်ကေသီက သူမကို အော်ငေါက်သည်မှာ ပြောင်းပြန် ဖြစ်နေပါပြီ။

သူထွက်သွားလျှင် နှယ်တံခွန်တစ်ယောက်တည်း ဘယ်လို လုပ်ရမလဲ။

တစ်ခါတလေတော့လည်း စိတ်ကောင်းကလေးဝင်ကာ နှယ်တံခွန်ကို ဒေါ်ကေသီ သနားမိသည်။ နှယ်တံခွန်ရယ် သနား စရာကောင်းလိုက်တာ။

"ဒေါ်ကေသီက ကရုဏာဒေါသနဲ့ ပြောမိတာပါကွယ်၊ နှယ်တံခွန်ကို အကောင်းဆုံးလုပ်ပေးတာပါ"

မာကျောစွာ အမိန့်ပေးမရတော့ ချော့မော့ပျောင်းဖျသည်။





သည်လိုပြောလာတော့လည်း နှယ်တံခွန် စိတ်မကောင်း။

ဒေါ်ကေသီအတွက် နှယ်တံခွန်က မနိုင်ဝန်ဖြစ်နေပြီလား။

သူနေရာက စဉ်းစားကြည့်တော့လည်း အိမ်မှာ သူကလူ ကြီး။

နှယ်တံခွန် သူ့ကိုဒုက္ခပေးသလို ဖြစ်နေပြီလားဟု တွေး ကြည့်မိသည်။

သူ့အကြံအစည်ကို နှယ်တံခွန်မှမသိဘဲ။

"မောင်သိမ်းပိုက်နဲ့ နှယ်တံခွန် တွေ့ကြည့်ပါလား၊ ဒေါ်ကေသီ တောင်းပန်ပါတယ်၊ သူ့ကို သမီးက မကောင်းထင်နေ တာပါ၊ အထင်လွဲနေတာပါ၊ သူက သစ္စာရှိရှိ မိကောင်းဖခင် သားသမီးပီသစွာ လက်ထပ်မှာပဲ၊ သူတွေ့ချင်နေတာ တွေ့ခွင့်ပေး လိုက်ပါ၊ သမီးက လိမ္မာတယ်၊ သမီး ကောင်းကောင်းမွန်မွန် အိမ်ထောင်ကျသွားရင် ဒေါ်ကေသီလည်း ဝန်ပေါ့သွားပြီ၊ သမီး မေမေနဲ့ ဖေဖေတို့လည်း တမလွန်ဘဝကနေ ကျေနပ်ကြမှာပါ"

နှယ်တံခွန် သက်ပြင်းရှိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အငြင်းစကားကို ယတိပြတ်မဆိုနိုင်တော့ပါ။

"ရှင်းပြမှဖြစ်တော့မယ် နွယ်တံခွန်ရယ်၊ ရှေ့ရေးအတွက် အစစအရာရာ စောင့်ရှောက်လာတဲ့ ဒေါ်ကေသီအတွက် ငဲ့ညှာပါဦး"

နွယ်တံခွန် ဘာပြောရမှန်းတောင်မသိ။ ဒေါ်ကေသီကိုသာ ငေးစိုက်ကြည့်နေမိသည်။

ရင်မောလိုက်တာ။ နားဝင်ဆိုးလိုက်တဲ့စကားတွေ။

"မောင်သိမ်းပိုက် ဆက်မကူညီရင် လုပ်ငန်းတွေ ရပ်ထားရမှာ၊ ဘယ်သူ့အုပ်ချုပ်မလဲ၊ သမီးလည်း ဘာမှနားလည်တာ မဟုတ်ဘူး၊ သူကရော သူ့စိတ်ပျက်သွားရင် လှည့်ကြည့်မှာမဟုတ်ဘူး၊ ဒီခေတ်ကြီးထဲမှာ လူလည်တွေအများကြီး အများကြီးစဉ်းစားပါမှ အသင့်တော်ဆုံးကို တိုက်တွန်းနေတာပါကွယ်၊ လူကြီးစိတ်မွေးပြီး သမီးစဉ်းစားပါဦး"

နွယ်တံခွန် နားမလည်နိုင်။ မျက်နှာကလေးပျက်ကာ ငြိမ်နေမိသည်။





"သူ့ကိုလက်ထပ်မှ မဟုတ်ပါဘူး၊ တခြားနည်းနဲ့လည်း ဖြေရှင်းနိုင်ပါတယ်"

"မဖြေရှင်းနိုင်ပါဘူး၊ သမီးစွတ်မိုက်ငြင်းနေတာပါ"

"ပြီးရောလေ…သမီးစဉ်းစားပေးမယ်"

နွယ်တံခွန် သက်ပြင်းရှည်ကြီးချလိုက်သည်။

နွယ်တံခွန် မောလှပါပြီ။ ယန်းလှပါပြီ။ စိတ်ကိုတင်းမထားနိုင်တော့ပါ။

အနည်းဆုံးတော့ သိမ်းပိုက်နှင့် တစ်ကြိမ်တွေ့ပြီး စကားပြောကြည့်လိုက်မည်။

"သမီးကို သူနဲ့တွေ့ဖို့ စီစဉ်ပေးပါ"

"အမယ်လေး…ဝမ်းသာလိုက်တာ နွယ်တံခွန်ရယ်"

ဒေါ်ကေသီက ခုမှစိတ်အေးသွားတော့သည်။ သူ့အကြံ အောင်တော့မည်။ နွယ်တံခွန်အပေါ် မတရားတာလုပ်တာ မဟုတ်၊ မောင်သိမ်းပိုက်ကိုရလျှင် နွယ်တံခွန် ကံကောင်းတာပဲမဟုတ်လား။

လောကကြီးအလယ်မှာ တစ်ယောက်တည်းဖြစ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ထက်စာရင် မောင်သိမ်းပိုက်ကို လက်ထပ်တာ အကောင်းဆုံးပါ။ မှန်ကန်သောရွေးချယ်မှုပါ။ မောင်သိမ်းပိုက်က နွယ်တံခွန်ကို မမြတ်နိုးရင်တောင် မက်မောနေမည်။ မက်မောစိတ်နှင့် တန်ဖိုးထားမှာပါ။



မျက်နှာချင်းဆိုင်ထိုင်ကာ မျက်လုံးမလွှဲတမ်း ကြည့်နေတော့ နွယ်တံခွန် မနေတတ်ပါ။

ထမင်းစားပွဲတွင် သူနှင့်နွယ်တံခွန် နှစ်ယောက်တည်း။

သူက ကျကျနန ကြိုတင်စီစဉ်ပြီးမှ နွယ်တံခွန်ကို ခေါ်လာခဲ့တာပါ။

သူနှင့်အပြင်ထွက်လာတော့ ရင်ထဲမှာ နည်းနည်းတော့ လန်းဆန်းမိသည်။

အိမ်ထဲမှာနေခဲ့သော ရက်တွေများသွားသည်။ သူကတော့ အရမ်းပျော်ရွှင်နေပုံပါ။ မျက်နှာက တစ်ချိန်လုံး ပြုံးနေသည်။

ဒါဟာ သူဖြစ်စေချင်သော ဆန္ဒပဲမဟုတ်လား။

ဟင်းမျိုးစုံကို ဖွယ်ဖွယ်ရာရာမှာထားသည်။

မိုးမိုး ◆ စာပေ

www.burmeseclassic.com

www.burmeseclassic.com



သိမ်းပိုက်က ကျေနပ်စွာပြုံးသည်။

သူ့ကို တည့်တည့်မကြည့်ဘဲ သူကလေးက မျက်လွှာချ ထားသည်။

ဘာမှပြင်ဆင်ခြယ်သမထားပေမယ့် အရုမ်းလှနေသည်။

ဘာပဲဖြစ်ဖြစ် သူ့ကိုလာတွေ့သည်ဆိုတော့ မျှော်လင့်ချက် ရှိလာသည်။

နွယ်တံခွန် တစ်နေ့လုံး စဉ်းစားခဲ့သည်။

ဒေါ်ကေသီက ဘာကြောင့်များ သည့်မျှဖြစ်စေချင်ပါလိမ့် ဆိုတာ။

ပြီးတော့ သူမ သိမ်းပိုက်ကို လက်ထပ်နိုင်ပါ့မလားဟု ကိုယ့်ကိုယ်ကိုလည်း မေးမိပါသည်။

ပြတ်ပြတ်ငြင်းနေလို့လည်း မရ။ လက်လည်းမခံနိုင်။

စီးပွားရေးလုပ်ငန်းတွေက ဦးစီးမည့်သူမရှိလို့မရ၊ သိမ်းပိုက် ကို မလွဲမရှောင်သာ လက်ခံရတော့မလိုဖြစ်လာသည်။

ဘာလို့မှန်းမသိ။ သူ့ရှေ့ရောက်လျှင် နွယ်တံခွန် ကြောက်





စိတ်ဝင်မိသည်။

သူက ရုပ်ချောချော။

စတိုင်လ်ဖြောင့်ဖြောင့်။

အလွန်ချမ်းသာကြွယ်ဝသော သူဌေးသား။ တကယ်ဆို နှစ်သက်ချင်စရာပါ။

သို့သော် ရင်ထဲမှာ ထိတ်နေသည်။ မယုံကြည်ရဲ။

သူ့ကိုကြည့်ရသည်မှာ ရက်စက်ယုတ်မာမည့်ပုံဟု သံသယဝင်မိသည်။

သူက နွယ်တံခွန်၏ဘေးမှာ ဝင်ထိုင်လိုက်သည်။

"ကျွန်တော် အရုမ်းပျော်တယ်ဗျာ၊ ကျွန်တော်က ဒီလို နှစ်ယောက်တည်း စကားပြောချင်တာ"

"အင်း"

"နွယ်တံခွန် ဘာလို့ ဒီလောက်စိမ်းကားရတာလဲ"

သူမ မျက်နှာလေးပျက်ကာ...

"တမင်လုပ်တာ မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

“အရင်ကလိုပဲ ပျော်ပျော်နေပါ”

“ဘယ်တော့မှ အရင်လိုဘဝ၊ အရင်လိုစိတ်ဓာတ်မျိုး ပြန်မရနိုင်တော့ဘူး”

သူက စူးခနဲကြည့်လိုက်သည်။

နွယ်တံခွန်၏ ခံစားမှုများကို သူနားမလည်။

ဝေဒနာတစ်ခုကို တမြေ့မြေ့ ခံစားပြီး ကြေကွဲမနေချင်။

သူနှင့်နွယ်တံခွန် အတွေးအခေါ် မတူ။ ဘာမှမတူ။

“အင်းလေ…ဘာပဲဖြစ်ဖြစ် နွယ်တံခွန် ပျော်ရွှင်အောင် ကျွန်တော်ကြိုးစားရမှာပဲ”

“တကယ်လားဟင်”

မယုံမရဲမေးမိ၏။ အားကိုးချင်စိတ်ကလေး လှစ်ခနဲ ပေါ်လာသည်။

တစ်စက်မှ အထင်ကြီး၍ မရခဲ့သော သည်ယောကျ်ားသားတွင် ကြင်နာမှုလေးတော့ ရှိပါလားဟု ရုတ်တရက် တွေးလိုက်မိသည်။





“တကယ်ပဲပေါ့၊ ဒါ ကျွန်တော့်တာဝန်ပဲဟာ”

ကြာလာရင်တော့ နွယ်တံခွန် ဖြေသာလာမှာပါ။

“ကျွန်တော်ကတော့ ရာသက်ပန် ပျော်အောင် ဖန်တီးပေးချင်တာပါ”

သူက နွယ်တံခွန်ဘေးတွင် ထိုင်ကာ လက်ဝါးနုနုကလေးကို နမ်းသည်။

“နွယ်တံခွန်ကို သိပ်ချစ်တယ်၊ ကျွန်တော့်ကို ပြန်ချစ်ပါ၊ လက်ထပ်ပါ၊ အားကိုးပါ၊ အခုလို လောကကြီးထဲမှာ တစ်ယောက်တည်း အားကိုးရာမဲ့နေတာ မကြည့်ရက်ဘူး၊ ကျွန်တော့်ရင်ခွင်ထဲမှာ နားပါလား”

သူ့စကားများကို နားထောင်ရင်း ရင်ထဲမှာ ထုံကျင်နေသည်။

သူ့စကားများက နွယ်တံခွန်ကို ဖြေသိမ့်မှုမပေးနိုင်။

သူပြောသမျှကို နားထောင်ရင်း ဘယ်အရာမှ သူမကို စိတ်မပြောင်းလဲနိုင်မှန်း သိလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကိုသိမ်းပိုက်"

ဟန့်တားသလို ခေါ်မိ၏။

"မရှန်းပါနဲ့ နှယ်တံခွန်ရယ်၊ ကိုယ့်ကိုသာ လက်ထပ်ပါ၊ ကိုယ် အစစအရာရာစောင့်ရှောက်မယ်"

သူ့စကားကို ငေးငေးကလေးကြည့်ကာ နားထောင်နေသော နှယ်တံခွန်ကို အားမလိုအားမရဖြစ်မိရင်း သူမကိုယ်လေးကို ရင်ခွင်ထဲ ဆွဲသွင်းလိုက်ကာ…

"ကိုယ့်ကို မငြင်းပါနဲ့၊ ကိုယ့်ကိုခေါင်းညိတ်ပါကွာ"ဟု တောင်းဆိုမိ၏။

"ဟင့်အင်း…လွှတ်ပါ"

ပိုင်စိုးပိုင်နင်း နိုင်လှသော ရဲတင်းလွန်းကဲသော သူ့အပြုအမူကို စိတ်ပျက်သွားမိရင်း သူ့ကို လက်မခံနိုင်ပါလားဟု တစ်ထိုင်တည်း ဆုံးဖြတ်လိုက်မိသည်။

သေချာသွားသည်။ ဘယ်လိုမှမဖြစ်နိုင်တာ။

အသက်ရှူကျပ်ကာ သူ့ကို တွန်းပစ်လိုက်သည်။





သူ့ကိုကြည့်ကာ လာတွေ့မိတာ မှားပြီဟု နောင်တရမိသလိုပင်။

သူ့အပြုအမူက ကြွက်ကိုဖမ်းမိထားသော ကြောင်လို အပိုင်တွက်လွန်းသည်။

အခုတော့ ဘာတတ်နိုင်သေးလဲဟု စိန်ခေါ်နေသလိုပင်။

နှယ်တံခွန်၏မာနကို ရိုက်ချိုးပြီး ကျေနပ်နေပုံမျိုး။

တမြတ်တနိုးနှင့် ကြင်နာနားလည်ပုံလည်း လုံးဝမရပါလား။

"ကိုယ့်ကို ဘာလို့ငြင်းတာလဲ၊ ဘာလို့ ခါးသီးနေတာလဲ၊ ကိုယ်ဘယ်အထိ စိတ်ရှည်ရမလဲ၊ ပြောစမ်းပါ"

နှယ်တံခွန်၏ ပုခုံးစွန်းကို တင်းတင်းဆုပ်ကာ သူက ဒေါသတကြီးမေး၏။

သူလုံးဝမကျေနပ်ချင်။

သည်လိုနေ့ကို သူ အင်မတန် စိတ်ရှည်ရှည်ထားပြီး စောင့်ခဲ့ရတာပါ။



www.burmeseclassic.com

www.burmeseclassic.com

ခုတော့ နှယ်တံခွန်က သူ့ကို သာယာချမ်းမြေ့မှုမပေး။

အေးစက်စိမ်းကားလွန်းလှသည်။

မနှစ်သက်ခြင်း၊ မကြည်ဖြူခြင်းများကို သူ့မျက်လုံးများထဲတွင် မြင်ရသည်။ သူ ဂရုမစိုက်ချင်ပါ။ ပန်းတိုင်ရောက်အောင်သူက ဇွဲနှင့်ဆက်လျှောက်မှာပါပဲ။ နှယ်တံခွန် ငြင်းလို့မရ။



နှယ်တံခွန်က ခေါင်းညိတ်လက်မခံသေးဘဲ မင်္ဂလာကိစ္စကို စီစဉ်ဖို့ တိုင်ပင်ကြသောအခါ အင်မတန် တုန်လှုပ်ချောက်ချားစွာနှင့် ကြောက်စိတ်ဝင်လာ၏။

တိုင်ပင်တာက ဦးမော်၊ ဒေါ်ကေသီနှင့် သိမ်းပိုက်ပါ။

သိမ်းပိုက်က သူ့ကို နှယ်တံခွန်က လက်ခံလိုက်ပြီဟု ပေါ်တည်တည်ညာသည်။

နှယ်တံခွန် ဆုံးဖြတ်မိသည်။ ဘယ်လိုမှ ဆက်နေ၍ မဖြစ်တော့ပါ။

"ဒီလိုလုပ်နေရင် မဖြစ်ဘူး၊ လူကြီးတွေစီစဉ်တာ နာခံပါ"ဟု ဒေါ်ကေသီက ဆိုသည်။

"ကောင်းပြီလေ၊ ဒီလောက်ခေါင်းမာနေမှတော့ နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူနိုင်မလဲဆိုတာ ကြည့်သေးတာပေါ့”ဟုလည်း စိန်ခေ
သည်။

အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်က
အကြံထုတ်မိသည်။

ဒေါ်ကေသီ အိပ်ပျော်သွားတော့မှ တံခါးကိုအသာဖွင့်က
လှေကားကို ခြေသံမကြားအောင် ဆင်းခဲ့သည်။

မေမေ ဖေဖေတို့နှင့် နေခဲ့သည့် အိမ်ကြီးကို တစ်ချ
လှည့်ကြည့်သည်။

ဒေါ်ကေသီမနိုးခင် ခပ်မြန်မြန်သွားမှဖြစ်မည်။ ထေ
တစ်စီးငှားကာ ထွက်လာခဲ့၏။

လက်ထဲမှာလည်း ပိုက်ဆံများများမရှိ။ လက်ဝတ်လက
စားတော့ ပါသည်။

နှယ်တံခွန် သက်ပြင်းချသည်။ ထွက်သ ပြေမတ
ကြောက်နေသည်။

စျေးသက်သာသော တည်းခိုခန်းမှာ သွားနေရတော့မည်





စိတ်မကောင်းစရာတွေ တွေးမနေတော့ဘဲ အခြောင်
ပြောင်းနေဖို့နှင့် အလုပ်ရဖို့သာ ကြိုးစားရတော့မည်။

အရေးကြီးတာက ဒေါ်ကေသီနှင့် သိမ်းပိုက်ကို နှယ်တံခွန်
ကို ရှာမတွေ့ကြဖို့ပါပဲ။

သူတို့ရှာတွေ့သွားလျှင် နှယ်တံခွန် မလွယ်။

သိမ်းပိုက်က နှယ်တံခွန်ကို ဘယ်နည်းနှင့်မှ အလွတ်ပေး
မှာမဟုတ်။

မတရားသိမ်းပိုက်ချင်သော သူ့ကို နှယ်တံခွန် မုန်းသည်။
သူနှင့်ဝေးသထက်ဝေးအောင် ပြေးချင်သည်။ ဘယ်တော့မှ ထပ်မဆုံ
ချင်တော့ပါ။

တည်းခိုခန်းရှိ အခန်းလေးထဲရောက်မှ အိတ်ကို ဘုတ်ခနဲ
ပစ်ချကာ နံရံကို မှီချရင်း ထိုင်မိသည်။ မျက်ရည်တွေက ပါးပေါ်
လိမ့်ဆင်းကျလာသည်။

ဖေဖေနှင့်မေမေကို အရမ်းသတိရသည်။

နှယ်တံခွန် သည်လိုအဖြစ်ဆိုးတွေနှင့် ရင်ဆိုင်နေရတာသိ



www.burmeseclassic.com

www.burmeseclassic.com



လျှင် ဘယ်လောက် စိတ်မကောင်းဖြစ်လိုက်မလဲ။

လွန်ခဲ့သည့်လ အနည်းငယ်က လောကကြီးတွင် မည်သူ့ကိုမျှ အားကျစရာမလို၊ ပြည့်စုံလွန်းလှသည့် နှယ်တံခွန်တစ်ယောက်ယခုတော့ ကံဆိုးမိုးမှောင်ကျမယ်မှန်း သိခဲ့ရင် ဖေဖေ မေမေတို့နဲ့ လိုက်သွားခဲ့မှာပါ။

မီးပိတ်ကာ အိပ်ရာပေါ်လှဲရင်း စဉ်းစားနေမိသည်။ နှယ်တံခွန် ဘာလုပ်ရင်ကောင်းမလဲ။ ပိုက်ဆံကုန်သွားလျှင် ဘယ်လိုမှ ဆက်ရပ်တည်ဖို့မလွယ်။

ဖေဖေ မေမေတို့၏ ရှေ့နေကြီးကလည်း ခရီးထွက်နေသဖြင့် ရောက်မလာသေးပါ။ ရောက်လာမှပဲ အားလုံးရှင်းရမှာပါ။

လောလောဆယ် ဒါတွေအားလုံးကို ထိန်းသိမ်းထားတာကတော့ ဖေဖေ့မန်နေဂျာ ဦးမော်ထွန်းပါ။ သည်လိုလုပ်တာလည်း နှယ်တံခွန်ကို ထိန်းချုပ်ချင်လို့ပါ။

ဦးမော်ထွန်းကလည်း ကိုသိမ်းပိုက်ဘက်ကို ပါချင်ချင်။



ညကြီးမိုးချုပ် စကားသံများ ကြားရသဖြင့် နှယ်တံခွန် လန့်သွားမိသည်။

တည်းခိုခန်းရှေ့မှာ ကားတစ်စီးရပ်ထားသည်။

အိပ်ရာထကဆင်း၍ ရင်တုန်စွာနှင့် ပြတင်းဝသို့သွား၍ အောက်သို့ကြည့်မိသည်။

ကြောက်ရိပ်က နှယ်တံခွန်တစ်ကိုယ်လုံးကို လွှမ်းခြုံ၍ သွားသည်။

သူမပုန်းနေသည့်နေရာကို သူတို့တွေ့သွားပြီလား။

စဉ်းစားငြိမ်သက်နေခိုက် ခြေသံများကြားရသည်။ ပြီးတော့ တံခါးခေါက်သံကြားရသည်။ နှယ်တံခွန် မျက်နှာကလေး ဖြူရော် ပြီး နှုတ်ခမ်းတွေ ခြောက်သွေ့သွား၏။



www.burmeseclassic.com

www.burmeseclassic.com



သွားပြီ။

တကယ်ပဲ လိုက်လာကြပြီ။ ဘုရား...ဘုရား။

"ဘယ်သူလဲဟင်"

"ကိုယ်ပါ...သိမ်းပိုက်"

"အမယ်လေး"

သူမနှုတ်မှ တီးတိုးသံလေး ထွက်သွားသည်။

လှုပ်လည်းမလှုပ်၊ စကားလည်းမပြောနိုင်။ နေရာတွင် ကျောက်ချထားသလို ရပ်ရင်း ကြောက်စိတ်ဖြင့် တုန်ခိုက်နေသည်။ တံခါးကိုလည်း ကြောင်ကြောင်ငေးငေး ကြည့်နေမိသည်။

ဒုက္ခပါပဲ။

နှယ်တံခွန် ဘာလုပ်ရမလဲ။

"နှယ်တံခွန် တံခါးဖွင့်ပါ၊ မဖွင့်လည်း ရအောင်ဝင်လာမှာ ပဲ"

တုန်ယင်စွာဖြင့် တံခါးဖွင့်ပေးမိ၏။

ရပ်နေသောသိမ်းပိုက်ကို မြင်ရတော့ ကြောက်လန့်လွန်းရ





သဖြင့် စိုက်ကြည့်နေမိသည်။ သူက အေးစက်စက်ကြည့်ကာ ပြုံးပြ နေသည်။

အသက်ရှူရပ်မတတ် သွေးပျက်စွာနှင့် နှယ်တံခွန် စကား မဆိုနိုင်။

"ကိုယ့်ကို ပြုံးမပြတော့ဘူးလား၊ ခရီးအဝေးကြီးက လာရ တာ၊ ကိုယ် အပူတပြင်းလိုက်လာတာ စိုးရိမ်လိုက်ရတာကွာ"

ယိုင်ကျမတတ်ဖြစ်သွားတာကို အနိုင်နိုင်ထိန်းထားရင်း...

"မိန်းကလေးတစ်ယောက်ရဲ့ အိပ်ခန်းထဲ ဝင်လာတာ မသင့်တော်ပါဘူး၊ အပြင်ကစောင့်ပါ ကိုသိမ်းပိုက်"ဟု ဆိုမိ၏။

သူက အခန်းကိုဝေ့ကြည့်သည်။ သူက တံခါးဝတွင် ခဏသွားရပ်ကာ အပြင်သို့ကြည့်လိုက်သည်။ ပြီးမှပြန်လျှောက်လာ သည်။

"ရှင်ဘာလို့လိုက်လာတာလဲ ကိုသိမ်းပိုက်"

နှယ်တံခွန် မေးမိသည်။

"ကျွန်မ ဒီမှာရှိတာ ရှင်ဘယ်လိုသိတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပဲပေါ့၊ ကိုယ်က အပေါင်းအသင်းများတယ်၊ ဒါ မခက်ပါဘူး၊ လွယ်လွယ်ကလေးပါ၊ ပြေးလို့လွတ်မယ်များ ထင်သလား"

"ကျွန်မတောင်းပန်ပါတယ်၊ အခန်းထဲကထွက်သွားပါ၊ ကျွန်မရှုံးပြီဆိုတာ သိပါတယ်၊ ကျွန်မပြန်လိုက်ခဲ့မယ်"

"ဒီလိုဘယ်ရမလဲ"

"ရှင်"

"ကိုယ့်ကိုလက်ထပ်မယ်လို့ ကတိပေး၊ ပြီးတော့ အခုချက်ချင်းလိုက်ခဲ့ရမယ်၊ ကိုယ်မယုံတော့ဘူး၊ နောက်တစ်ခါ ထပ်ထွက်ပြေးသွားရင် ဘယ်လိုလုပ်မလဲ"

သူက အညှာအတာကင်းမဲ့စွာ တောင်းဆိုသည်။

နွယ်တံခွန် ထွက်ပြေးသွားကတည်းက ခေါင်းမာလှသည့် သူမကို အနိုင်ရရန် ဆုံးဖြတ်ပြီးဖြစ်သည်။ နောက်တစ်ခါ အညှာမခံတော့ပါ။

"ကိုယ့်ကို လေအကုန်ခံပြီး မငြင်းပါနဲ့တော့၊ လိုက်ခဲ့ပါ၊





အားလုံး အေးအေးဆေးဆေး ဖြစ်ချင်တယ်မဟုတ်လား"

သူ၏သန်မာသော လက်များက နွယ့်ကိုယ်လုံးအိအိကလေးကို တင်းကျပ်စွာ သိုင်းဖက်ကာဆိုလာ၏။

"လိုက်ခဲ့မယ်၊ ကျွန်မကိုလွှတ်ပါ"

ဟိုလူ ဒီလူသိပြီး မေးငေါ့ကဲ့ရဲ့စရာဖြစ်မှာကိုလည်း စိုးလှတာမို့ အသာတကြည် သူနှင့်လိုက်သွားဖို့ ဆုံးဖြတ်မိသည်။ အရှက်တကွဲ မဖြစ်ချင်ပါ။ သူကလည်း မရရအောင်ခေါ်မည့်ပုံ။ နွယ်တံခွန် ရှက်တတ်တာ သူသိသည်။

နွယ်တံခွန် ငြင်းဆန်နိုင်စွမ်း အားမရှိတော့ပါ။ သူ့ကိုမလွန်ဆန်နိုင်။

သူ့ကို ကြိတ်မှိတ်လက်ထပ်ဖို့ ဘယ်လိုများ ကြိုးစားရမလဲ။

သူက ညာဏ်နီညာဏ်နက်များစွာနှင့် မလိုက်လည်းလိုက်အောင်ခေါ်မှာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

သူက ကြီးကျယ်ခမ်းနားစွာ မင်္ဂလာဆည်ခံပွဲကို စီစဉ်ခဲ့သည်။

ဒေါ်ကေသီကတော့ ကျေနပ်မဆုံး တပြုံးပြုံး။

"ဒီအစီအစဉ်ကို နှယ်တံခွန် လက်ခံအောင်လုပ်နိုင်တာ ဒေါ်ကေသီမဆိုးဘူး"

"ဟုတ်တယ်ရှင်၊ ခုမှ စိတ်အေးပါပြီ"

ဦးမော်ထွန်းနှင့် ဒေါ်ကေသီက တိုင်ပင်ကိုက်နေသည်။ သိမ်းပိုက်က သူတို့ကို အပီစည်းရုံးထားသည်။ သူတို့သုံးယောက်က တစ်ဖွဲ့။

ပြုံးနေသော ဒေါ်ကေသီမျက်နှာက သတို့သမီး၏ မျက်လုံးအေးစက်စက်များနှင့်ဆုံတော့ တုန်တုန်လှုပ်လှုပ်ဖြင့် ဟန်ပျက်သွားသည်။

မြိုး ◆ စာပေ

www.burmeseclassic.com

ကျူးလွန်ခဲ့သည့် အပြစ်များက သူ့ကိုခြောက်လှန့်နေပြီ။

"နွယ်တံခွန်က ရေခဲတုံးလိုပဲ အေးစက်စက်နဲ့"ဟု သိမ်းပိုက်·မကျေမနပ်နှင့် ဒေါ်ကေသီကို ပြော၏။

နွယ်က ငြင်းလည်းမငြင်း၊ ခေါင်းလည်းမညိတ်နှင့် သူနှင့် မဆိုင်သလို လုပ်နေ၏။ အရမ်းစိတ်ပျက်စရာကောင်းလှသည်။

"မင်္ဂလာပွဲကို စီစဉ်မယ်နော်သမီး"ဟု ဒေါ်ကေသီက မေးသောအခါ

"ဟုတ်ကဲ့···သူ့ကိုလက်ထပ်ပါမယ်"ဟု ဖြေသည်။

"ကျွန်မကတိပေးပြီးသားပဲ စိတ်ချပါ၊ စီစဉ်ပါ"ဟု အသက်မပါသည့်လေသံဖြင့် ပြန်ဖြေသည်။

အခုမှတော့ နွယ်တံခွန်က ဘာပြောနိုင်ဦးမှာလဲ၊ သူ့စိမ် သမျှ နာခံရုံသာရှိတော့သည်။ အားလုံးကို နွယ်တံခွန် အရှုံးပေး လက်လျှော့လိုက်ပါပြီ။

ရင်တစ်ခုလုံး မည်းမှောင်လစ်ဟာနေသလိုပါ။



"တအင်းအင်း"နှင့် လူးလိမ့်ကာ နွယ်တံခွန် နိုးသွား၏။

တစ်ခါတော့ လန့်ပြီး မနိုးတော့ပါ။

မောင်က နွယ်တံခွန်ကို ဖွဖွဖက်ပြီး အိပ်မောကျနေ၏။

ငြိုက်ငြိုက် အိပ်နေသော မောင့်ကို မနိုးချင်ပါ။ မနှိုးရက်ပါ။

သည်အိပ်မက်က အိပ်ပျော်သွားတိုင်း မက်နေတော့တာ။

င်းအထိ မက်မလားမသိ။

ဘာလို့များ အခုလို အိပ်မက်မျိုး မက်ရတာလဲ။

နွယ်တံခွန်နှင့် မောင့်သူငယ်ချင်း ဘယ်တုန်းက ဘာတွေ

သလဲမသိပါ။

စိတ်ရှုပ်စရာတွေ မစဉ်းစားချင်။

မောင့်လက်ကို အသာဖယ်ကာ နွယ်တံခွန် အိပ်ရာထက်

www.burmeseclassic.com

က ဆင်းသည်။

နာရီကို လှမ်းကြည့်တော့ သုံးနာရီ မထိုးသေးပါ။

အခန်းပြင်ထွက်လာခဲ့ပြီး ညှော်ခန်းမှာထိုင်မိ၏။ ထူး

တာက ထိုအိပ်မက်ကို နှယ်တံခွန် မကြောက်တော့ပါ။ ရှေ့ဆ

ဘာဖြစ်မလဲ သိချင်တာပဲရှိသည်။

တီဗွီခလုတ်ကို ဖွင့်ကာ ခဏတဖြုတ် ထိုင်ကြည့်

ပြီးတော့ အခန်းထဲပြန်ဝင်လာပြီး အိပ်ပျော်နေသော မောင့်မျက်နှာ

ကြည့်သည်။

အင်မတန် နူးညံ့ကြင်နာတတ်သော နှလုံးသားနှင့် အ

နာခံစိတ် သည်းခံစိတ်ရှိသော လူတစ်ယောက်ပါ။

မောင့်ကို နှယ်တံခွန် သိပ်ချစ်သည်။

မောင်က နှယ်တံခွန်ကို ဖုန်းထဲမှာ ချစ်ရေးဆိုခဲ့တာ

သည်။ တမင်တကာ သိသိသာသာကြီး လာရောနေကတည်း

မောင်စိတ်ကို သိထားပြီးသားပါ။ သို့ပေမယ့် မိန်းကလေးပီပီ မ

ချင်ယောင်ဆောင်နေခဲ့တာပါ။ မောင်က တော်တော်ရယ်ရသည်





ချစ်နေတာကို မျက်နှာချင်းဆိုင် မပြောရဲ။

နှင်းဆီပန်းတွေ ပေးလိုက်ရတာအမော။

နှယ်တံခွန်ကိုများ ကလေးလေးကျနေတာပဲ။

နှယ်တံခွန်က ပါးနပ်တဲ့ ကောင်မလေးပဲ။

မောင်ကြိုက်လို့ပေးမှန်း သိပါသည်။

"နှင်းဆီခြံ ရှိလို့လားဟင်"

မအူမလည်လေး လုပ်ကာမေးတော့ မောင့်မျက်နှာ ရဲတွတ်

သွား၏။ မောင်က မညာတတ်။

"မရှိပါဘူး"

"ဝယ်ပေးတာပေါ့"

"ဟုတ်တယ်"

"ဘာလို့ဝယ်ရတာလဲ၊ ပိုက်ဆံကုန်ပါတယ်"

"နှယ်တံခွန် မကြိုက်ဘူးလား"

"ယန်းပဲ ကြိုက်တာပေါ့"

"ဒါဆို ဘာလို့တားနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အားနာလို့ပေါ့"

"မလိုပါဘူး"

"တကယ်ပြောတာ၊ နောက်နေ့ မယူတော့ဘူး"

ဘုန်းပြည့်က နှယ်တံခွန့်မျက်နှာကို စေ့စေ့ကြည့်သည်။

"တကယ်လား"

"အင်း"

"ပြီးရော"

ဟောတော့ သူကပဲ စိတ်ဆိုးရသေးတယ်လို့။

ရှင်ဘာလို့ ဒီလောက်ကွေ့ပိုက်နေရတာလဲ။

"တဲ့"ပြောပါလား။

အလကား သတ္တိလည်းမရှိဘဲနဲ့။

အဟုတ်ပါပဲ၊ စိတ်မရှည်ချင်။

"ဒီမှာ"

နှယ်တံခွန်က နှုတ်ခမ်းလေးစူကာ ခေါ်သည်။

"ကော်ဖီတိုက်မလား"

"ဟင်"





သူက ကြားလိုက်ရတာကို မယုံချင် မယုံရဲ။

"နှင်းဆီပန်းမပေးနဲ့တော့၊ ကော်ဖီပဲတိုက်"

ဘုန်းပြည့်မျက်နှာက လပြည့်ဝန်းလို ဝင်းထိန်သွား၏။

"တကယ်လား"

"အင်း"

သူတော်တော်ပျော်သွားပုံရတော့ နှယ်တံခွန် ပင့်သက်ရှိုက်မိသည်။

ရှင်ရယ်...

ခက်လိုက်တာ

မိန်းကလေးက စ,ရမှာလား။

ဘာလို့ ဒီလောက်အထိ နှုတ်နှေးနေရတာလဲ။

တကယ်ပါပဲ။ သက်တန့်ကိုတောင် ရွဲ့ပြီးတွဲလိုက်ချင်ရဲ့၊ သူငယ်ချင်းအရင်းခေါက်ခေါက် ဖြစ်နေလို့သာ။

ဘယ်လိုလုပ်မှ ရှင့်စိတ်တွေ မရိုးမရွဖြစ်ပြီး ဖွင့်ထွက်လာမှာလဲ အုံ့ပုံးကြီးရဲ့၊ ရေခဲတုံးကြီးရဲ့။



www.burmeseclassic.com

www.burmeseclassic.com



မောင်က နွယ်တံခွန်ကို အားမနာအားမရဖြစ်စေသည်။ စိတ်တိုစေသည်။ ဘာကြီးမှန်းလည်းမသိပါ။

တကယ်ဆို နွယ်တံခွန့်ဘဝထဲကို မောင်ဝင်လာတာက အသိသာကြီးပါ။ 'လယ်ပြင်မှာ ဆင်သွားသလို' ထင်းနေသည်။ သိသာနေသည်။

ဒါကိုတောင် မောင်က ဆင်သေကို ဆိတ်ရေနဲ့ဖုံးချင်သည်။ ရမလား လုံမလား။

နွယ်တံခွန်ကို မောင်မြင်ပြီး စွဲလမ်းသွားလို့သာ သက်တန့်ဆီမှာ အလုပ်ဝင်ခဲ့တာ နွယ်တံခွန် မှတ်မိနေပါသည်။

အဲဒီနေ့က...



ကားစက်နိုးလိုက်သောအခါ 'ချလောက်'ဆိုပြီး ကားက နိုးမလာ။ နွယ်တံခွန်က သက်တန့်ကို မျက်ခုံးလှည့်ကြည့်၏။

သက်တန့် တမင်စနေတာလားလို့ပါ။

သက်တန့်မျက်နှာ ရှုံ့မဲ့သွားပြီး...

"ကျွတ်...ကားက ဘာဖြစ်မှန်းမသိဘူး"ဟု ဆို၏။

"ဆင်းကြည့်လေဟယ်"

"ထွက်လာတုန်းက အကောင်း၊ တောက်...အခုမှ ဖောက်လာတာ"

"ဟဲ့...မြန်မြန်လုပ်လေ မမီဘဲနေမယ်"

အေးတိအေးစက်လုပ်နေသော သက်တန့်ကို စိတ်မရှည်စွာ မျက်စောင်းရွယ်မိသည်။

မိုးမိုး ◆ တပေ

www.burmeseclassic.com

www.burmeseclassic.com

"အလကားသက်သက် စပ်စုချင်တယ်၊ ရုန့်ဖြစ်
ဆင်းမကြည့်ရင် ကားရပ်မှာမဟုတ်ဘူး၊ ခုလောက်ဆိုရောက်

"ဘာမှမဆိုင်ဘူး"

"မဆိုင်ဘဲရှိမလား"

"ဒီကားက အစကတည်းက ဖောက်ချင်နေတာ"

သက်တန့်က ကားကိုအပြစ်ပုံသည်။

ထုံးစံအတိုင်း ကားပျက်တော့ သက်တန့်နှင့် နွယ်
စကားများတော့သည်။

"စိတ်တိုလာပြီ၊ နင်လည်းဆင်း"

သူက ပေကပ်ကပ်နှင့် တံခါးဖွင့်မဆင်းသေးပါ။

"အတူတူဆင်းမယ်၊ နင်လည်းဆင်း"

"ကပ်သတ်တာ တွက်တာ လွန်ပါရော"

နှစ်ယောက်သား တံခါးဖွင့်ကာဆင်းသည်။

"ဟ…ကောင်မလေးပါတယ်ထင်တယ် ဘုန်းပြည့်
ဘီလီယက်ခုံ အပေါ်ထပ်ဝရန်တာမှ ကောင်လေ







ယောက်သည် မလှမ်းမကမ်းက ကားလေးကို စိတ်ဝင်တစားကြည့်
ကာ ငေးမောစူးစမ်းနေကြတာပါ။

ကားလေးက အဖြူရောင် စူပါစလွန်းကား။

စူပါဆလွန်းကားပေါ်ကဆင်းပြီး ဆတ်တောက်တောက်
လျှောက်သွားသော ကောင်မလေး။ တီရှပ်အဖြူ၊ ဂျင်းဘောင်းဘီ
ပြာနှင့် ကျစ်ဆံမြီးတွေ ကျစ်ထားသော ဆံပင်စတိုင်လ်။

ချောမောလှပသော ကောင်မလေးကို ဘုန်းပြည့်တို့ ငေးမိ
ကြတာအမှန်။

သူမက သူတို့ကိုမြင်ပုံမရပါ။

"တွေ့လား၊ ငါပြောသားပဲ ကောင်မလေးပါတယ်"

သူငယ်ချင်း၏စကားကို ဘုန်းပြည့် မကြားသလိုပင်နေမိ
သည်။

"ဟိုလူက မဆိုးဘူး၊ ဖြောင့်တယ်ကွ"

သေားက မှတ်ချက်စကားကို မတုံ့ပြန်မိဘဲ စူးစိုက်ကြည့်နေ
မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူကို ဘယ်မှာမြင်ဘူးပါလိမ့်။ သေသေချာချာသိသည်။

"ဪ...ဟုတ်သားပဲ"

သူ ချက်ချင်းမှတ်မိသွားသည်။

"အဲဒီလူ"

"ဟာ...မင်းကလည်း"

"သူ့အားမှာ ဒီလောက်ချစ်စရာကောင်းတဲ့ ကောင်မလေး တစ်ယောက်ရှိတာကိုတော့ မသိဘူးဟ"

"သူတို့ ခုမှတွေ့ကြတာလား"

"ဖြစ်နိုင်တယ်"

ကားစက်ဖုံးကို ဖွင့်ပြီး တစ်ယောက်တစ်ပေါက် စကား များနေသောနှစ်ယောက် ပတ်ဝန်းကျင်ကို သတိမပြုမိပါ။

"ဘက်ထရီဒေါင်းသွားပြီ"

"ဟုတ်လို့လား"

နွယ်တံခွန်က မယုံသလိုမေးသည်။





"တခြားဟာကော မဖြစ်နိုင်ဘူးလား"

"ဘက်ထရီသွားရှာမှဖြစ်မယ်"

"ဘယ်မှာရှာမှာလဲ"

"ဘက်ထရီဆိုင်မှာ သွားငှားရမှာပေါ့"

"ဟင်...ငါက ဒီမှာစောင့်နေရမှာလား"

"မစောင့်ချင်ရင် တွန်းပေါ့၊ တွန်းနိုင်ရင်တော့ ရမယ်ထင်တယ်"

"ဟာ...မတွန်းချင်ပါဘူး"

"အတူတူလာတာ၊ ညီညီညွတ်ညွတ်"

"အပိုတွေလျှောက်ပြောမနေနဲ့၊ ကားက ဘာမှလည်းဖြစ်တာမဟုတ်ဘူး၊ နင် မညစ်ပတ်နဲ့၊ ငါနောက်ကျနေပြီ"

"နင်က ငါပြောရင် ယုံတာချည်းပဲ"

"ဒါဆို နင့်ကားက ပျက်ချင်ယောင်ဆောင်တာပေါ့လေ"

နွယ်တံခွန်က ဒေါဖောင်းကာ သက်တန့်ကို လိုက်ထုသည်။ သက်တန့်က ကားကို ပတ်ပြေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရတာ ကြည်နူးစရာ။

"ချစ်သူတွေဖြစ်မယ်"

"သူငယ်ချင်းပါကွာ"

ဘုန်းပြည့် ချက်ချင်းပြန်ပြောတာကို သူငယ်ချင်းက ရယ်လိုက်သည်။

မောင်နှမလည်းဖြစ်နိုင်တာပဲ၊ ဒါကတော့ ဘုန်းပြည့်ကို တမင်ကလိလိုက်တာပါ။

"ဟော…ကားထွက်တော့မယ်"

ဘုန်းပြည့်က ကားထဲဝင်ထိုင်လိုက်သော ကောင်မလေးကို မြင်ရအောင် ခါးကိုင်းငုံ့ကြည့်ကာ ကိုယ့်ရင်ခုန်သံကို ကိုယ်ကရုပြုမိသည်။

"သိတယ်ဆို၊ ဘာလို့ အသည်းအသန်ဖြစ်နေတာလဲ။ မင်းကလည်း"

"ငါရင်ခုန်နေတယ်"

"လုပ်ပြန်ပြီ"





ထွက်သွားသောကားကို လိုက်ကြည့်ရင်း…

"ငါ့ရင်ထဲ ထိသွားပြီ"ဟု ဆို၏။

"စောစောကလူနဲ့ မင်းနဲ့ ဘယ်မှာသိတာလဲ"

"ကုန်တိုက်တစ်ခုမှာ"

"ဪ"

"သူကဈေးဝယ်ပြီး ဟင်းနဲ့ဖုန်းမေ့ကျန်ခဲ့တာ"

"အဲဒီတော့"

"ငါက သူ့ Hand phone ကို ပြန်ပေးတယ်၊ အဲဒီမှာ သူက ငါ့ကို ဖုန်းနံပါတ်ပါတဲ့ ကမ္ဘာ့ဗီလိပ်စာတစ်ခု ပေးခဲ့တယ်"

"ဟုတ်လား"

"ဒါပေမယ့် ငါလုံးဝမဆက်သွယ်ပါဘူး"

ဘုန်းပြည့်က တစ်ချက်စဉ်းစားလိုက်ပြီး…

"မင်းအကူအညီတစ်ခုလိုတယ်"ဟု ဆို၏။

သူငယ်ချင်းက ပခုံးကြီးမတ်သွားသည်။

"ခဲခဲယဉ်းယဉ်းကြီး မဟုတ်ပါဘူး၊ ငါနဲ့ခဏလေး လိုက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပေးပါ"

"ဘယ်ကိုလဲ"

"ဆောဆောကတွေ့လိုက်တဲ့ ဟိုလူရဲ့ ကုမ္ပဏီကို"

"ဘာလုပ်ဖို့လဲကွ"

သူငယ်ချင်းမေးတာကို ဘုန်းပြည့်က ပြန်မဖြေပါ။

"လိုက်မှာမဟုတ်လား"

"သိလည်းမသိဘဲနဲ့၊ ကြောင်တက်တက်ဖြစ်မနေဘူးလား ကွ"

"ငါ ဒီလောက်ကြီးမညံ့ပါဘူး"

"ပထမဆုံးတစ်ခေါက်ပဲ လိုက်ပေးပါ"

"မင်းက ဘာလို့သွားမှာလဲ"

သူငယ်ချင်းဖြစ်သူက ဘုန်းပြည့်ကို အလောတကြီး မေးသည်။

"မင်းမသိပါဘူးကွာ"

"မသိလို့မေးတာပေါ့ဟ"





"သူလိုချင်တာတစ်ခု ရှိနေလို့ပေါ့ကွာ"

"ဟိုကောင်မလေးလိပ်စာလား"

"ဟာ"

ဘုန်းပြည့်က ရှက်ရှက်နှင့် ပြန်မဖြေဘဲ ရယ်နေ၏။

သူငယ်ချင်းကတော့ အကြောင်းသိမို့ ဘုန်းပြည့် တစ်ယောက် ထိုကောင်မလေးကို စိတ်ဝင်စားသွားပြီဆိုတာ သေချာပေါက် ပြောနိုင်သည်။

ထိုကောင်မလေးက မြားတစ်စင်းလို ဘုန်းပြည့်ရင်ထဲ စူးစိုက်သွားခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com

နွယ်တံခွန်က သက်တန့်နှင့် အပြင်သွားဖို့ မနက်စောစော သက်တန့်တို့အိမ် ရောက်လာသောအခါ မေမေက သူတို့နှစ်ယောက် Breakfast အတွက် မနက်စာပြင်ဆင်ပေး၏။ အိမ်ရှေ့က လူခေါ် ဘဲလ်သံကြားရပြီး ခဏကြာလေးမှာပဲ မေမေက…

"သားရေ ဧည့်သည်လာတယ်ကွဲ့"

"ဘယ်သူလဲ"

သူက မျက်မှောင်ကုတ်နှင့် မေး၏။ သည်မနက် ဘယ်သူနှင့်မှ ချိန်းမထားပါ။

"ကောင်လေးနှစ်ယောက် သားရဲ့"

မေမေလည်း သိပုံမပေါ်။

"သားသွားကြည့်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို သူက ညော့်ခန်းဆီ ပြေးထွက်သွားသည်
သူက စိတ်မြန်လက်မြန်ရှိသူပါ။

ဘာရယ်မဟုတ် နွယ်တံခွန်ကလည်း ညော့်ခန်းကို မြ
သည့်နေရာမှ ရပ်ကြည့်နေလိုက်သည်။

ဘယ်ကညော့်သည်ပါလိမ့်ဟု စိတ်ဝင်စားသွားမိတာ

ညော့်ခန်းမှာ ထိုင်နေရာက ထရပ်လိုက်သော ကောင်
နှစ်ယောက်ကို ရုတ်တရက်မှာ သူ မမှတ်မိပါ။ သက်တ
တစ်ချက်ပြန်စဉ်းစားသည်။

တစ်ယောက်မှာ အရပ်မြင့်မြင့် အသားဖြူဖြူ။ နော
တစ်ယောက်က မျက်မှန်နှင့်။

"ကျွန်တော့်ကို မမှတ်မိဘူးနဲ့တူတယ်၊ ကျွန်တော
ဘုန်းပြည့်ပါ၊ ဟိုတစ်ခါ Hand phone ပြန်ပေးရင်း တွေ့
တယ်လေ"

"ဪ...ဟုတ်ပြီ၊ ဟုတ်ပြီ၊ ဆောရီး သိတော့သိ
ရုတ်တရက်ဆိုတော့ စဉ်းစားမရတာ ထိုင်ပါ"







ဘုန်းပြည့်က ဆိုဖာပေါ် ပြန်ထိုင်သည်။

သက်တန့်ကလည်း သူတို့မျက်နှာချင်းဆိုင် ထိုင်လိုက်ပါ
သည်။

"ဘာကိစ္စရှိလို့လဲ"ဟု မေးရမှာ သက်တန့်အားနာစွာ
နှင့် သူတို့ဘက်က စကားစလာတာကို စောင့်နေလိုက်၏။ သူ့
Hand phone ကို ပြန်လာပေးဘူးသော ကျေးဇူးက ရှိသည်
မဟုတ်လား။

"မမေ...သူတို့ဖို့ တစ်ခုခုပြင်ဆင်ပေးပါ"

"အေး...အေး"

"နေပါစေ၊ ကျွန်တော်တို့ စားခဲ့ပြီးပါပြီ၊ အကူအညီ
တောင်းစရာလေးရှိတာနဲ့"

"ပြောပါ...ကိစ္စမရှိပါဘူး၊ တတ်နိုင်တာဆို ကူညီပါ့
မယ်"

နွယ်တံခွန်က ညော့်သည်ဆိုလို့ ဘယ်သူမှန်းမသိလို့
ကြည့်ရုံကြည့်လိုက်မိတာပါ။ သို့ပေမယ့် မားမားမတ်မတ်ထိုင်နေ



www.burmeseclassic.com

www.burmeseclassic.com



သော လူတစ်ယောက်က စွဲဆောင်မှုရှိလှစွာ နှယ်တံခွန်ကို ဖမ်းစား သွား၏။ အကြာကြီး ရပ်ကြည့်နေမိသည်။

ကြည့်နေရင်းက သူမစိတ်တွေ တစ်စတစ်စ ပိုမိုလှုပ်ရှား ကာ ရင်ဖိုလာမိသည်။

သူဘယ်သူလဲ…

"ဪ…အလုပ်ကိစ္စလား"

"ဟုတ်ပါတယ်"

"ရတယ်လေ…ကျွန်တော် ပြောပေးပါ့မယ်၊ အားလုံး ကိုယ့်ဘက်က အဆင်သင့်ဖြစ်အောင်လုပ်ထားပါ"

"ကျေးဇူးတင်လိုက်တာဗျာ"

သက်တန့်နှင့် ဘုန်းပြည့် တရင်းတနှီး လက်ဆွဲနှုတ်ဆက် ကြသည်။

ဘုန်းပြည့်က ကျေနပ်စွာပြုံးမိ၏။ သူကလေးနှင့် ရင်းနှီး ရာ လမ်းစရှာတွေ့ပါပြီ။ သည်လောက်မြန်မြန် အခြေအနေပေးလာ လိမ့်မည်ဟု မထင်ခဲ့မိပါလားကွာ။





သူနှလုံးသားအစုံဟာ မျှော်လင့်ချက်နှင့် တဆတ်ဆတ် ခုန်နေသည်။

မျက်ခွံ တစ်နေရာကို လှမ်းကြည့်တော့ သူတို့ကိုကြည့်နေ သော သူမကို တွေ့ရသည်။

ဘုန်းပြည့်ကြည့်တာကို သက်တန့်ကလည်း သိသည်။ သို့ပေမယ့်လည်း သက်တန့် အပြုံးမပျက်ပါ။

"မနက်ဖြန် ကုမ္ပဏီကိုလာခဲ့လေ"ဟု နှုတ်က သွက် သွက်ပြောမိသည်။

"ဒါဆိုပြန်ဦးမယ်"

နှုတ်ဆက်ရင်း ခပ်လှမ်းလှမ်းက အရိပ်ကလေးထံ တစ်ချက်ထပ်ကြည့်မိဖြစ်သည်။

သူရင်ခုန်သံတွေ ဝုန်းဒိုင်းကြဲနေ၏။ ထိန်းချုပ်မရ။

"သက်တန့်…သူတို့ကဘယ်သူလဲ"

နှယ်တံခွန် မေးမိသည်။ သက်တန့်က ခပ်စူးစူးကြည့် သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်မလို့လဲ"

"မသိချင်နဲ့"

"ဟင်"

သက်တန့်က ပြောမပြ။ တော်တော်စိတ်ပုပ်ပါလား။

နွယ်တံခွန်က မျက်စောင်းလေးရွယ်တော့မှ သက်တန့်က

"အလုပ်လိုချင်လို့ လာပြောတာ"

"သက်တန့်နဲ့သိလား"

"မသိဘူး...ငါ့ဖုန်းမေ့ကျန်ခဲ့တာ ပြန်လာပေးဘူးတယ်"

"ဒါဆို ကျေးဇူးရှိတယ်ပေါ့၊ ကူညီသင့်ပါတယ်ဟယ်"

နွယ်တံခွန်ကို သက်တန့်က မကျေမနပ်ကြည့်၏။

ဘုန်းပြည့်ဆိုသော မောင်က နွယ်တံခွန်၏ဘဝထဲကို

အဲဒီလို စတင်ဝင်ရောက်လာခဲ့တာပါ။



သက်တန့်ကဲ မျက်ခုံးရှုံ့ကာစဉ်းစားရင်း...

"ဒီလူရိုးရဲ့လားမသိဘူး"ဟု ဆိုသည်။

"ဘာလဲ...ဘာကိုဆိုလိုတာလဲ"

"တစ်ခုခုတော့ တစ်ခုခုပဲ"

သက်တန့်က လူကဲခတ်တတ်သူပါ။

ဘုန်းပြည့်ကို မသင်္ကာ။

အလုပ်တစ်ခုရဖို့ သူ့ကို တကူးတကလာပြောစရာလား။

အကြောင်းတစ်ခုခုတော့ ရှိလိမ့်မည်။

ထိုအကြောင်းက ရှည်ရှည်ဝေးဝေး စဉ်းစားစရာမလို။

ငယ်ချင်းမလေး နွယ်တံခွန်ကြောင့်ပဲပေါ့။

သူ့ကို လူငယ်လူရွယ်တွေ မိတ်ဖွဲ့ပြီး ရင်းနှီးအောင်ကြိုး



www.burmeseclassic.com

www.burmeseclassic.com

စားကြတာ နွယ်တံခွန်ကြောင့်ပါ။

အခု ဘုန်းပြည့်လည်း ထိုရည်ရွယ်ချက်ပါပဲ။

မဟုတ်မှလွဲရော သူ တစ်ထစ်ချပြောနိုင်သည်။

"နင့်ကို စိတ်ဝင်စားတာပဲ ဖြစ်မယ်"

"ဟင်…လုပ်ပြန်ပြီ"

"နင့်ကိုစိတ်ဝင်စားရင် ငါ့ကိုချဉ်းကပ်တာချည်းပဲ"

"အဟင်း"

နွယ်တံခွန်က ရှက်စနိုးရယ်သည်။

ဘုန်းပြည့်ရယ်…

နွယ်တံခွန်အတွက်များ အဲဒီလောက် ဒုက္ခပင်ပန်းခံစရာ လိုလို့လား။

နွယ်တံခွန်ကို ကိုယ်တိုင်လာပြောပါတော့လား။

ဘယ်သူက ငြင်းမှာမို့လို့လဲ။



# တနင်္ဂနွေအိပ်မက် (အပိုင်း ၃)



www.burmeseclassic.com

တနင်္ဂနွေနေ့ည

ညနေခင်းပိုင်း (မနက်စောစော)

(မိုးသောက်ယံ)

၆။၆

www.burmeseclassic.com

မိုးက တဖွဲဖွဲ အေးစိမ့်စွာရွာနေသည်။

လက်ထပ်ပြီးတော့ သိမ်းပိုက်က တစ်နေရာသို့ ဖျားရည်ဆမ်းခရီး ထွက်ချင်သေးသော်လည်း နွယ်တံခွန်က နွမ်းဖျော့နေတာမို့ မသွားဖြစ်ပါ။

ခရီးပန်းမှာ စိုးရိမ်ရတာမို့ သိမ်းပိုက်က စွတ်မစီစဉ်။

"ကိုယ်နဲ့အတူတူ ကိုယ့်ခြံထဲမှာပဲ လိုက်နေပါ"ဟု သူက ဆုံးဖြတ်သည်။

"ကောင်းပါတယ်၊ မောင်သိမ်းပိုက်အိမ်က ကျယ်လည်း သိပ်ကျယ်တာပဲ"

ဒေါ်ကေသီက ဝင်ပြောသည်။ နွယ်တံခွန်က ဘာမှဝင်မပြောဘဲ နားထောင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်ပိုင်းလောက်မှာ သိမ်းပိုက်က နှယ်တံခွန်ကိုခေါ်ပြီး ထွက်လာခဲ့၏။

နှယ်တံခွန်တို့နေသော အိမ်ကြီးကို ပိတ်ထားလိုက်ပါပြီ။

ဘာကြောင့်မှန်းမသိ ရင်ထဲအလိုလိုငိုချင်သည်။

တံခါးအသင့်ဖွင့်ပေးထားသည့် ကားပေါ်သို့တက်လိုက်ရင်း စကားတစ်ခွန်းလို အသက်မပါ။ သိမ်းပိုက်က အားလုံးကို လက်ပြနှုတ်ဆက်ကာ သူမနောက်မှတက်လိုက်ပြီး ကားထွက်သွားသည်။

ကျယ်ဝန်းသည့် ကားနောက်ခန်းတွင် အတူယှဉ်တွဲထိုင်ရာမှ သိမ်းပိုက်က သူမလက်ကလေးတစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။

"စကားလေးဘာလေး ပြောပါဦး"

သူက နှယ်တံခွန်၏ ပုခုံးလေးကို ဖွဖွဖက်လာ၏။

"ကိုယ်မေးတာဖြေပါကွာ၊ ကိုယ့်ကို အငြိုးအတေးထားနေတာလား၊ နှိပ်စက်နေတာလား"

"ဘာဖြေရမလဲ"





နှယ်တံခွန် နှုတ်ခမ်းကလေးကို ကိုက်လိုက်မိသည်။ ဖြစ်နိုင်လျှင် ငှက်တစ်ကောင်လို ရုတ်ခနဲ ထပ်ပျံပြေးသွားချင်သည်။ သူ့အေးမှာ ထိုင်မနေချင်ပါ။

"ကိုယ့်ကို ကိုကိုလို့ခေါ်ပါ"

သူက ခပ်တိုးတိုးတောင်းဆိုသည်။ သူ့လိပ်ပြာမလုံသလိုလည်း ဖြစ်မိသည်။

မတရားသိမ်းပိုက်သလိုများ ဖြစ်နေပြီလား။

သည်လိုဖြစ်ရတာကလည်း သူမဖန်တီးလို့ပါ။

သူမဆီမှ တုံ့ပြန်မှု တစ်စက်ကလေးမှ မရပါလား။

ဘယ်လိုမှန်းမသိ သူတို့နှစ်ဦးကြားမှာ မာကျောအေးစက်သော အုတ်တံတိုင်းကြီး ရှိနေသလိုပင်။ သူ့အပေါ် နှယ်တံခွန်ဘက်က စိတ်ဝင်စားမှု လုံးဝမရှိ။

"သတို့သမီးဆိုတာ ပျော်ပျော်နေရတယ်ကွ"

"ဟုတ်လား"

အသံတုန့်တုန့်အက်အက်ကလေးနှင့် သူမရယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမရယ်သံမှာလည်း ရယ်မြူးရိပ်ကင်းကာ ခြောက်ကပ်ကပ်ဖြင့် ကြောက်စရာပင်။

သည်ရယ်သံကို သူက နောင်တရသင့်သလား။ စိတ်တိုသင့်သလား။

"ကိုယ်က မတရားဘူးလို့ နှယ်တံခွန် ထင်နေတာလား" လို့ မေးတော့ ပိုရယ်ချင်သည်။ ခါးခါးသီးသီး ရယ်ချင်တာပါ။

ကားလေးက သိမ်းပိုက်အိမ်ရှိရာသို့ ရောက်လုလု။

သူမက မျက်လွှာချကာ ပင့်သက်ရှိုက်သည်။ နွမ်းချည့်ချည့်ဖြင့် တစ်ကိုယ်လုံး လှုပ်ပင်မလှုပ်ချင်တော့ပါ။

သည်မျှ စိတ်ဆင်းရဲစရာကောင်းသော ဘဝကို နှယ်တံခွန် တစ်ခါမှ မစဉ်းစားဖူးခဲ့ပါလား။

နှယ်တံခွန်၏ဘဝက ပန်းခြောက်တစ်ပွင့်လို ရဲ့ပြယ်ကာ ညှိုးရော်နေခဲ့ပါပြီ။

အခန်းထဲတွင် ပန်းတွေကို ဝေဝေဆာဆာ လတ်လတ်ဆတ်ဆတ်နှင့် နှင်းဆီပန်းများ၊ လှပသောလွန်းသော သစ်ခွပန်းများ





နှင့် ထည်ဝါသော ဂန္ဓမာပန်းများကို အချိုးကျကျလှလှပပ ထိုးထားဘာပါ။

တစ်ခန်းလုံး ကော်ဇောပြည့်ခင်းထားပြီး ဖဲမွေ့ရာဖြူဖြူဆောနားမှာ ကျွန်းကနုတ်ထိုင်ခုံနှစ်လုံးနှင့် မှန်စားပွဲတစ်လုံး။

နံရံကပ်ဗီရိုနှင့် ခုတင်က ဝမ်းဆက်။ ဗီရိုမှာ မှန်တင်ခုံလည်းပါသည်။

သားနားသပ်ရပ်သော အခန်းလေးက အသစ်စက်စက်သတို့သားနှင့် သတို့သမီးကို ကြိုလင့်နေပါပြီ။

သိမ်းပိုက်က ငွေကြေးအကုန်အကျခံရုံသာခံပြီး တကယ်တမ်း ပြင်ဆင်ပေးသူက သူ့လုပ်ငန်း၏ ဒီဇိုင်းဆရာလေး "ဘုန်းပြည့်"ပါ။

နှုးညံ့သိမ်မွေ့သည့် ဒီဇိုင်းဆရာကို သူနှစ်သက်သဘောကျသည်။

သူ့လက်ရာကိုလည်း သဘောတွေ့သည်။ သူ၏ဒီဇိုင်းများကိုလည်း လှူကြိုက်လှသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းပြည့်အတွက် ခြံထဲမှာပဲ အိမ်ကလေးပေးထားသည်။

သို့သော် ဘုန်းပြည့်ကလည်း သီးသန့်နေတတ်သူပါ။

သူ့အား ပေးထားသည့် အိမ်ထဲတွင် ဒီဇိုင်းဆွဲရန် အစစ အရာရာ စီစဉ်ထားသည်။

ဘုန်းပြည့်တစ်ယောက်တည်း နေသည်။ ဘယ်သူနှင့်မှ အရောတဝင်မလုပ်။

"မင်းကလည်း ငယ်ငယ်ရွယ်ရွယ်နဲ့ အေးစက်စက်နိုင်လိုက်တာကွာ၊ ရည်းစားထားပါလား"ဟု သိမ်းပိုက်က တိုက်တွန်းဖူးသည်။

သူ့စကားကြောင့် ဘုန်းပြည့် မျက်နှာပျက်သည်။

"ကျွန်တော် ရည်းစားမထားချင်ပါဘူး၊ ကျွန်တော်က အလုပ်လုပ်နေရင် ကျေနပ်ပါတယ်"

အိမ်ထဲမှာရှိသော အလုပ်သမားများက ဘုန်းပြည့်ကို စိတ်ဝင်စားကြသည်။

ဘုန်းပြည့်က ရုပ်ချောသလောက် အနေတည်သည်။





အိမ်မကြီးထဲသို့ ထမင်းစားချိန်သာ လာသည်။ ကျန်သည့်အချိန်တွင် သူ့အတွက်ပေးထားသည့် အိမ်၌ပင်နေသည်။ သူက အားလုံးကို ပြေပြစ်စွာဆက်ဆံသည်။

ဒီဇိုင်းဆရာလေးကို ဒေါ်ညိုပင် လေးစားအသိအမှတ်ပြုရသည်။

ဒေါ်ညိုက ဘုန်းပြည့်ကို ဂရုစိုက်သည်။

သတို့သမီးနေဖို့ အခန်းကို ပြန်လည်ပြုပြင်မွမ်းမံ ဒီဇိုင်းဆွဲရန် ဘုန်းပြည့်ကို သိမ်းပိုက်က ခိုင်းသည့်အခါ ဘုန်းပြည့်က စေတနာအပြည့်နှင့် လုပ်ပေးသည်။

"မင်းက ဒီဇိုင်းပညာရှင်၊ ဒီတော့ ကျုပ်ဇနီးအတွက် အလှပဆုံး၊ အသားနားဆုံးအခန်းကို ပြင်ဆင်မွမ်းမံပေးပါ၊ ငွေကို သည့်မတွက်နဲ့၊ ကုန်ချင်သလောက်ကုန်ပါစေ"

သိမ်းပိုက်က အမိန့်ပေးသဖြင့် ဘုန်းပြည့် မတတ်သာ။

သူသည် အလုပ်၌ ပျော်မွေ့သူပီပီ အကောင်းဆုံးလုပ်ပေး၏။



www.burmeseclassic.com

www.burmeseclassic.com



သိမ်းပိုက်သတို့သမီးလေးအတွက် အလှပဆုံး ဖန်တီးပေးချင်ပါသည်။

သိမ်းပိုက်နှင့် နွယ်တံခွန်အကြောင်း သူကဘာမှမသိပါ။ ကြည်ကြည်ဖြူဖြူ ပြေပြေလည်လည်ပဲ ထင်ခဲ့တာပါ။

သိမ်းပိုက်က သူ့အပေါ် အရမ်းကောင်းသည်။ သိမ်းပိုက်ကို သူမကြိုက်ပေမယ့် ဘာမှမဝေဖန်လိုပါ။

ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်သည့်ဘဝကို မြန်မြန်ရချင်သည်။ အဆင်ပြေလျှင် သည်အိမ်က သူထွက်သွားမှာပါ။ အကြာကြီး သူများအရိပ်မှာ မနေချင်။

သတို့သမီး၏အခန်းကို ပြုပြင်မွမ်းမံရာတွင် စိတ်ရောကိုယ်ပါနှစ်၍ မွမ်းမံသည်။ စေတနာအပြည့်။

အခန်းလေးမှာ နေချင်စဖွယ် ချစ်စရာကောင်းသည်။

ပြတင်းပေါက်မှ အောက်ဘက်ကို ကြည့်လျှင် သာယာလှပသော ပန်းခြံကို စိမ်းမြင်မြင်နေရသည်။ သတို့သမီးကလေးက နတ်သမီးကလေးလို လှသည်ဟု သူကြားမိသည်။





အင်မတန်လှပလို့လည်း သိမ်းပိုက်က ခမ်းနားစွာ လက်ထပ်ယူခဲ့တာပဲဖြစ်မည်။

ပြတင်းပေါက်တွေ ဖွင့်ထားလိုက်လျှင် နေရောင်ခြည် ကောင်းကောင်းဝင်နိုင်အောင် သူက လုပ်ပေးထားသည်။ လေကောင်းလေသန့်ရဖို့ နေရောင်ထိဖို့က အရေးကြီးသည်။

"ကိုယ့်ဇနီးက ဒီလိုအပြင်အဆင်မျိုး ကြိုက်ပါ့မလား" ဟု သိမ်းပိုက်က ကြည့်ပြီး မေးလာ၏။

"အေးလေ...ဘာပဲဖြစ်ဖြစ် မင်းပြင်ဆင်မွမ်းမံတာက ဘာကယ်ငေးကြည့်ချင်စရာပါ၊ အရမ်းအဆင့်မြင့်လှပလွန်းပါတယ်"

အသည်းပုံ အနီရဲလေးတွေ တွဲရွဲကျနေသော ခန်းစည်းလိုက်ကာကိုတော့ သူက သီးသန့်အော်ဒါမှာပေးခဲ့တာပါ။

"အလကား...ချဲကားလွန်းတယ်"ဟု ဒေါ်ညိုက မကြားတကြားပြောခဲ့သေးသည်။ သူကတော့ အဲဒီလိုမထင်ပါ။ ကိုသိမ်းပိုက်က သူ့ဇနီးကို မြတ်နိုးလွန်းလို့သာ အခုလို ဂရုစိုက်တာပဲမဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းပြည့်က သူ့အခန်းလေးထဲကို တံခါးတွန်းဖွင့်ကာ ဝင်လာခဲ့၏။

ကိုသိမ်းပိုက်နှင့် သူ၏ဇနီး မနွယ်တံခွန်တို့က ရောက် လာသေးပါ။

သူ့အခန်းကို ဝေ့ကြည့်ကာ တစ်ချက်ပြုံးမိ၏။ ဒီနိုင်းဆ အခန်းက လုံးဝသပ်ရပ်သားနားခြင်းမရှိ။ သူက ဖြစ်သလိုနေသူပါ။

သူ့အတွက် အကျိုးအမြတ်တွေကို သိမ်းပိုက်က ပေးထား ပေမယ့် သည်အိမ်တွင် သူ ကြာရှည်မနေချင်ပါ။

အခန်းထဲမှာ ဆေးရောင်က မလွှင်၊ ပရိဘောဂများက ခပ်မှိန်မှိန်။

ပြတင်းပေါက်များကတော့ ခပ်ကျယ်ကျယ်။ သူက အခန် ဆီးပင် မတပ်ဘာထားလိုက်သည်။

သူ့အခန်းကို သူဘာမှမပြင်ဆင်။

သူက ကားသံကြောင့် အပြင်ဘက်ကို လှမ်းကြည့်မိ၏။ ခြံထဲမောင်းဝင်လာနေသော ကားတစ်စီးကို လှမ်းမြင်လိုက်သည်။ သူ့မျက်လုံးတွေ စူးရှနိုက်တန့်သွား၏။





လာပါပြီ၊ ဝင်လာသောကားက သိမ်းပိုက်၏ကား။ သူ ကမန်းကတန်း ပြေးထွက်လာမိ၏။ အိမ်ရှေ့တွင် တန်းစီလျက် ကြိုဆိုနေကြသော အလုပ်သမားများနှင့်အတူ သူလည်း နေရာယူလိုက်သည်။ သူလည်း အလုပ်သမားတစ်ဦးပါပဲ။

ခြံစောင့် ဦးပြုံးက သူ့ကိုတစ်ချက်ကြည့်သည်။ သူက ဂျင်းဘောင်းဘီနှင့် စွပ်ကျယ်နှင့် နဂိုနေပါပဲ။

သိမ်းပိုက်၏ကားက လမ်းတစ်လျှောက်မောင်းဝင်လာပြီး အိမ်ရှေ့ပေါ်တီကိုအောက်တွင် ငြိမ့်ခနဲရပ်သွားသည်။

သတို့သားနှင့် သတို့သမီး ဆင်းလာကြမည်ကို အားလုံး စိတ်ဝင်တစား ကြည့်နေကြသည်။ ယာဉ်မောင်းသူက ခပ်သုတ်သုတ်ဆင်းလာပြီး တံခါးကို ဖွင့်ပေးလိုက်သည်။

ကားထဲမှ သိမ်းပိုက်က အရင်ဆင်းလာသည်။

သူ့မျက်နှာက ကြည်ကြည်သာသာမရှိ တင်းမာနေသည်။

ပြီးတော့ ဘာကိုမှ ဂရုမစိုက်ချင်သလို အေးတိအေးစက်နှင့်။



www.burmeseclassic.com

www.burmeseclassic.com

သူ ကားပေါ်မှဆင်းလိုက်ပြီးနောက် သတို့သမီးကလေးကို ဆွဲကာ ကားအောက်သို့ဆင်းစေသည်။

"လှလိုက်တာနော်၊ သိပ်လှတာပဲ"

ကောင်မလေးတွေက တီးတိုးရေရွတ်သည်။

ဒေါ်ညိုကတော့ မျက်လွှာချထားသော သတို့သမီးကို အကဲခတ်လေ့လာနေသည်။

ဘုန်းပြည့်က ကိုသိမ်းပိုက်၏ သတို့သမီးကိုကြည့်ကာ ရင်ထဲမှာ တုန်ခါသွား၏။

မရယ်မပြုံးမျက်နှာကလေးက အင်မတိအင်မတန် ပင်ပန်းနွမ်းနယ်ရိပ်ပေါ်ကာ အရုပ်လိုဖြစ်အောင် မနည်းဟန်ဆယ်ထားရပုံပါ။

ခြေလှမ်းမလှုပ်တလှုပ်နှင့် သိမ်းပိုက်ဆွဲခေါ်ရာ ပါသွားပေမယ့် လုံးဝအသက်မပါ။ အရုပ်ကလေးတစ်ရုပ်လိုပါ။

ဘုန်းပြည့် အတိုင်းမသိ သနားသွားသည်။ ရင်နှင့်မဆန့်အောင် ကရုဏာက ဒလဟောဖြစ်ထွန်းလာ၏။

ဘာကြောင့်များ သည်လောက်ထိ အားငယ်နေရတာလဲ။





စိတ်ဓာတ်ကျနေရတာလဲ၊ ထင်ထားတာနှင့် မြင်လိုက်ရတာ တခြားစီပါပဲလား။

ချမ်းသာပြည့်စုံသော သူဌေးသားနှင့် သူဌေးသမီး ဘဝမှာ ဘာမှလိုအပ်တာမရှိ။ သို့သော် သူမကို ကြည့်ရတာ ပျော်ရွှင်မှု ကျေနပ်မှု လုံးဝမရှိ။

ဖြစ်မှဖြစ်ရလေ မနွယ်တံခွန်ရယ်။

ကိုသိမ်းပိုက်ကို သဘောမကျဘဲ ဖွတ်မှိတ်လက်ထပ်ခဲ့တာများလား။



www.burmeseclassic.com

www.burmeseclassic.com

ထည်ဝါခမ်းနားလှသည့် တိုက်ကြီးထဲသို့ ရောက်လာခဲ့ပေမယ့် နှယ်တံခွန် စိတ်မဝင်စားပါ။ ဘုန်းပြည့်က အိမ်ထဲဝင်လာသည်။

ဘာများဖြစ်လို့ပါလိမ့်။

သည်လိုမျက်ဝန်းလှလှများကို သူတစ်ခါမှ မမြင်ဘူးခဲ့ပါ။

သူ့ အသက်ရှူပင် မှားမိသည်။

ကိုယ်ဟန်နွဲ့နွဲ့နှောင်းက ကျော့ရှင်းလှပကာ ကဗျာဆန်လှသည်။

သိမ်းပိုက်က သူ့ဘက်သို့လှည့်ကြည့်ပြီး ခေါင်းဆတ်ပြသည်။

သူက ပြန်ပြုံးပြသည်။



www.burmeseclassic.com

www.burmeseclassic.com



နှယ်တံခွန်က ရုတ်တရက် မျက်လွှာပင့်ပြီး ကြည့်မိတော့ ဘုန်းပြည့်ကို မြင်သွားသည်။ မျက်လုံးချင်းဆုံမိသွားကြသည်။ ထိုမျက်ဝန်းများက သူ့ကို အလွန်မုဒ်ုံသြသွားစေသည်။

သူမအကြည့်က အလွန်တရာ နက်ရှိုင်းနေသလိုပါ။

ချက်ချင်းပင် သူ့အကြည့်လွှဲပစ်လိုက်ရသည်။

သူမကလည်း မျက်လွှာချသွားသည်။

နှယ်တံခွန်က အပေါ်ထပ်ရှိ အခန်းရှိရာ ဖွဖွခြေလှမ်းစသည်။

"အဒေါ်က ဒေါ်ညိုပါ၊ ဒီမှာနေတာကြာပြီ"

"ဟုတ်ကဲ့"

သိမ်မွေ့စွာဖြင့် သူမပြန်ပြောလိုက်သည်။

မောင်သိမ်းပိုက်၏ ဇနီးက အင်မတန် လှပကျော့ရှင်းသည်။

"ပြင်ထားတဲ့အခန်းကို ကြိုက်ပါလိမ့်မယ်၊ လိုအပ်တာရှိရင် ပြောနော်"





"ဟုတ်ကဲ့၊ ရပါတယ်"

နှယ်တံခွန် ပင်ပန်းနွမ်းနယ်နေသည်။

ပြီးတော့ တစ်ယောက်တည်းပဲနေချင်သည်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ချင်သည်။

စိတ်မချမ်းမြေ့မှုများက အိပ်ပျော်နေခိုက် သက်သာရာရသည်။

သူမအနီးသို့ သိမ်းပိုက်ရောက်လာပြီး ပခုံးလေးကို ဖက်လိုက်သည်။

ချက်ချင်းပင် သူမလန့်သွားသည်။

သူ့အနားရောက်လာတာ အနှောင့်အယှက်ဟု ထင်သည်။ သည်ဝဋ်ကြွေးက ဘယ်တော့များမှ ကုန်ပါ့မလဲ။

"မနက်ဖြန်ည…ညစာစားပွဲလုပ်ပေးရမယ်"

သိမ်းပိုက်ပြောလာတော့ စိတ်ဓာတ်ကျသွားသည်။

သည်လောက်မြန်မြန်ဆန်ဆန်ကြီး ပွဲထပ်မလုပ်စေချင်။ အေးအေးဆေးဆေး နားချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမက ဟန်ဆောင်တတ်သူမဟုတ်၊ စိတ်က မျက်နှာမှာ ပေါ်သည်။

နှယ်တံခွန်က သိမ်းပိုက်ကို တွန်းဖယ်ရန် မသင့်တော်သဖြင့် ငြိမ်သက်နေရပေမယ့် စိတ်ထဲမွန်းကြပ်လှ၏။

ကရုဏာမျက်ဝန်းတစ်စုံကို ဖျတ်ခနဲ မြင်ယောင်လာမိသည်။

တည်ငြိမ်အေးချမ်းသောပုံစံနှင့် လူတစ်ယောက်။

သူ့ကို နှယ်တံခွန် သတိပြုမိသည်။ သူဘယ်သူလဲ။



ရုတ်တရက်ဆိုသလို ခွေးဟောင်သံကြီးက ဟိန်းထွက်လာသည်။

ဖွင့်ထားသည့် တံခါးမှ ခွေးအနက်ကြီး ခုန်ဝင်လာသည်ကို နှယ်တံခွန် တွေ့လိုက်ရ၏။ လန့်ဖျန့်ပြီး နောက်ဆုတ်ကာ ရင်ဘတ်ဖိမိသည်။

"မကြောက်ပါနဲ့ မနှယ်တံခွန်၊ ဒီကောင်ကြီးက သိပ်မကိုက်ပါဘူး၊ ဟိန်းတာလောက်ပါ"

"မကြောက်ပါဘူး"

အေးစက်သည့် အသံလေးဖြင့် သူမက ပြန်ပြောလိုက်သည်။ လန့်သွားတာကို ဝန်မခံချင်ပါ။

သိမ်းပိုက်က ကော်ဖီခွက်ကိုင်ရင်း သူတို့နှစ်ဦးအနီးသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာ၏။

"သူက ကိုယ့်ရဲ့ ဒီဇိုင်းဆရာ ကိုဘုန်းပြည့်ဆိုတာပေါ့၊ နှယ်တံခွန် အခန်းကို သူပဲပြင်ဆင်ပေးတာ"

ဘုန်းပြည့်က မရဲတရဲဖြင့် ရှေ့သို့တိုးလာပြီး သူမကို ဦးညွှတ်နှုတ်ဆက်သည်။

နှယ်တံခွန်ရင်ထဲမှာ ချက်ချင်းပင် နှစ်မြို့က်စိတ်ဖြစ်သွားသည်။

သူ့ပုံစံက မြတ်နိုးစရာ လေးစားစရာကောင်းသည်။

"မနှယ်တံခွန်နဲ့ တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျာ"

အသံက ချိုသာသလို၊ အမူအရာက ယဉ်ကျေးသိမ်မွေ့လှသည်။ မာန်မာနမရှိ။ အေးချမ်းသောမျက်နှာ၊ လှိုက်လှဲသော မျက်ဝန်းများနှင့် သူ့အကြည့်က နွေးထွေးလွန်း၏။

"သူ့ရဲ့ဒီဇိုင်းတွေက အရမ်းပြောင်မြောက်တယ်ကွ၊ နှယ်တံခွန် အံ့သြသွားမယ်၊ တကယ်တော်တဲ့ ဒီဇိုင်းဆရာကို ရထားတာကွ"

သိမ်းပိုက်က စိတ်လိုလက်ရ ပြောနေ၏။ ဘုန်းပြည့်က





ဆက်ရပ်နေရမလား၊ ထွက်သွားရမလား ဖြစ်နေစဉ် နှယ်တံခွန်က ဖြတ်၍ပြောလိုက်သည်။

"နှယ်တံခွန် အပေါ်တက်တော့မယ်"

"ဘာလို့လဲ"

သိမ်းပိုက်က သိပ်မကြိုက်ချင်။ မျက်နှာပေါ်မှာ အလိုမကျ ရိပ်ထင်ဟပ်၏။

"မင်းအစ်မက အဲဒီလိုပဲ ဘာပြောပြော စိတ်မဝင်စားဘူး"

စိတ်ပျက်ဟန်ဖြင့်ပြောပြီး လှည့်၍အော်သည်။

ဘုန်းပြည့်က ဘာမှပြန်မပြောဘဲ ပြုံးနေလိုက်သည်။

"ကဲ···လာ ကိုယ်တို့နဲ့အတူတူလိုက်ခဲ့၊ နှယ်တံခွန် သဘောကျဖြစ်အောင် အားလုံးပြင်ဆင်ပေးဦး"

သူတို့နှစ်ယောက် လိုက်လာကြသည်။ နှယ်တံခွန် ဘာမှ ပြန်မပြော။

သိမ်းပိုက်က နှယ်တံခွန်၏ ပခုံးကိုဖက်ကာ အတူတူ



www.burmeseclassic.com

www.burmeseclassic.com



လှေကားပေါ်တက်သွားသည်။ ဘုန်းပြည့်လည်း သူတို့နောက်မှ လိုက်သွားသည်။

သူနှလုံးခုန်သံမှာ မြန်လှသည်။ သူ့စိတ်တွေ လှုပ်ရှားနေသည်။

နှယ်တံခွန်၏ မျက်နှာကလေးကို မြင်တွေ့ရပြီးကတည်းက သူ့စိတ်တွေ လှုပ်ရှားနေသည်။ ခါတိုင်းလို မတည်ငြိမ်နိုင်တော့ပါ။

သူကလေးအတွက် အခန်းကို အလှဆုံးဖြစ်အောင် လုပ်ပေးချင်သည်။

ရင်ထဲ တစ်ထောင့်တစ်နေရာမှာလည်း ရှုပ်ထွေးနောက်ကျိနေ၏။

နှယ်တံခွန်က သိမ်းပိုက်ကို လုံးဝနှစ်သက်ပုံမရဘဲ ခါးခါးသီးသီး အေးအေးစက်စက်ဖြစ်ကာနေသည်။

ဒါ ဘာကြောင့်များလဲဟု သူတွေးကြည့်နေမိသည်။



အခန်းထဲသို့ရောက်သော် နှယ်တံ့ခွန် သဘောကျကာ ပြုံးမိသည်။ ထိုအပြုံးကြောင့် ဘုန်းပြည့် ကျေနပ်သွားသည်။ ပင်ပန်းရကျိုးနပ်သွားသလိုပါ။

အိပ်မက်ဆိုးကြီး မက်နေရာကနေ ရုတ်တရက် လန့်နိုးလာသလိုပါ။ ဘုန်းပြည့် ပြင်ဆင်မွမ်းမံထားသည့် အခန်းကိုကြည့်ပြီး နှယ်တံခွန် အသက်ဝင်လာသည်။ ကောင်းလိုက်တဲ့ဒီဇိုင်း။ ကောင်းလိုက်တဲ့အပြင်အဆင်။

"လှလိုက်တာ၊ အရမ်းလှတာပဲ"

မျက်နှာကလေး ကြည်လင်ကာ တိုးတိုးကလေး ရေရွတ်သည်။

"မနှယ်တံခွန် သဘောကျတယ်ဆိုလို့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



သိပ်ဝမ်းသာပါတယ်ခင်ဗျာ"

သူ့မျက်ဝန်းများထဲသို့ နွယ်တံခွန် စိုက်ကြည့်ပြီး ပြုံးပင် ပြုံးလိုက်သည်။

"ကျေးဇူးတင်ပါတယ်နော်"

သည်အပြင်အဆင် အမွှမ်းအမံကို ဘုန်းပြည့် ပြင်ဆင်ထားသဖြင့် သူမပို၍ ဝမ်းသာမိတာလား။ ရင်ထဲက နှစ်နှစ်ကာကာနှစ်သက်မိတာ။

သို့သော် ချက်ချင်းဆိုသလို သိမ်းပိုက်၏ မြင့်မားသည့် သဏ္ဍာန်က သူတို့နှစ်ဦးအကြား ဝင်ရောက်လာကာ ပခုံးလေးကို ဖက်ပြီး...

"ဒါဖြင့် နွယ်တံခွန် သဘောကျတယ်ပေါ့"

နွယ်တံခွန်က မသိမသာ သူ့လက်ကိုဖယ်ချသည်။

သည်အခန်းကို နွယ်တံခွန် ချစ်သည်။သို့ပေမယ့် သတို့သားကို လုံးဝမနှစ်သက်ပါ။

သူမအတွေးများကို ဘုန်းပြည့်လည်း လုံးဝမသိ။





သိမ်းပိုက်လည်း လုံးဝမသိ။

"ကိုဘုန်းပြည့်က တကယ်စိတ်ကူးကောင်းတယ်"

"ဟုတ်လား"

ပြုံးနေသော မျက်နှာဖြင့် ဘုန်းပြည့်မေးရာ နွယ်တံခွန်က ပြန်ပြုံးလျက် ကျေးဇူးတင်စကားဆိုလိုက်သည်။

"ဒီလောက်လှတဲ့ အခန်း တစ်ခါမှမတွေ့ဖူးဘူး၊ နွယ်တံခွန်က အလှအပ အရမ်းကြိုက်တာ၊ ငယ်ငယ်လေးကတည်းက"

"လိုအပ်တာရှိလည်းပြောလေ"

"မလိုပါဘူး၊ ဘာမှကိုမလိုတာ၊ တကယ်ပါ"

သူ့ကို သည်လို နွေးနွေးထွေးထွေး စကားဆိုလာတော့ ရင်ထဲမှာ ပီတိလှိုင်း ရိုက်ကာ စကားပင်မပြောနိုင်။ နွယ်တံခွန်က ဘုန်းပြည့်နှင့်မှ စိတ်ပါလက်ပါပြောနေ၏။

သည်အမျိုးသမီးကို မြင်ရုံနှင့် သူ့နှလုံးသားက တဖျတ်ဖျတ်ခုန်ပြီး လေးနက်သောခံစားမှု ဖြစ်ပေါ်သည်။

သူမအတိတ်အကြောင်းက ဘယ်လိုပါလိမ့်။ ကိုသိမ်းပိုက်



www.burmeseclassic.com

www.burmeseclassic.com



ကို သူမဘာကြောင့် လက်ထပ်ရတာလဲ။ တစ်ခုခုတော့ ရှိလိမ့်မည်။

အချစ်ကြောင့် လက်ထပ်တာမဖြစ်နိုင်။

သတိလက်လွတ် ရပ်ကြည့်ငေးမောနေပြီးမှမှာပဲ သူသွားတော့မှဟု သတိရလာသည်။ သို့ကြောင့် မြန်မြန်နှုတ်ဆက်ပြီး ထွက်ခဲ့တော့သည်။

သူထွက်သွားသည်နှင့် ပြတင်းပေါက်ဝသို့ နှယ်တံခွန် လျှောက်သွားကာ ပန်းခြံထဲသို့ ငုံ့ကြည့်လိုက်သည်။ သူ့မျက်နှာကို မကြည့်ချင်။

ကြည်နူးစရာကောင်းလိုက်တာ။

ရောင်စုံသွေးစုံ ပန်းမျိုးစုံကို အကွက်အကွင်းကျကျ စိုက်ပျိုးထားသည်မှာ ရောင်စုံကော်ဇောကြီး ဖြန့်ကြက်ထားသကဲ့သို့ ရှိသည်။

ဖြူနီညိုပြာ ကြာပန်းများ ပေါက်နေသည့် ရေကန်ငယ်ကလည်း ဘဝင်ခိုက်ချင်စရာ။





နှယ်တံခွန်၏ ဘဝက အပေါ်ယံအားဖြင့် အားလုံးပြည့်စုံနေပါသည်။

သို့သော် ဒါတွေတစ်ခုမျှမလိုချင်။ မမက်မော။

မျက်ရည်များက ပါးပြင်တစ်လျှောက် ဖြည်းလေးစွာကျလာသည်။

ရင်ကွဲမတတ် သက်ပြင်းရှိုက်ကာ မျက်ရည်များကို သုတ်လိုက်သည်။

သူမနံဘေးသို့ သိမ်းပိုက်ရောက်လာသည်။

''နှယ်တံခွန် တကယ်လှတယ်ကွာ''

သူမ မလှုပ်မယှက်ရပ်နေသည်။ သည်အသံကို မကြားချင်။

"ကိုယ့်ကို ကျေးဇူးတင်စကားတစ်ခွန်းမှ မပြောပါလား"

သူက ခပ်ကြမ်းကြမ်းမေးလိုက်သည်။ သူ့မျက်လုံးများကလည်း ကြောက်စရာ။

''ကျေးဇူးတင်ပါတယ်''ဟု လျှာများကလေးနှင့် ဆိုမိ၏။



www.burmeseclassic.com

www.burmeseclassic.com

သူ့ကို နွယ်တံခွန်က ကျေးဇူးတင်စရာလား၊ ဟုတ်ပါရဲ့၊ သူက ကျေးဇူးရှင်ကြီး၊ ကယ်တင်ရှင်ကြီး အားကိုးထိုက်ပါဘိ။

ရင်ထဲမှာ တဆစ်ဆစ်နာနေသည်။ နှလုံးသားထဲက တန်ဖိုးရှိသောအချစ်ကို တစ်သက်လုံး ဘယ်တော့မှမပေးနိုင်ပါ။



သိမ်းပိုက် ခရီးထွက်သွားသဖြင့် နွယ်တံခွန် လွတ်လပ်စွာ ပျော်ရွှင်နေမိသည်။

နွယ်တံခွန်၏ နောက်ကွယ်မှာ သူ့ရှုပ်ပွေမှုကို သိထားပြီးသားပါ။

ဝန်တိုဖို့နေနေသာသာ သူ့အပေါ် ရွံရှာအထင်သေးမှုသာ ပိုလာခဲ့သည်။

သည်အိမ် သည်ခြံကြီးထဲမှာ သူမကိုနေပျော်စေတာ ဘုန်းပြည့်ဆိုသော ပုဂ္ဂိုလ်လေးနှင့် ရောင်စုံပန်းပင်များပင်ဖြစ်သည်။

ဖျင်းဖျင်းနှင့် ဘုန်းပြည့်အိမ်ကလေးသို့ ဖြည်းလေးစွာ လျှောက်သွားသည်။

"မင်းလို အသက်မပါတဲ့မိန်းမနဲ့ ဘယ်ယောက်ျား နေနိုင်



www.burmeseclassic.com

www.burmeseclassic.com



မှာလဲကွ" ဟု သိမ်းပိုက်က အော်ဟစ်ရှုံ့ချဖူးပါသည်။

နွယ်တံခွန်က ခွန်းတုံ့မပြန်။ သူ့အပေါ် ထာဝရအေးစက်စွာ ဆက်ဆံမိသည်။

သူလိုချင်တာ နွယ်တံခွန်၏အလှ၊ နွယ်တံခွန်၏ဘဝ။ သူကျေနပ်သင့်ပြီ၊ ထပ်ပြီးလောဘမကြီးသင့်တော့ပါ။

ဘုန်းပြည့်ကို မကြာခဏ တွေ့ရသည်။ အိမ်ကြီးထဲတွင်လည်းကောင်း၊ ခြံထဲတွင်လည်းကောင်း မြင်တွေ့နေရသည်။

သူနှင့်ရင်ဆိုင်မိလေတိုင်း သူ့ကို စကားပြောမိသည်။ စိတ်လိုလက်ရပြောမိတာပါ။ သူနှင့်စကားပြောရတာ စိတ်ချမ်းမြေ့သည်။

ကြည်ကြည်သန့်သန့် တည်တည်ခန့်ခန့် သူ့ပုံစံကို သူမ သဘောကျသည်။ နှစ်လိုသည်။ သူ့ကိုလေးစားသည်။ သူ့ဆီက အေးချမ်းမှု သူမဆီကူးလာသလို ခံစားရသည်။

သိက္ခာရှိသည့် ဒီဇိုင်းဆရာလေးကို သူမ ခင်မင်မိပါသည်။ စကားတွေလည်း အများကြီးပြောဖြစ်သည်။ သူတို့နှစ်ဦး





က အတွေးအခေါ်တူသည်။ တစ်ယောက်အကြောင်း တစ်ယောက် ပြန်ပြောပြကာ ရင်းနှီးသွား၏။

အိမ်ထဲသို့ဝင်လာသည့် သူမခြေသံဖွဖွကို ဘုန်းပြည့် ကြားရသည်။ သို့ကြောင့်လည်း အခန်းထဲမှ သုတ်သုတ်ထွက်ကာ ဆီးကြိုလိုက်သည်။

သူမကိုကြည့်နေသည့် သူ့မျက်ဝန်းများမှာ အမြတ်တနိုး အရိပ်အယောင်များ လျှံထွက်နေသည်။ ဖုံးမရ ဖိမရ။ ဟန်ဆောင်၍မရ။

ရင်ထဲ၌ သည်မိန်းမချောလေးကို မြင်သည့်အခါ ဘယ်လို ကြည်နူးမိမှန်းမသိ။

သည်လိုနက်ရှိုင်းစွာ တစ်ခါမှ မဖြစ်ပေါ်ဘူးခဲ့ပါ။

သည်လိုခံစားမှုမျိုးလည်း ဘယ်မိန်းကလေးကိုမှ မထားဖူးခဲ့ပါ။

သူနှင့်အတူ သူ့အလုပ်ခန်းထဲသို့ ဝင်ခဲ့သည်။

"နွယ်တံခွန် ကော်ဖီသောက်မလား"

ပိုးမိုး ◈ စာပေ

www.burmeseclassic.com

www.burmeseclassic.com

သူက တစ်ခုခု ညည်းခံချင်ပုံ။ ညည့်ဝတ်ကျေချင်သော သူ့စိတ်ကို နားလည်မိ၏။

"ရပါတယ်၊ အားမနာပါနဲ့၊ ပျင်းလို့ထွက်လာတာ"

"နွယ်တံခွန် ငိုထားတာလား"

"ရှင်"

သူက စူးစူးစမ်းစမ်းကြည့်ကာ မေးလာ၏။

နွယ်တံခွန် အံ့ဩမိသည်။ သူဘယ်လိုသိပါလိမ့်။

"မငိုပါဘူး"ဟု ညာမိသည်။

ကိုသိမ်းပိုက်၏စိတ်တိုင်းကျ ခြယ်လှယ်ခြင်းခံရသော နွယ်တံခွန်၏ဘဝကို သူနားလည်ပါသည်။ အရမ်းလည်းသနားမိသည်။

နွယ်တံခွန်က ခေါင်းစွပ်ဆွယ်တာကလေးနှင့် ချမ်းနေပုံရသည်။

"ချမ်းနေလား၊ ပြတင်းပေါက်လိုက်ကာဆွဲမလား"

စိုးရိမ်စွာဖြင့် သူကမေးသည်။





သူ့ဂရုစိုက်မှုတွေက သူမကို မျက်ရည်လည်စေပါသည်။ ရှင်ကို ဘာလို့များ စောစောစီးစီး မတွေ့ခဲ့တာလဲနော်။ အတွေ့နောက်ကျလိုက်တာ။

"ဟင့်အင်း...ရပါတယ်"

မျက်လွှာလေးချကာ သူ့ရှေ့ထိုင်နေသောနွယ်တံခွန်ကို သူ အကြာကြီးကြည့်နေ၏။

ရွှေခံပွေ့ချီကာ အဝေးဆုံးကို ခေါ်သွားချင်သည်။ လှပသော နှုတ်ခမ်းဖူးဖူးကလေးကနေ ချိုသာသော ရယ်သံလွင်လွင်ကလေး ကြားချင်သည်။

ကိုသိမ်းပိုက်အကြောင်းတွေ သူလည်း သိသင့်သလောက်သိပြီးပါပြီ။ စိတ်လည်းပျက်မိသည်။ နွယ်တံခွန်ကို အတိုင်းမသိသနားမိ၏။

"လုပ်စရာရှိတာလုပ်ပါ၊ မိုးတွေရွာလာပြီနော်"

"ဟုတ်တယ်၊ ဒီရက်တွေထဲမှာ မိုးခဏခဏရွာတယ်"

"ကိုသိမ်းပိုက် ဘယ်တော့ပြန်ရောက်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မသိသေးဘူး၊ တစ်ပတ်လောက်ကြာမယ်ထင်တယ်၊ ဘုန်းပြည့်ကို ပြောရဦးမယ်၊ ရင်းရင်းနှီးနှီး နှယ်တံခွန်လို့ပဲခေါ်ပါ၊ သူငယ်ချင်းတွေဖြစ်နေပြီပဲ"

"အင်း…ခေါ်မယ်"

"ဘုန်းပြည့် ဒီမှာပျော်ရဲ့လား"

"ပျော်ပါတယ်၊ ကိုသိမ်းပိုက်ကျေးဇူးတွေ ကျွန်တော့်အပေါ်မှာ အများကြီးရှိပါတယ်"

နှယ်တံခွန် ပင့်သက်ရှိုက်သည်။

ဘုန်းပြည့်က သစ္စာရှိသူ၊ ကျေးဇူးသိတတ်သူတစ်ယောက်ပါ။

"ဒီမှာ ဘယ်လောက်ကြာကြာနေမယ် စိတ်ကူးထားလဲဟင်"

"မပြောတတ်ပါဘူး၊ တစ်ခါတလေတော့ ကျွန်တော်ထွက်သွားချင်တယ်၊ အမြဲကပ်မနေချင်ဘူး၊ ဒါပေမယ့် အကြောင်းကြောင်းကြောင့် ဆက်နေဖြစ်တယ်"





သူမခေါင်းညိတ်သည်။ သူ့ကိုနားလည်မိသည်။

ဘုန်းပြည့်က နှယ်တံခွန်ကိုကြည့်ကာ သက်ပြင်းနက်နက်ချဖြစ်သည်။ သူတို့အိမ်ထောင်ရေး လုံးဝမပြေလည်တာကို သိမ်းပိုက်က နိုင်ထက်စီးနင်းနိုင်တာ၊ နှယ်တံခွန်အပေါ် မတရားနှိပ်စက်တတ်တာ သိထားပြီးသားပါ။

နှယ်တံခွန်၏ ကွယ်ရာမှာ ထင်သလိုနေတတ်တာ၊ တမင်စိတ်နာကျင်အောင် လုပ်တတ်တာလည်း သိထားသည်။

"တစ်ခါတလေ အသက်ရှင်ချင်စိတ်မရှိလောက်အောင်ဖြစ်မိတယ်"

မပြောဖြစ်အောင် အနိုင်နိုင်ထိန်းထားရင်း လွှတ်ခနဲထွက်သွားသည်။ ရင်ဖွင့်စရာ ဘုန်းပြည့်ပဲရှိတာမဟုတ်လား။

သူလည်း ရုတ်တရက် မျက်နှာပျက်သွားသည်။ သူမကိုခပ်ငေးငေးစိုက်ကြည့်လာသည်။

သူ့ရင်ထဲ မွန်းကြပ်စွာနှင့် အခန်းဝကိုလျှောက်သွားပြီးဘဲခါးကို ဂျိန်းခနဲတွန်းပစ်လိုက်၏။ သူ သေသေချာချာသိရပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"နွယ်တံခွန် သက်သာမယ်ဆိုရင် ပြောပါ၊ ကျွန်တော် နားထောင်ပေးမယ်"

လှည့်မကြည့်ဘဲ ခပ်တိုးတိုးပြောလိုက်သည်။

"ပြန်ပြောနေတော့လည်း ဘာမှထူးမလာပါဘူး၊ အားလုံး ပြီးခဲ့ပြီပဲ၊ အစကနေ ပြန်စလို့ရတာမှမဟုတ်ဘဲ"

"အဲဒီလိုဘဲ နေရင်လည်း ပျော်ပျော်နေပါလားဗျာ"

နွယ်တံခွန်က နာကျင်စွာရယ်လိုက်သည်။

"အပျော်ဆိုတဲ့ စကားလုံးဟာ ကျွန်မနဲ့ ဝေးသွားခဲ့တာ ကြာပါပြီ၊ လုံးဝမရင်းနှီးတော့ဘူး"

"နွယ်တံခွန် မြင်ရတာ ကျွန်တော် စိတ်ပင်ပန်းလိုက်တာ၊ တကယ်ပါပဲ ဒုက္ခတွေကို ဝန်ထုပ်ဝန်ပိုးလို သယ်မထားပါနဲ့၊ ပစ်ချ လိုက်ပါ"

"ဒီလောက်မကပါဘူး ကိုဘုန်းပြည့်ရဲ့၊ ကျွန်မဘဝက ရှင်ရက်နဲ့ သေနေပါပြီ၊ သူ့လက်ကနေ ကျွန်မ ရုန်းမထွက်နိုင်တော့ ပါဘူး၊ သူစေသမျှ ဟုတ်ကဲ့လို့ နာခံနေရတဲ့ ဘဝပါ။ ကျွန်မ ဒီဘဝမရောက်အောင် ကြိုးစားခဲ့ပါသေးတယ်"

"နွယ်တံခွန်ရယ်"

ရင်ထဲက လှိုက်ခါသော အသံနှင့် သူ့ခေါ်မိကာ သူမရှေ့ ကို တိုးကပ်သွားမိ၏။

"ကျွန်မကြောင့် ရှင် ဒုက္ခရောက်မှာစိုးတယ်"

တိုးဖွဖွပြောမိသည်။

ဘုန်းပြည့်မျက်နှာမှာ တဖွတ်ဖွတ်ထိုးလုပ်တော့မည့် အရိပ် အရောင်တွေ မြင်ရသည်။

ရတက်မအေးနိုင်ပါ။

တည်ငြိမ်အေးချမ်းသော သူ့ဘဝကို မဖျက်ဆီးရက်ပေ။ နွယ်တံခွန်ကံနှင့် နွယ်တံခွန်သာ ရှိစေတော့။

"ကျွန်တော် ဘာလုပ်ပေးရမလဲ၊ နွယ်တံခွန် ဘာဖြစ်ချင် သလဲ ပြောပါ"

မျက်ရည်ရစ်ဝိုင်းသော မျက်လုံးများနှင့် သူ့ကိုကြည့်မိ၏။







www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဖြစ်ပါဘူး ကိုသိမ်းပိုက်ကို ကျွန်မ ကြောက်တယ်၊ ရွံတယ်၊ ခါးသီးတယ်၊ သူနဲ့အတူတူရှိနေချိန်တွေဟာ ငရဲကျနေသလိုပါပဲ။ ဘုန်းပြည့်လုပ်ပေးထားတဲ့ အခန်းလှလှကလေးထဲမှာ ကျွန်မ တစ်မိနစ်၊ တစ်စက္ကန့်တောင် အသက်မရှင်ချင်ဘူး သိရဲ့လား"

သူ့ရင်ထဲကို ထိနိုက်စေသောစကား။

"ကျွန်တော်က ဒီလိုမှန်းမှမသိတာ"

ဘုန်းပြည့်က နောင်တရစွာ ရေရွတ်သည်။

ကိုသိမ်းပိုက် ဘယ်လောက်ထိဆိုးတယ်ဆိုတာ သူလည်း သိထားပြီးပါပြီ။ ထူးပြီးပြောဖွယ်မရှိ။

"ဒီအိမ်ကလေးထဲကို ရောက်ရင် စိတ်ချမ်းသာတယ်"

"ကျွန်တော်လည်း နွယ်တံခွန်နဲ့ စကားပြောနေရရင် အရမ်းပျော်ပါတယ်၊ နွယ်တံခွန် ပျော်အောင် ဘာလုပ်ပေးရမလဲ ဆိုတာပဲ တွေးနေမိတယ်"

"တကယ်လား"





"တကယ်ပေါ့ဗျာ"

"ဒါဆို ဂစ်တာတီးပြီးသီချင်းဆိုပြ"

"ဟာ"

ဘုန်းပြည့် အံ့သြသွားသည်။

"ကျွန်တော် သီချင်းဆိုတာ ကြားတယ်လား"

"အင်း"

သူ့မျက်နှာက ရှက်စိတ်ကြောင့် အနည်းငယ်နီမြန်းသွား၏။ ပြီးတော့ ဂစ်တာကိုသွားယူပြီး သီချင်းဆိုပြ၏။

သူဆိုပြတာက 'ချစ်သူ့မျက်နှာ'သီချင်း။

ညညဆို သူ့သီချင်းသံက နွယ်တံခွန်ကို လန်းဆန်းစေသည်။ အိပ်မက်လှလှ မက်စေသည်။

ဒါတွေ သူမသိရှာ။

နွယ်တံခွန်ကလည်း အိမ်ထောင်ရှိသော မိန်းမတစ်ယောက်။ စည်းဆိုတာကို နှစ်ယောက်စလုံး နားလည်သည်။ နှစ်ယောက်စလုံး ထိန်းသိမ်းသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူတို့နှစ်ဦး တစ်ယောက်ကိုတစ်ယောက် အလုံးစုံ နားလည်နေကြပါပြီ။

"ကျွန်တော်က နွယ်တံခွန် သီချင်းမကြိုက်ဘူးထင်တာ ဗျ"ဟု သူကစသည်။

"ကြိုက်ပါတယ်၊ အိမ်ထောင်ကျပြီးမှ နားမထောင်ဖြစ် တော့တာပါ"

ရင်ထဲက နာကျင်မှုများကို ခေတ္တခဏမေ့နေမိ၏။

ထိုအချိန်တွင် အိမ်ထဲသို့ တဖျတ်ဖျတ်ဝင်လာသော ခြေသံ ကိုကြားရသဖြင့် နှစ်ဦးသား မျက်လုံးချင်းဆုံကာ လန့်သွား၏။ အားပြင်းသော ခြေသံ၊ မာန်ပါသောခြေသံ၊ သည်ခြေသံက နိုင်လို မင်းထက်ပြုမှုတတ်သော ကိုသိမ်းပိုက်၏ ခြေသံပါပဲ။

"သြော်…တကယ်ပဲ ဒီရောက်နေတာကိုး"

သူတို့နှစ်ဦးရှေ့ကို ဘွားခနဲရောက်လာသော သိမ်းပိုက်က မသက်သာသလိုကြည့်၏။

နွယ်တံခွန်က မျက်နှာဖြူဖျော့စွာနှင့်…





"ဘာမေ့ခဲ့လို့လဲဟင်"ဟု မေးမိ၏။

သိမ်းပိုက်က အဓိပ္ပါယ်ပါပါ ပြုံးသည်။

သူ့အပြုံးက သူ့ခိုးမိထားသလိုလို။

နွယ်တံခွန်တို့က ဘာအမှားမှ မကျူးလွန်ထားပါ။ သူ့အပြုံးကို လုံးဝမကြိုက်။ ဘုန်းပြည့်၏သိက္ခာနှင့် နွယ်တံခွန်၏ သစ္စာကို နှင်းခြေစော်ကားသည်။

"ဒီမှာဘာလုပ်နေကြတာလဲ"

ခပ်ပြတ်ပြတ်မေးလာ၏။

ဘုန်းပြည့်က မျက်နှာပျက်သည်။ ပြီးတော့ မျက်လုံးများ က တင်းမာအေးစက်နေသည်။

သူတို့စကားများမှာ ရန်ဖြစ်မှာ စိုးရိမ်မိ၏။

ဘုန်းပြည့်ကို စိတ်ဆိုးမာန်ဆိုး နှင်ထုတ်လိုက်လျှင် နွယ်တံခွန်တစ်ယောက်တည်း ကျန်ရစ်ရတော့မည်။

သည်လိုတော့ အဖြစ်မခံနိုင်ပါ။

"အခန်းကို ဆေးအရောင်ပြောင်းရင် ကောင်းမလားလို့



www.burmeseclassic.com

www.burmeseclassic.com

တိုင်ပင်နေကြတာပါ''

သိမ်းပိုက်က ဟက်ခနဲရယ်သည်။

''ယုတ္တိမရှိလိုက်တာကွာ၊ ဒီအထိ လာတိုင်ပင်ရသလား အရောင်ကို သံစဉ်နဲ့ရှာပြီး ရွေးနေတာတော့ မဟုတ်ပါဘူးနော်၊ ဂစ်တာတစ်လက်နဲ့ဆိုတော့''

နှယ်တံခွန် ဘာဆက်ပြောရမှန်းမသိပါ။

အမှားတစ်ခုကို ကျူးလွန်မိပြီမို့ သိမ်းပိုက်က အပြစ်ကြီးကြီးပေးတော့မှာလည်း သိနေပါပြီ။

သူ့ကို နှယ်တံခွန် အရှုံးမပေးချင်။

သည်ဘ၀ သည်အနေအထားကနေ ရုန်းထွက်ချင်ပါပြီ။ ဆက်လက်ပြီး သည်းခံအောင့်အီးနိုင်စွမ်းမရှိတော့။

''ငါသိပြီးသားပါ၊ ငါမရှိတာနဲ့ မင်း ဒီကိုလာတတ်တာ''

''ဟင်''

''ငါသတင်းရပြီးသားပါ၊ ဒီအိမ်မှာ အလုပ်သမားတွေ အများကြီး မျက်လုံးပေါင်းများစွာရှိတယ်''





သိမ်းပိုက်က နှယ်တံခွန်ပခုံးကို ဖျတ်ခနဲဆုပ်ကာ ''မင်းဘာတွေ ဆင်ခြေပေးဦးမလဲ''ဟု မေးလိုက်၏။

''ငါနဲ့ဆိုရင်တော့ မင်းက အေးတိအေးစက်နဲ့ ဘုန်းပြည့်နဲ့ကျတော့ ကြည်နူးနေလိုက်တာ၊ မင်းလင်က ငါကွ၊ ဘုန်းပြည့် မဟုတ်ဘူး''

''တော်ပါတော့ ဘာတွေလျှောက်ပြောနေတာလဲ''

''ရှက်တတ်ရင် မင်းဆင်ခြင်ပေါ့၊ ဘုန်းပြည့် မင်းလည်း ဒီမှာမနေနဲ့တော့''

''မဟုတ်ဘူးအစ်ကို၊ ကျွန်တော်...''

''တော်ပြီ၊ မရှင်းပြနဲ့၊ ငါနားလည်တယ်၊ မင်းကို ငါ တိုက်ခန်းတစ်ခန်း စီစဉ်ထားပြီးပြီ၊ အဲဒီမှာနေ''

''ကျွန်တော်ထွက်သွားမှာပါ၊ အပြီးအပိုင်သွားမှာ၊ ဒီမှာလည်း အလုပ်မလုပ်တော့ပါဘူး''

ဘုန်းပြည့် ဆုံးဖြတ်ချက်ကို နှယ်တံခွန် လန့်သွားမိ၏။ သူမကို တကယ်ပဲထားခဲ့ပြီး ထွက်သွားမှာလား။



www.burmeseclassic.com

www.burmeseclassic.com

"ဟင့်အင်း…ဘုန်းပြည့်မသွားပါနဲ့"

နွယ်တံခွန် တုန်ခိုက်စွာတားမိ၏။

"ကျွန်မကို မထားခဲ့ပါနဲ့"

ဘုန်းပြည့်က နွယ်တံခွန်ကို လှမ်းကြည့်သည်။

"ကျွန်မ ဒီမှာဆက်နေရင် စိတ်ဆင်းရဲပြီး သေမှာပဲ၊ လုံးပါးပါးလိမ့်မယ်၊ ကျွန်မဘဝကို လွတ်လပ်ခွင့်ပေးပါတော့ ကိုသိမ်းပိုက်ရယ်၊ ကျွန်မကို ကွာပေးပါ"

"ဘာ"

သိမ်းပိုက်က အသံကျယ်ကြီးနှင့်အော်၏။

"မင်းရူးနေသလား၊ မင်းဘာတွေပြောနေတာလဲ နွယ်တံခွန်၊ မင်းသေချာစဉ်းစားပါဦး"

နွယ်တံခွန်က သိမ်းပိုက်ကို တည့်တည့်ကြည့်သည်။

"ကျွန်မ ရှင့်ကို ဘယ်တုန်းကမှ မချစ်ခဲ့ဖူး၊ ရှင် ကျွန်မကို မရရအောင်ယူခဲ့တာ၊ ဒါတွေ ကျွန်မနဲ့ ရှင်နှစ်ယောက်စလုံး သိတယ်၊ အခုချိန်မှာတော့ ရှင့်အတွက်တွေ၊ လောဘတွေ ကုန်ဆုံးသင့်ပြီ"





"မင်းဘာတွေပြောနေတာလဲ၊ တောက်"

"ဖြန်း"

သိမ်းပိုက်က နွယ်တံခွန်ကို ဖျန်းခနဲ ရိုက်ချလိုက်၏။

"ဟာ…ကိုသိမ်းပိုက် မလုပ်ပါနဲ့"

နွယ်တံခွန်က သူ့ကို နာကြည်းစွာကြည့်သည်။

ဘုန်းပြည့်က သိမ်းပိုက်လက်ကို ဖမ်းဆွဲထား၏။

"ဖယ်စမ်းကွာ၊ မင်းက ဘာကောင်မို့တားရတာလဲ"

"အို…မလုပ်ပါနဲ့၊ ရှင် ယုတ်မာရက်စက်လှချည်လား ဟင်၊ ရှင်လူမှဟုတ်ရဲ့လား"

သိမ်းပိုက်က ဘုန်းပြည့်ကို ဆွဲထိုးသည်။ နွယ်တံခွန်က ဝင်တားသည်။ ဘုန်းပြည့်က ပြန်မလုပ်ပါ။

"ယုတ်မာရက်စက်တာက မင်းတို့ကွ၊ နားလည်လား"

"နားလည်ပါတယ် သူတော်ကောင်းကြီးရယ်၊ ဟုတ်ပါတယ်၊ ရှင်ကလူကောင်း ကျွန်မတို့က မကောင်းတာ"

နွယ်တံခွန်က သိမ်းပိုက်ကို စူးရဲစွာကြည့်ကာ တစ်ခွန်း



www.burmeseclassic.com

www.burmeseclassic.com

ချင်းပြော၏။

"ကျွန်မ မိဘတွေ ဆုံးပါးသွားချိန် ကျွန်မ စိတ်ဓာတ်တွေ လဲပြိုချိန်မှာ ရှင်က ဒေါ်ကေသီကို အသုံးချပြီး ကျွန်မဘဝကို လှလှပပ နင်းခြေခဲ့တယ် ကိုသိမ်းပိုက်၊ ရှင်ဟာ ဘယ်လိုလူလဲဆိုတာ ကျွန်မမသိဘူးထင်နေသလား၊ သိတယ်၊ မသိချင်ယောင်ဆောင်နေတာ၊ ဒါပေမယ့် ရှင့်မိန်းမ နွယ်တံခွန် ရှင်မတရားအပိုင် စီးထားတဲ့မိန်းမ ဒီနေ့ သေသွားပြီ။ အဲဒါ ရှင် စွဲစွဲမြဲမြဲမှတ်ထားလိုက်၊ ကျွန်မဘဝကို ရှင်လွှတ်လပ်ခွင့်ပေးပါ၊ ကွာရှင်းပေးပါ၊ တကယ်လို့ ရှင်မလိုက်လျောဘူးဆိုရင် ကျွန်မဆက်ပြီး အသက်မရှင်တော့ဘူး။ ဒီဘဝကြီးထဲကနေ ကျွန်မ ရုန်းထွက်မယ်၊ အသက်ရှင်ရက်နဲ့ ထွက်ခွင့်မရလည်း အသက်အသေခံပြီး ထွက်မယ်၊ ရှင်နဲ့ မပေါင်းနိုင်တော့ဘူး"

"နွယ်တံခွန်"

ဘုန်းပြည့်က ထိတ်လန့်စွာခေါ်သည်။

နွယ်တံခွန်က ဘုန်းပြည့်ကို စေ့စေ့ကြည့်သည်။





သူမအကြည့်ကို သူနားလည်သည်။

နှုတ်ဆက်ကြည့်။ နောက်ဆုံးအကြည့်။

နွယ်တံခွန်က လှစ်ခနဲပြေးထွက်ကာ လှေကားပေါ် တဒုန်းဒုန်း တက်သွားတော့သည်။

"နွယ်တံခွန် ဘာလုပ်မလို့လဲ၊ မလုပ်ပါနဲ့၊ ကျွန်တော်တောင်းပန်ပါတယ်"

ဘုန်းပြည့်က ချက်ချင်းပြေးလိုက်သည်။

နေရာမရွေ့ရပ်နေသော သိမ်းပိုက်လည်း နောက်ကပြေးလိုက်လာ၏။

"နွယ်တံခွန်"

နွယ်တံခွန်က သုံးထပ်ရှိ ဝရန်တာသို့ ရောက်သွားခဲ့ပြီ။ သိမ်းပိုက်နှင့် ဘုန်းပြည့်လည်း နောက်ကပါလာသည်။ ဘုန်းပြည့်က စိုးရိမ်တကြီးအသံနှင့် တား၏။

"ကျွန်တော်ခေါ်သွားမယ်၊ နွယ်တံခွန်ကို မထားခဲ့ဘူး၊ ကျွန်တော့်ကိုယုံပါ၊ မလုပ်ပါနဲ့ နွယ်တံခွန်ရယ်၊ ပြန်လာခဲ့ပါ၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တောင်းပန်ပါတယ်၊ ကျွန်တော် နွယ်တံခွန်ကိုမခေါ်ဘဲ ဘယ်မှမသွားဘူး၊ သတ်ချင်သတ်လိုက်ပါစေ၊ အသေခံသွားမယ်၊ နွယ်တံခွန်ကို ဒီအတိုင်းမထားရက်ခဲ့ပါဘူး၊ မတော်တဆ လိမ့်ကျသွားပါ့မယ်၊ လာပါ နွယ်တံခွန်ရယ်၊ အေးအေးဆေးဆေး ပြောပါ"

နွယ်တံခွန်က အေးစက်စွာပြုံးသည်။

"ကျွန်မ မကြောက်ပါဘူး၊ ညာပြီးပြန်ခေါ်လည်း နောက်တစ်ကြိမ် ကျွန်မ ထပ်ကြံစည်မှာပဲ၊ ဒီဘဝမှာ ကျွန်မ မနေနိုင်တော့ဘူး၊ ဒီလိုနေမလား သေမလား ရွေးဆို ကျွန်မ ဘာကိုရွေးချယ်မလဲဆိုတာ ရှင်သိပါတယ် ဘုန်းပြည့်ရယ်"

နွယ်တံခွန်က ပါးပြင်ပေါ်က မျက်ရည်တွေကို သုတ်ပစ်၏။ သိမ်းပိုက်က လက်လျှော့သောလေသံနှင့်...

"ငါ ကွာရှင်းပေးမယ်၊ မင်းပြန်လာ၊ ဒီလိုမလုပ်ပါနဲ့"

ဟု တောင်းပန်ရတော့သည်။

ရင်ထဲမှာ မြတ်နိုးတပ်မက်စိတ်ကြောင့်သာ ရအောင်ယူခဲ့မိတာပါ။ မျက်စိရှေ့မှာ သည်လိုတော့ အဖြစ်မခံနိုင်ပါ။ သူမှာ





လည်း ကြင်နာတတ်သော နှလုံးသားနှင့်ပါ။

နွယ်တံခွန်ကို သူလျှော့တွက်ခဲ့သည်။

တစ်နေ့နေ့ချစ်လာမှာပဲဟု ထင်ထားခဲ့သည်။

သူ့လုပ်ရပ်တွေက နွယ်တံခွန်၏စိတ်ကို နာကျင်ဒဏ်ရာရစေခဲ့ပြီ။

"နွယ်တံခွန် ကျွန်တော်တောင်းပန်ပါတယ်ဗျာ၊ ကျွန်တော့်ကိုယုံပါ၊ နွယ်တံခွန် စိတ်ဆင်းရဲစေရတော့ဘူး၊ အဖေကြီးကို ကျွန်တော်ခေါ်သွားမယ်၊ ကျွန်တော်လေ နွယ်တံခွန် စိတ်ချမ်းသာအောင် တစ်သက်လုံးထားမှာပါ၊ ယုံကြည်ပေးပါ"

ဘုန်းပြည့်က ကတိအထပ်ထပ်ပေးသည်။

သိမ်းပိုက်ကလည်း တောင်းပန်သည်။

"ငါ မင်းကို ကွာပေးပါ့မယ်၊ ငါ့ကို ဒီလောက်မုန်းနေမယ်လို့ ငါမထင်ခဲ့ဘူး၊ ငါက မင်းကို ဘာတွေများနှိပ်စက်ခဲ့လို့လဲ"

ဘုန်းပြည့်က နွယ်တံခွန်ဘေးကို လှမ်းခဲ့ လှောင်မြန်စွာ



www.burmeseclassic.com

ကပ်သွားပြီး ခါးလေးကို တင်းတင်းကြပ်ကြပ် ဖမ်းဆွဲထားလိုက်၏။

နွယ်တံခွန်က ဘုန်းပြည့်ရင်ခွင်ထဲမှာ မေ့မျောသတိလစ်သွား၏။ သိမ်းပိုက်ရော ဘုန်းပြည့်ပါ ပျာယာခတ်သွား၏။ သိမ်းပိုက်မျက်နှာက အင်မတန် အိုမင်းရင့်ရော်သွားသလိုပါ။ သူတကယ်ပဲ နွယ်တံခွန်ကို စွန့်လွှတ်ရတော့မည်။

နွယ်တံခွန်က ဘုန်းပြည့်ကိုသာ အားကိုးသည်။ တွယ်တာသည်။ ယုံကြည်သည်။ သူ့ကိုတော့ ရှုံ့ရှာမုန်းတီးကာ မြင်ပင်မမြင်ချင်ပုံမျိုးပါ။

ရက်စက်လိုက်တာ နွယ်တံခွန်ရယ်…





နွယ်တံခွန် သတိရလာပြီဆိုတော့မှ သူက ကားပေါ်တက်ပြီး စက်နှိုးသည်။

နွယ်တံခွန့်ကို ဘုန်းပြည့်လက်ထဲ အပ်ခဲ့ပါပြီ။ အစကတည်းကလည်း ကိုယ့်ကို မကြည်ဖြူ မနှစ်သက် မလိုလားသော သူမကို ဇွတ်တိုးလက်ထပ်ခဲ့တာပါ။

ကားကို တစ်ယောက်တည်း မောင်းလာရင်း သူ့ အံကြိတ်မိသည်။ သူတကယ်ပဲ ရှုံးခဲ့သည်။

နွယ်တံခွန်က အသက်ကိုပင် စွန့်လွှတ်ရဲလာသောအခါ သူ အနိုင်ယူ၍မဖြစ်တော့ပါ။

သူထပ်ပြီး အနိုင်ယူလျှင် ရလိုက်တာက နွယ်တံခွန်၏ အသက်ပဲ ဖြစ်လိမ့်မည်။

ပိုးမိုး ◈ တပေ

www.burmeseclassic.com



နွယ်တံခွန်ကို မသေစေချင်ပါ။

သူ ကျေကျေနပ်နပ် အလျှော့ပေးလိုက်ပါပြီ။

ဘုန်းပြည့်နှင့် နွယ်တံခွန် ထွက်သွားပြီးမှ သည်အိမ်ကြီးကို သူပြန်လာပါမည်။

ရှိပါစေတော့…

သူ နွယ်တံခွန့်ကို လွှတ်လပ်ခွင့်ပေးလိုက်ပါပြီ။



နွယ်တံခွန်က ဖျတ်ခနဲ မျက်လုံးဖွင့်ကြည့်သည်။

ဘေးနားမှာ စိုးရိမ်ပူပန်စွာ ထိုင်စောင့်နေတာက ဘုန်းပြည့်။

"ဘုန်းပြည့်"

"နွယ်တံခွန် သတိရပြီလားဟင်"

"ဘယ်ကိုရောက်နေတာလဲဟင်"

အခန်းထဲကို ဝေ့ဝဲကြည့်ကာ နွယ်တံခွန် မေး၏။

"ဒါ ကိုယ့်အခန်းလေ၊ ဟိုအခန်းထဲမှာဆို နွယ်တံခွန် …တ်ဆင်းရဲတယ်ဆို၊ နွယ်တံခွန် ဒီမှာပဲနေပါ၊ ကျွန်တော် အပြင်ခန်း… နေမယ်၊ ဒီအိမ်ကြီးက ထွက်မသွားခင်အထိပေါ့၊ နွယ်တံခွန် …ကောင်းတာနဲ့ ထွက်သွားကြမယ်၊ စိတ်အေးအေးထား ကြား…ား"



www.burmeseclassic.com

www.burmeseclassic.com



"နေကောင်းပါတယ်၊ အခုပဲထွက်သွားရအောင်"

"ခဏနားပါဦး နွယ်တံခွန်ရယ်၊ ကိုသိမ်းပိုက်လည်း မရှိတော့ဘူး၊ ကျွန်တော့်ပစ္စည်းတွေ သိမ်းရဦးမယ်၊ နေဖို့တိုက်ခန်းလည်း ရှာရဦးမယ်"

"ဟင့်အင်း…ဒီမှာမနေချင်ဘူး"

"သိပါတယ်၊ မနက်ဖြန်ပြောင်းနိုင်အောင် ကျွန်တော်စီစဉ်မယ်၊ ကျေနပ်ပြီလား"

"အင်း"

နွယ်တံခွန်က သူ့ကို ငေးငေးကလေးကြည့်ကာ နေ၏။

"ရှင့်အတွက် ကျွန်မက ဝန်ထုပ်ဝန်ပိုးလားဟင်"

"ဒါပေါ့ ကျွန်တော်က ကျေကျေနပ်နပ်နဲ့ ကြည်ကြည်ဖြူဖြူ ထမ်းလိုက်လားတဲ့ ဝန်ထုပ်ဝန်ပိုးကလေးပါ"

နွယ်တံခွန် လက်ဖျားကလေးကို ဖျစ်ညှစ်ကာ ဘုန်းပြည့်က ပြောလာ၏။

"အလကားပါ၊ နွယ်တံခွန်ကိုထားခဲ့ပြီး သွားမလို့မဟုတ်





လား၊ သိသားပဲ"

"နွယ်တံခွန်ရယ်…ကျွန်တော်က ဒီလိုမပြောလို့ ဘယ်လိုပြောရမလဲ၊ ကိုသိမ်းပိုက်က မနွယ်တံခွန်ရဲ့…"

"တော်ပြီ မပြောနဲ့တော့"

နွယ်တံခွန်က နားနှစ်ဖက် ပိတ်လိုက်၏။

အတိတ်ကို ပြန်သတိမရချင်။

အတိတ်မေ့သွားရင် သိပ်ကောင်းမှာပါ။

နွယ်တံခွန်၏ဘဝထဲကို သိမ်းပိုင်ဝင်လာခဲ့ချိန်တွေကို ဖဲ့ထုတ်ဖယ်ရှားပစ်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com

"နွယ်တံခွန်…နိုးပြီလား"

ဘုန်းပြည့်က အသာအယာ လှုပ်နှိုးမှ နွယ်တံခွန် နိုးလာခဲ့၏။

"ဟင်…ခြောက်နာရီကျော်ပြီ"

"အင်း"

"မောင် ဘာလို့စောစောမနှိုးတာလဲ"

"နွယ်တံခွန် အိပ်ပျော်နေတာ မနှိုးရက်လို့"

"လုပ်ပြန်ပြီ၊ ဒီနေ့ မောင်လေးစေ့စပ်ပွဲရှိတဲ့ဟာ"

"အင်းလေ…သိသားပဲ"

"မေမေက အစောကြီးခေါ်ထားတာ"

"အခုပဲသွားကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

“ဖြစ်မလား၊ နွယ်တံခွန် ရေမိုးချိုးပြင်ဆင်ရဦးမှာ”

နှုတ်ခမ်းလေးကိုက်ကာ အိပ်ရာထက်ကနေ ထထိုင်သည်။ အိပ်မက်ကလေးက ဇာတ်သိမ်းမဆုံး။ မောင်က နွယ်တံခွန်ကို သိမ်းပိုက်နှင့် ဆေးရာကို ခေါ်သွားသည်။ ကြည်နူးချမ်းမြေ့စရာ ကောင်းလိုက်တာ။

မောင်သာလာမန္တီးလျှင် ဆက်မက်ချင်မက်နေဦးမှာ။ မောင်က နွယ်တံခွန်၏နဖူးကို ဖွဖွမွှေးရှိုက်ပြီး ရေချိုးခန်းထဲဝင်သွား၏။

ဖုန်းမြည်လာတော့ နွယ်တံခွန်ပဲ ထူးရသည်။

“မနွယ်တံခွန်လား”

“ဟုတ်ကဲ့”

မောင့်သူငယ်ချင်း ကိုသိမ်းပိုက်၏အသံမှန်း သေချာသိလိုက်၏။ တသွေမတိမ်းပါပဲ အိပ်မက်ထဲကအသံ။ နွယ်တံခွန် ပင့်သက်ရှိုက်သည်။

“ဘုန်းပြည့်ရော”

“ရေချိုးနေတယ်”





“အိုကေ…ဒါဆို ကျွန်တော် ပြီးမှပြန်ဆက်မယ်”

“ဟုတ်”

နွယ်တံခွန်က ဖုန်းချဖို့ပြင်သည်။

“မနွယ်တံခွန်”

“ဟင်”

“ကျွန်တော့်ကောင်မလေး ချောရဲ့လား”

“အင်း…ချစ်စရာကောင်းပါတယ်”

“ကျွန်တော့်ကို ချစ်ပုံရောရရဲ့လား”

“ရှင်”

သူက ပွင့်ပွင့်လင်းလင်းမေးပေမယ့် နွယ်တံခွန်က ဘယ်လိုဖြေရမှန်းမသိပါ။ သူ့ကို ချစ်သလား၊ မချစ်ဘူးလားဆိုတာ သူအသိဆုံးဖြစ်သင့်သည်။

“ကျွန်တော်က ကျွန်တော့်ကို မချစ်ဘဲ လက်ထပ်မိမှာ ကြောက်နေတာဗျ၊ အိမ်ထောင်ရေးဆိုတာ အချစ်ပါမှ ခိုင်မြဲမှာ မဟုတ်လား”


www.burmeseclassic.com

www.burmeseclassic.com

"အင်း…ဟုတ်တာပေါ့"

"အကဲခတ်ပေးပါဗျာ၊ နဒီ ကျွန်တော့်အပေါ် ချစ်ရဲ့လား ဆိုတာ ဘေးလူအမြင်လည်း ကျွန်တော်သိချင်တယ်"

"ကောင်းပါပြီ၊ လေ့လာကြည့်မယ်"

"ကျေးဇူးပဲ"

နှယ်တံခွန်က ဖုန်းချပြီး ရယ်လိုက်၏။

လောဘကြီးတာကတော့ အိပ်မက်ထဲကအတိုင်းပါပဲလား။ သို့ပေမယ့် သူ့ပုံစံ၊ သူ့အသံက အိပ်မက်ထဲမှာလို ကောက်ကျစ် ယုတ်မာခြင်းမရှိ၊ ပကတိတည်တည်ကြည်ကြည် သန့်သန့်စင်စင် ပါပဲ။

နှယ်တံခွန်အပေါ်လည်း ရိုးသားသည်။ ခင်မင်သည်။ ပွင့်လင်းသည်။

သူ့ကို သံသယနှင့် အထင်မသေးသင့်ပါ။

အိပ်မက်တစ်ခုကြောင့် သူ့အပေါ် အမြင်မစောင်းသင့်ပါ။



နှယ်တံခွန်က ညည့်ခန်းကိုဆင်းလာပြီး ခြေလှမ်းတုံ့သွား၏။

ညည့်ခန်းမှာ မတ်တပ်ရပ်ပြီး နှယ်တံခွန်နှင့် မောင်တို့၏ မင်္ဂလာဓာတ်ပုံကို မော့ကြည့်နေသူက ကိုသိမ်းပိုက်။

သူက အကြာကြီး ငေးကြည့်နေသည်။

နှယ်တံခွန် ဆင်းလာတာကို မတွေ့။

မောင်ရော…မောင် ဘယ်ရောက်နေပါလိမ့်။

နှယ်တံခွန် မျက်လုံးလေးဝေ့ရှာမိသည်။

သိမ်းပိုက်က ဓာတ်ပုံပေါ်ပဲ အာရုံရောက်နေသည်။ မောင်နှင့် နှယ်တံခွန်၏ မင်္ဂလာဓာတ်ပုံကြီးက တော်တော်ကြီးသည်။ ဓာတ်ပုံကို ပန်းချီပြန်ဆွဲထားတာပါ။ ညည့်ခန်းနံရံတစ်ခုလုံး ပြည့်လု မတတ်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

ညှို့သည်တိုင်းက သည်ဓာတ်ပုံကြီးကို ငေးမောအံ့သြ အားကျစမြဲပါ။ သို့ပေမယ့် ကိုသိမ်းပိုက်ကြည့်နေပုံက ငေးငေးအေး အေးကြီး။

ခေါင်းထဲမှာ အတွေးများစွာနှင့်။

သူဘာတွေစဉ်းစားနေပါလိမ့်။

သူနှင့် နွယ်တံခွန် တစ်ကြိမ်သာ ဆုံဖူးသေးသည်။ အခု တွေ့မှ နှစ်ကြိမ်ပါ။

သူရော နွယ်တံခွန်လို ရင်းနှီးနေသလိုလို သိကျွမ်းဖူး သလိုလို ခံစားရသလား။

နွယ်တံခွန်ကတော့ ညကမက်ခဲ့သော အိပ်မက်ရှည်ကြောင့် ရင်ထဲမှာ တစ်မျိုးကြီးကြေကွဲနေမိသည်။

ဘာလို့ သည်လိုအိပ်မက်ကို ပြက်ပြက်ထင်ထင် မြင်မက် မိသလဲဆိုတာ တွေးလို့မရ နားမလည်။ ချောက်ချားတုန်လှုပ်စရာ စိတ်ပျက်စရာ အားငယ်စရာ အိပ်မက်ကြောင့် သည်မနက်မှာ ရင်ထဲ နာကျင်ကျင်ဖြစ်နေတာလည်း အမှန်ပါ။





နွယ်တံခွန်က ချက်ချင်းပဲ ဆုံးဖြတ်ကာ လှေကားအတိုင်း ပြန်တက်ဖို့ပြင်သည်။

"မနွယ်တံခွန်"

သူခေါ်သံကြောင့် ဖျတ်ခနဲ လှည့်ကြည့်မိ၏။

သူနှင့် မျက်လုံးချင်းတည့်တည့် ဆုံမိသည်။

သူက နှစ်လိုဖွယ်ရာကောင်းသော အပြုံးကို ကြည်လင်စွာ ပြုံးရင်း ...

"ညှို့သည်လာလို့ ရှောင်ပြေးတာလား"ဟု ရင်းရင်းနှီး နှီးစသည်။ နွယ်တံခွန်က နှုတ်ခမ်းလေးစေ့ကာ တစ်ခုခုပြန်ပြောဖို့ တုံ့ဆိုင်းနေမိ၏။

သူ့အသံဟာ အိပ်မက်ထဲက အသံအတိုင်းပါပဲလား။

"ဟော...နွယ်တံခွန်လေး နိုးပြီလား၊ လာလေ"

မောင်က ထမင်းစားခန်းဘက်က ထွက်လာပြီး ခေါ်၏။ သည်တော့မှ နွယ်တံခွန် တောက်ပစွာပြုံးသည်။

"မင်းမိန်းမက ညှို့သည်တွေ့ကာနဲ့ ပြန်ပြေးချင်တာကွ၊



www.burmeseclassic.com

www.burmeseclassic.com

မလွယ်ဘူး''ဟုသူက မောင့်ကို တိုင်သည်။

''ကိုကို''

အသံစာစာညက်ညက်ကလေးနှင့် ကောင်မလေး တစ်ယောက်။ တဖျတ်ဖျတ်လျှောက်လာပြီး သိမ်းပိုက်၏လက်မောင်းကို ပိုင်ပိုင်တွဲချိတ်သည်။

ကောင်မလေးက သွက်လက်ချက်ချာပြီး ချစ်စရာကောင်းသည်။

''ဟယ်...ဓာတ်ပုံကြီးက အကြီးကြီးပဲ''

နဒီပြာလဲ့ကြည်က ဓာတ်ပုံကြီးကိုကြည့်ပြီး ခုန်ဆွခုန်ဆွနှင့် အံ့ဩပျော်ရွှင်သွားလိုက်တာ ကလေးငယ်တစ်ဦးလို။

''ဒီလိုပုံကြီး ရိုက်ချင်လိုက်တာ''

''ကိုကိုလည်း အဲဒါပဲကြည့်နေတာ''

''ရိုက်မယ်နော် ကိုကို''

''အင်း''

သိမ်းပိုက်က သူ့ကောင်မလေးကို ငုံ့ကြည့်ကာ ခေါင်းညိတ်





၏။

ထိုမြင်ကွင်းက နှယ်တံခွန်စိတ်ကို တစ်ဝက်လောက် ပေါ့ပါးသွားစေသည်။

သူ့မှာ ခိုင်ခိုင်မာမာ ချစ်သူကလေးနှင့်ပါလား။

သူ့ချစ်သူကလေးက လှသည်။ နူးညံ့သည်။ သွက်လက်သည်။ အပြစ်ပြောစရာ ဘာမှမရှိ။

''နှယ်တံခွန်နဲ့ မိတ်ဆက်ပေးဦးလေ''

မောင်က ဆိုပါသည်။ သိမ်းပိုက်ကပြုံးပြီး

''ဟုတ်သားပဲ...နဒီ ဒါက ကိုဘုန်းပြည့်ရဲ့ဇနီးချော မနှယ်တံခွန်တဲ့၊ ဒါက ကျွန်တော့်ဇနီးလောင်း နဒီပြာလဲ့ကြည်ပါ''

ကောင်မလေးက နှယ်တံခွန်ကို ကြည့်ကာ...

''မမက သိပ်လှတာပဲ''ဟု ဆိုလာ၏။

နှယ်တံခွန်က ဖွဖွပြုံးသည်။

''ကိုဘုန်းပြည့်ကြီးက ကံကောင်းလိုက်တာ၊ မမနှယ်တံခွန်က သိပ်လှတာပဲနော်၊ အရုမ်းပြီးပြည့်စုံတယ်''



www.burmeseclassic.com

www.burmeseclassic.com



သည်စကားကြောင့် ဖြုန်းခနဲ လန့်မိသလိုပါ။

သူများတွေ အရမ်းမချိုးမွမ်းစေချင် အားမကျစေချင်။

အဲဒီလို အားကျအထင်ကြီးလျှင် တစ်ခုခုဖြစ်မှာစိုးရိမ်လို့ပါ။

"လာလေ…ဒီမှာထိုင်ဦးနော်၊ ညီမလေးကလည်း သိပ်လှတာပဲ၊ တကယ်၊ ခဏနော်၊ ကော်ဖီဖျော်ဦးမယ်"

နှယ်တံခွန်က နဒီပြာလဲ့ကြည်၏ လက်ဖျားကလေးကို တရင်းတနှီးဆွဲခေါ်သည်။

သိမ်းပိုက်နှင့် ဘုန်းပြည့်က တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ကျေနပ်သွား၏။

သူတို့က နှယ်တံခွန်နှင့် နဒီကို ရင်းနှီးစေချင်တာပါ။

အခုတော့ ဆန္ဒပြည့်ပြီ။သူတို့က မြင်မြင်ချင်း ခင်မင်သွားကြပြီ မဟုတ်လား။

"အတူတူပျော်မယ်လေ"

"ကောင်းသားပဲ"





"နဒီက စည့်သည်လို ထိုင်မနေချင်ပါဘူး၊ မနှယ်တံခွန်ကို ဝိုင်းကူပါ့မယ်"

"အင်း"

ထမင်းစားခန်းထဲကနေ ခိုးခိုးခစ်ခစ်အသံလေးတွေ ထွက်လာတာကို သူငယ်ချင်းနှစ်ယောက် ပြုံးကာ အလုပ်ကိစ္စ ဆွေးနွေးတိုင်ပင်ကြသည်။

ဘုန်းပြည့်က သိမ်းပိုက်ကို နှယ်တံခွန် မလိုလားမှာ စိုးရိမ်နေခဲ့ရတာပါ။

"နဒီနဲ့ နှယ်တံခွန် ခင်သွားရင်ကောင်းမယ်"

"အေးပါ၊ ငါ နဒီကို မကြာမကြာ ခေါ်လာခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com

မောင်က လိုက်ခဲ့ပါဆိုလို့သာ မငြင်းဘဲပါလာခဲ့တာ။ နဒီကလည်း မရမက ဖွတ်ခေါ်သည်။

နွယ်တံခွန်နှင့် နဒီကလည်း ရင်းနှီးခင်မင်နေပါပြီ။

သို့ကြောင့် မငြင်းချင်။

လေးယောက်သား အပြင်ထွက်မုန့်စားသည်။ ဈေးခဏဝင်သည်။

ပြန်ခါနီးမှာ မောင့်ကြီးကြီးက မောင့်ကို ဖုန်းဆက်လာ၏။ မောင်က ဖုန်းပြောပြီး…

"နွယ်တံခွန်…မောင် ကြီးကြီးဆီ ခဏဝင်ရမယ်"

"အင်း…ဝင်လေ"

မောင့်ကြီးကြီးတို့ တိုက်ရှေ့ရောက်သောအခါ နွယ်ဘံခွန်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



က ခြောက်လှာတက်ရမှာမို့ ကားထဲထိုင်နေရစ်သည်။ ကိုသိမ်းပိုက်နှင့် နဒီက စကားပြောနေတာမို့ သူတို့ကိုလည်း အနှောင့်အယှက်မပေးချင်ဘဲ အပြင်ထွက်ရပ် ရပ်နေမိ၏။

ခဏကြာတော့ ကိုသိမ်းပိုက်က ကားထဲက ထွက်လာပြီး နှယ်တံခွန်ကို လာခေါ်သည်။

"လာလေ…ကားထဲမှာထိုင်၊ ရပါတယ်၊ ကျွန်တော်တို့ကို အားနာလို့လား"

"မဟုတ်ပါဘူး"

နဒီကလည်း နှယ်တံခွန် လှမ်းခေါ်ပါသည်။

"မမလာလေ"တဲ့။

နှယ်တံခွန်က အားတုံ့အားနာပြုံးလေးနှင့် ချီတုံချတုံရှိနေခိုက် လုံးဝမထင်မှတ်သော ကိစ္စတစ်ခုကို ကြုံတွေ့ရင်ဆိုင်ရ၏။ တိုက်လှေခါးတစ်လျှောက် တပ်ထားသော မှန်တွေထဲက မှန်တစ်ချပ်သည် အောက်ကို ချွမ်းခနဲ မြည်ကွဲကာ ပြုတ်ကျလာ၏။

ကျလာချိန်က အရမ်းမြန်ဆန်သည်။





ရှောင်ချိန်မရ။ သို့သော် သိမ်းပိုက်က လျင်မြန်လှန်းစွာနှင့် နှယ်တံခွန်ကို ဆွဲဖယ်တွန်းပစ်လိုက်၏။

"အမယ်လေး"

အမြင့်မှပြုတ်ကျလာသော မှန်ချပ်က သိမ်းပိုက်လက်ဖျံကို စိုက်ပြီးမှ အောက်ကို ချလွမ်းခနဲ ကျကွဲသွား၏။ မှန်ကွဲစများက သိမ်းပိုက်ခြေထောက်ကို စင်ကုန်၏။ နှယ်တံခွန်က သူတွန်းပစ်လိုက်တာမို့ ခပ်လှမ်းလှမ်းကို ဟန်မကျယန်မကျ လဲပြိုမတတ် ယိုင်ထိုးကာ ရောက်သွား၏။

"အား"

သူ့လက်ဖျံမှာ မှန်စစိုက်ဝင်သွားတာမို့ သွေးတွေရဲခနဲထွက်လာ၏။

"ကိုကို…ကိုကို"

နဒီပြာလဲ့ကြည်က စိုးရိမ်တကြီး အော်ကာ ကားထဲကဆင်းလိုက်၏။ နှယ်တံခွန်က ပြူးကျယ်သော မျက်လုံးများနှင့် သဘိလက်လွှတ် ကြည့်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"နဒီ မလာနဲ့ မှန်ကွဲစတွေ စူးမယ်"

သိမ်းပိုက်က သတိပေးသည်။

ဘုန်းပြည့်က ပေ့ကားမှ ဆင်းလာ၏။

"ဟာ…ဘယ်လိုဖြစ်တာလဲ"

အနီးအနားကလည်း ဝိုင်းအုံကြည့်လာ၏။

"သိမ်းပိုက်"

ဘုန်းပြည့်က သိမ်းပိုက်ကို ချက်ချင်းဆွဲခေါ်သည်။

"ကားပေါ်တက်လေ၊ ဆေးခန်းသွားမယ်၊ ဘာလုပ်နေတာလဲ၊ သွေးတွေအများကြီးပဲ"

မတော်တဆကျကွဲတာလား။ တစ်စုံတစ်ဦးကြောင့် ပြုတ်ကျလာတာလားမသိ။

တစ်ယောက်ယောက်ကြောင့် ကျခဲ့ရင်လည်း ဝန်ခံမှာမဟုတ်။ မြင်တာမှမဟုတ်ဘဲ။

တော်သေးတာက နှယ်တံခွန်ကို ဘုရားမသည်။ မှန်ချပ်က နှယ်တံခွန်ဆီ တည့်တည့်ပြုတ်ကျလာတာ။

BURMESE CLASSIC .com





သိမ်းပိုက်က လျှင်မြန်စွာ ကယ်လိုက်လို့သာ။

ကျေးဇူးတင်သော အားနာသော မျက်လုံးများနှင့် သိမ်းပိုက်ကို ကြည့်မိ၏။

"လာလေ နှယ်တံခွန်၊ ကားပေါ်တက်၊ သွားမယ်"

မောင်က နှယ်တံခွန်၏ လက်ဖျားကလေးကို လာဆွဲခေါ်၏။ နှယ်တံခွန်ကို တွန်းဖယ်ရင်း ဖြစ်သွားတာမှန်း မောင်မသိ။ သူ့သူငယ်ချင်းကို စိတ်ပူကာနေ၏။

"မောင် ကိုသိမ်းပိုက် အချိန်မှီမကယ်ရင် နှယ်တံခွန့်အပေါ် တည့်တည့်ပြုတ်ကျမှာ အမယ်လေး ကြောက်စရာကြီး ရင်တုန်လိုက်တာ"

နှယ်တံခွန်၏ လက်ဖျားကလေး အေးစက်စေးထန်းနေတာမို့ မောင်က "ဘာမှမဖြစ်တော့ဘူး"ဟု အားပေးနှစ်သိမ့်၏။

နဒီက ကိုသိမ်းပိုက်လက်ကို ကြည့်ကာ မျက်ရည်တွေပင် လည်နေခဲ့ပြီ။

"ဘာမှမဖြစ်ပါဘူးကွာ၊ ဒါလေးထိတာများ"



www.burmeseclassic.com

www.burmeseclassic.com



သိမ်းပိုက်က ပြန်နှစ်သိမ့်နေရသည်။

"မငိုပါနဲ့ ကိုကို ဘာမှမဖြစ်ဘူး"

နဒီဆံပင်လေးကို သပ်ကာ သိမ်းပိုက်ကဆို၏။

နွယ်တံခွန်က သူတို့ကို မသိမသာလှည့်ကြည့်မိ၏။ မောင်က ကားမောင်းနေသည်မို့ လှည့်မကြည့်နိုင်။

သိမ်းပိုက်က နွယ်တံခွန်ကိုကြည့်ကာ အေးချမ်းသော အပြုံးတစ်ခုကို ပြုံးပြ၏။

ထိုအပြုံးသည် နွယ်တံခွန်မက်ခဲ့သော အိပ်မက်ဆိုးတစ်ခုလုံးကို ကော်ရယ်ရှင်ပဲင်န်နှင့် ဖျက်ပစ်လိုက်သလို ပျောက်ပြယ်လွင့်သွားစေတော့သည်။

ပန်းသီနိုင်



www.burmeseclassic.com